www.burmeseclassic.com

လူငယ်စာရေးဆရာ

# မင်းတခေတ်

Min Ta Khit

# အိန်ဂျယ်(လ်)စတိုရီ

## Angel Story

Strange Love Romance Story




BURMESE CLASSIC

GRAPHIC DESIGN
THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

M i n T a K h i t

လူငယ် စာရေးဆရာ

# မင်းတခေတ်

BURMESE CLASSIC

## ANGEL STORY

STRANGE LOVE ROMANCE STORY

# အိန်ဂျယ်(လ်)ဝတ္ထု

(လုံး ချင်း ဝ တ္ထု သစ်)

www.burmeseclassic.com

www.burmeseclassic.com



# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ်(၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရင် (မြ-၁၀၀၉၈)
(ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၁၄ ခုနှစ်၊ မေလ။

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၀၀ ကျပ်

ဖြန့်ချိရေး - ဖိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄

၈၉၅.၈၃
မင်းတခေတ်
အိန်ဂျယ်(လ်)စတိုရီ/မင်းတခေတ်၊ ရန်ကုန်။
ရဲအောင်စာပေ၊ ၂၀၁၄။
(၁၇၅)စာ၊ ၁၃ စင်တီမီတာ × ၂၀.၇ စင်တီမီတာ
(၁) အိန်ဂျယ်(လ်)စတိုရီ

ဖိုးလပြည့်စာပေ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



Don't let the behavior of others
destroy your inner peace.

Dalai Lama

OPENING ...



www.burmeseclassic.com

www.burmeseclassic.com

## Scene (1)

အအေးဆိုင် တစ်ဆိုင်ထဲတွင် ဖြစ်သည်။

အသက်(၂၀)ဝန်းကျင် လူငယ်(၃)ယောက် စားပွဲတစ်လုံးတွင် ထိုင်ရင်း ရောက်တက်ရာရာ ဝါကျအချို့ကို ပြုံးရွှင်စွာ ပြောဆိုနေကြသည်။

ပြောဆိုဝိုင်းဖွဲ့နေကြသည်ဆိုသော်ငြားလည်း ထိုလူငယ်(၃)ယောက်ထဲမှ တစ်ဦးဟည်းသော မိန်းကလေးကသာ ထိုစကားဝိုင်းကို ဦးဆောင်စိုးမိုးထားပါသည်။

ယောကျ်ားလေးနှစ်ယောက်ကတော့ အအေးပုလင်းကိုယ်စီကို တစ်ငုံစုပ်လိုက် ထိုမိန်းကလေးပြောဆိုသမျှကို ခေါင်းငုံ့ထောက်ခံပေးလိုက်၊ မျက်လုံးကလေးပြူးပြီး အံ့သြပြလိုက်နှင့်သာ ရှိနေကြ၏။

"နောက်ဆုံးမှာတော့ အဲဒီအရိုးပျော့ရောဂါသည် ပိုလီယိုသမားလေးက သူ့ရဲ့ကြိုးစားအားထုတ်မှု၊ စိတ်ရှည်ဇွဲသန်ပြီး စိတ်ဓာတ်ပြင်းပြမှုတွေကြောင့် ဂျိုဆောင်ပြည်ရဲ့ အကောင်းဆုံး၊ အတော်ဆုံး ဓားသမားတစ်ယောက်ဖြစ်လာခဲ့တယ်ဟ ..."

"ဟာ!"

"မိုက်တယ်ကွာ ..."

ကောင်မလေးရဲ့စကားအဆုံးမှာ ကောင်လေးနှစ်ယောက်က အထက်ပါအတိုင်း ဟာမိုနီလိုက်ပေးနေ၏။ ကောင်မလေးကပြောပြီး အာခြောက်သွား



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဖြင့် စားပွဲပေါ်က အအေးခွက်ကို မက်မက်စက်စက် မော့သောက်ပစ်လိုက်သည်။ ပြီး ... သူမ လက်သေးသေးကလေးမှာ အလှဝတ်ဆင်ထားသည့် Fancy နာရီသေးသေးလေးကို တစ်ချက်ငုံ့ကြည့်လိုက်ပြီး ...

"အိုး ဆယ်နာရီထိုးတော့မှာပဲလား" ဟု တီးတိုးရွတ်ဆိုနေ၏။ နောက် သူမ လွယ်အိတ်သေးသေးလေးအတွင်းမှ တစ်စုံတစ်ခုကို ရှာဖွေနေလေ၏။

"မေသူ ... ဆက်ပြောလေဟာ ... ဘာတွေလုပ်နေတာလဲ"

"ဟုတ်တယ် ... ဒီမှာ ဇာတ်ရှိန်က တက်နေပြီနော် ... မေသူ အစုတ်ပလုတ်မ နင် မညစ်နဲ့ ... ဆက်ပြော ... အဲဒါနဲ့ဘတ်ဒ့်ဆိုးက ဘာဆက်လုပ်ဦးမှာလဲ ... "

ကောင်လေးနှစ်ယောက်၏ ဝါကျနှစ်ခု အပြီးမှာတော့ သူမရှာဖွေနေသော ပစ္စည်းက သူမလက်ထဲမှာ အသင့်ရောက်နေချေပြီ။

တခြားတော့မဟုတ် ... လက်ကိုင်ဖုန်းတစ်လုံးသာ ဖြစ်သည်။ သူမက အမေးဝါကျတွေကို ချက်ချင်းပြန်မဖြေသေးဘဲ Touch Screen ပေါ်မှ icon တွေကို ဟိုပွတ်ဒီပွတ် အရင်လုပ်နေသေး၏။ ပြီးမှ ...

"သိုင်းသမားဘတ်ဒ့်ဆိုးဇာတ်လမ်းကို ငါနောက်နေ့မှ ဆက်ပြောမယ်ဟာ ... အခု ဆယ်နာရီထိုးတော့မယ်ဟ!" ဟု ဆိုကာ သူမက သူမလွယ်အိတ်သေးသေးလေးထဲကို နောက်တစ်ကြိမ် ဟိုရှာဒီရှာ လုပ်နေပြန်ပါသည်။

"မေသူ ... နင် မညစ်နဲ့နော်၊ ငါတို့ နင့်ကို အအေးလည်းတိုက်ထားတယ်နော် ... ပြော ... ဇာတ်လမ်းကို ဆက်ပြော ... "

"ဟုတ်တယ် ... ကောင်းခန်းကိုရောက်နေပြီ ဆက်ပြော ... "

သူမက သက်ပြင်းတစ်ချက်ကို ခပ်ဖွဖွချပြီး ထိုနှစ်ကောင်သားကို ဘုရှိုးလိုက်၏။ နောက် ... လွယ်အိတ်ထဲက ear phone (နားကျပ်)လေးကို သူမ ဖုန်းမှာ ချိတ်ဆက်လိုက်ပြီး ...

"ညက ငါလည်း အဲဒီအထိပဲကြည့်လိုက်ရတာဟ ... မြဝတီက မျက်ထိုက် ... မီးက ပျက်လိုက်နဲ့ ဇာတ်လမ်းက ဟိုရောက်ဒီရောက်ဖြစ်နေတာ၊ နင်တို့ကို ငါမနည်းဆက်စပ်ပြီး ပြောပြနေရတာ ... နေဦး ... နောက်ရက်မှ အမ်းဘောခွေဆိုင်တွေထဲက အဲဒီအခွေ ရှာဝယ်ပြီး ကြည့်လိုက်ဦးမယ်"

သူမ စကားအဆုံးမှာ နှစ်ကောင်သား မှိုင်သွားကြသည်။ သူ့ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ပွစိ ပွစိ လုပ်နေကြပါသေးသည်။ အကျယ်အကျယ်တော့ မပြောရဲ။

သူမကတော့ earphone ကို နားမှာ ကျကျနနတပ်ပြီး ဟိုပွတ်ဒီပွတ် လုပ်နေလေ၏။ အတော်ကြာတော့မှ တစ်ယောက်က သူမကိုပြောလာ၏။

"နေစမ်းပါဦး မေသူရဲ့ ... နင်က ဆယ်နာရီမှာ ဘာလုပ်ရမှာမို့လဲ၊ ဘယ်သူနဲ့ချိန်းထားတာရှိလဲ ... ငါသိသလောက် နင့်မှာချိန်းတွေ့ရမယ့် ရည်းစားတွေ ဘာတွေလည်း မရှိပါဘူး ... "

"အေးလေ ... သီချင်းနားထောင်ချင်တာများ အိမ်မှာနားထောင်လည်း ရရဲ့သားနဲ့ ... "

သူမက ဘုမသိ ဘမသိ ဝင်ပြောသည့် ထိုနှစ်ယောက်ကို အထင်သေးသလို တစ်ချက်ကြည့်လိုက်ပြီး ...

"ဒီမှာ မသိဘဲနဲ့ဘာတွေပြောနေတာလဲ" ဟု မာဆတ်ဆတ် ပြန်ပြောလိုက်၏။

"အေးလေ ... မသိလို့မေးနေတာပေါ့ ... နင် ရုတ်တရက်ကြီး ဖုန်းတစ်လုံးနဲ့ဘာတွေ ထအလုပ်ရှုပ်နေတာလဲ"

"ဟုတ်တယ် ... "

"FM နားထောင်မလို့ ... "

"ဟမ် ... "

" ... "

ရုတ်တရက်မို့ နှစ်ယောက်သား နားမလည်ဖြစ်သွားကြပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။ ပြီး ... သူမကို ပြန်ငေးကြည့်ပြီး ပြိုင်တူဆိုသလို ပြန်မေးလိုက်ကြသည်။

" (ဘာ FM လဲ??)၂ "

"Angel FM"

"ဟင်!!"

" ... "

သူမ စကားအဆုံးမှာ နှစ်ယောက်သား မျက်မှောင်ကုတ်သွားကြသည်။ တစ်ယောက်မျက်နှာကို တစ်ယောက်လည်း နောက်တစ်ကြိမ် ကြည့်မိကြပြန်ပါသည်။ နောက် ... နှစ်ယောက်သား တီးတိုးရေရွတ်နေကြပြန်၏။ မျက်နှာပေါ်မှာတော့ နားမလည်နိုင်မှုတို့က အထင်းသား။



www.burmeseclassic.com

www.burmeseclassic.com



"အိန်ဂျယ်လ် အက်ဖ်အမ် ..."
" ... "
"ဟုတ်တယ် ... အိန်ဂျယ်လ်အက်ဖ်အမ် ..."
"ဘာလဲ အိန်ဂျယ်လ်အက်ဖ်အမ် ..."
"အိန်ဂျယ်လ်အက်ဖ်အမ်ပါဆိုမှ ... နတ်သမီး အက်ဖ်အမ်ပေါ့ဟ ..."
သူမက အထက်ပါအတိုင်း ခပ်ရွှဲရွှဲ ပြန်ဖြေတော့ ...
"ဟ ... ဒါတော့ ငါတို့လည်း သိတာပေါ့ ..."
"အေးလေ ... ငါတို့မေးတာက အဲဒါက ဘာFM လိုင်းလဲလို့မေးတာ"
အမေးစကားအဆုံးမှာ သူမက ထိုနှစ်ယောက်မျက်နှာကို စေ့စေ့ကြည့်ပြီး ...
"နင်တို့ ငါ့ကို နောက်နေတာလား" ဟု မေးလိုက်၏။
"ငါတို့က နင့်ကို ဘာနောက်ရမှာလဲဟ!"
"အေးလေ ... မေသူ နင် ဒီနေ့ဘာဖြစ်နေတာလဲ၊ နင့်ပါးစပ်က ထွက်လာသမျှစကားတွေက အထူးအဆန်းတွေချည်းပါလား"
သူမက ကောင်လေးနှစ်ယောက် မျက်နှာကို အသေအချာတစ်လှည့်စီကြည့်၏။ (မသိရင် ... သူခိုးနှစ်ယောက်ကို ရိုက်စစ်နေသလို အထာမျိုး) ယောက်ာစရာ မတွေ့ရ။
"ဟဲ့ ... နင်တို့တွေ တကယ်ပဲ Angle FM ကို မသိကြဘူးပေါ့"
"အင်း"
"အေး"
နှစ်ယောက်စလုံးက ရုပ်ရှောအသံပါ အဖြေပေးတော့ သူမက ခေါင်းအရမ်းရမ်းနှင့်။
"နင်တို့တွေ ခေတ်လူငယ်တွေဖြစ်ပြီး တော်တော်တုံးကြတာပဲ" ဟု အရာမကြီး အထာနှင့် ပြော၏။
"နင်ပြောလည်း ခံရုံပဲ ... ငါတို့ တကယ် Angel FM ကို မသိဘူး"
"ဒီလောက် နာမည်ကြီးနေတဲ့ FM ကိုတောင် မသိကြတာတော့ ငါ တကယ် အံ့သြတယ်"
"ကဲပါ မေသူရာ ... ပြောမှာသာပြောစမ်းပါ၊ အဲဒီ FM က ဘာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမျိုးလဲ ...”

“Angel FM က အသစ်တော့အသစ်ဟ ... ဒီနှစ်ထဲမှ စလွှင့်တာ ဒါပေမဲ့ အချိန်တိုလေးအတွင်းမှာ အရမ်းနာမည်ကြီးပြီး အရမ်းအောင်မြင်လာတာ ... အထူးသဖြင့် လူငယ်တွေကြားမှာ ဒီFMက ပိုရေပန်းစားတယ်”

နှစ်ယောက်သား သူမပြောသမျှကို စိတ်ဝင်တစား နားထောင်နေကြပြီး ...

“ဒီFMက ဘာတွေရေပန်းစားပြီး ဘာတွေနာမည်ကြီးနေတာလဲ မေသူ ... ”ဟု ဖြတ်မေး၏။

“လူငယ်တွေကြားမှာ ဒီFM က ဘာတွေနာမည်ကြီးပြီး ဘာတွေ ရေပန်းစားလဲဆိုတော့ဟာ ... Story ကဏ္ဍဟ ... ”

“ပုံပြင်လား”

“အေး၊ တခြားအစီအစဉ်တွေကတော့ တခြားFM တွေလိုပါပဲ ... အဲဒီအထဲမှာ လူအကြိုက်အများဆုံးနဲ့ အအောင်မြင်ဆုံးကတော့ Angel FM ရဲ့ အထူးကဏ္ဍဖြစ်တဲ့ Story FM အစီအစဉ်ပဲ ... ”

“ပုံပြင် နားထောင်ချင်တာများ မေသူရာ ... စာအုပ်တွေ ... ”

“နင် ... ဘာမှ ဂဃနဏ မသိသေးဘဲ ဖြတ်မပြောနဲ့ ... ”

စကားမဆုံးသေးခင် သူမက ပိတ်ပြောလိုက်သည်ကြောင့် နှစ်ယောက်သား တိတ်သွားကြသည်။

ပြီးမှ သူမက ဆက်ပြောပြ၏။

“ပုံပြင်ဆိုပေမယ့် နင်တို့ငါတို့ ကြားဖူးနေကျ အပေါစားပုံပြင်တွေလိုမျိုး မဟုတ်ဘူးဟ ... အချစ်ပုံပြင် ထူးထူးဆန်းဆန်းလေးတွေ ... လုံးဝ Own Story အသစ်တွေချည်းပဲ ... ပုံပြင်ထဲက ဒိုင်ယာလော့တွေကလည်း အမိုက်စားတွေ ... ပြီးတော့ သင်ခန်းယူစရာတွေလည်းပါတယ် ... တွေးခေါ်စရာတွေလည်းပါတယ် ... နောက်ပြီး တစ်ပတ်ကိုတစ်ခါ ထူးထူးခြားခြား နတ်သမီးပုံပြင်လေးတွေလည်း လွှင့်သေးတယ် ... နတ်သမီး အချစ်ဇာတ်လမ်းလေးတွေပေါ့၊ ဒီနေ့က နတ်သမီးပုံပြင်အသစ် လွှင့်မယ့်နေ့လေ ... ”

“ဪ ... အဲဒါကြောင့် နင်က Handset နဲ့ FM နားထောင်တော့မယ် ဆိုပါတော့ ... ”



www.burmeseclassic.com

www.burmeseclassic.com



"Right ! ... ဒါက ငါ့ ခရေစီတစ်ခုပဲလေ ... "

သူမက မချိုမချဉ်ပြောတော့ နှစ်ယောက်သား ခေါင်းတညိတ်ညိတ်လုပ်နေကြ၏။ သူမက ...

"အထင်တော့ မသေးနဲ့နော် ... အဲဒီ FM ကလွှင့်တဲ့ Story တွေကို ရုပ်ရှင်ထုတ်လုပ်ရေးတစ်ခုက အကုန်ဝယ်ပြီး Series လိုက် ဗီဒီယိုရိုက်တော့မှာတဲ့နော် ... နင်တို့လည်း တစ်ခါလောက် နားထောင်ကြည့်လိုက်ဦး၊ စွဲသွားစေရမယ် ... အဲဒီပုံပြင်ပြောတဲ့လူရဲ့ အသံကလည်း အရမ်းစွဲဆောင်မှုရှိတယ်၊ ပုံပြောသူ ယောက်မှာ ရှိသင့်တဲ့ အရည်အချင်းအပြည့်ရှိတယ် ... ငါတောင် အဲဒီအသံလေးကို ကြွေနေတာ ... "

"ရောဂါ ... ရောဂါ ... "

သူမက နားကျပ်ကလေးကို အသေအချာတပ်ပြီး Screen ပေါ်က ဆိုင်းတွေကို ဟိုရွှေ့ဒီရွှေ့လုပ်ပြီး ရှာနေ၏။ ခဏနေတော့ ...

"အယ် ... လာတော့မယ် ... ဒီကြော်ငြာတွေပြီးရင် Story FM လာတော့မှာ ... နင်တို့ရော နားထောင်ကြည့်ပါလား၊ အပေါ်စားဇာတ်လမ်းတွေကို တခမ်းတနား ရုံတင်ပြနေတဲ့ ဇာတ်ကားတွေကို အချိန်ကုန်ငွေကုန်ခံပြီး ကြည့်နေမယ့်အစားတော့ ဒီ FM က ပုံပြင်လေးတွေကိုပဲ နားထောင်ခံစားတာ အမှ အကျိုးရှိဦးမယ် ... "

"ဟုတ်ပါပြီ မေသူရာ ... "

"Spreaker ဖွင့်လိုက်လေဟာ ... ငါတို့လည်း နားထောင်လို့ရအောင်"

"အဟီး ... ဟုတ်သားပဲ ... ငါဖွင့်ပြီးပြီ မှတ်နေတာ ... "

သူမက စပီကာဖွင့်ပေးပြီး Handset လေးကို စားပွဲပေါ်သို့ တင်ပေးလိုက်၏။

"အားလုံးပဲ မင်္ဂလာပါခင်ဗျာ×××Angel FM ရဲ့ Story FM အစီအစဉ်လေးကနေ နှုတ်ခွန်းဆက်သလိုက်ပါတယ်×××ဒီနေ့မှာတော့ နတ်သမီးပုံပြင်အသစ်တစ်ပုဒ်ကို ထုတ်လွှင့်ပေးမှာ ဖြစ်ပါတယ်ခင်ဗျာ×××"

" "

"... "

...



www.burmeseclassic.com

www.burmeseclassic.com



လှုယ်လေး(၃)ယောက်တို့သည် FM လိုင်းတစ်ခု၏ သိမ်းသွင်းမှုအောက်တွင် ပိရိသေသပ်စွာ စီးမျောသွားကြပြီ ဖြစ်လေတော့၏။ ။



www.burmeseclassic.com

www.burmeseclassic.com

# Scene (2)

"နောက်ဆုံး အဲဒီဥစ္စာစောင့်မလေးက ဘာဖြစ်သွားလဲ လင်းခက်"

အဒေါ်ဖြစ်သူ ဒေါ်ပွင့်ခက်ရဲ့စကားအဆုံးမှာ တူဖြစ်သူ လင်းခက်က ညစ်ကျယ်ကျယ် တစ်ချက်ပြုံးပြီး ...

"အန်တီပဲ ... နားမထောင်ချင်ပါဘူးဆို ... ခု ဘယ်လိုဖြစ်ရတာလဲ အန်တီရဲ့ ..."

"နင်ပဲ ရွာတစ်ရွာမှာ တကယ်ဖြစ်ခဲ့တဲ့ ဇာတ်လမ်းဆို ..."

"ဟုတ်တယ်လေ ..."

"အေးလေ ... အဲဒီတော့ ငါလည်းနားထောင်ရင်း နားထောင်ရင်းနဲ့ ဇာတ်လမ်းလေးကို စိတ်ဝင်စားလာတာပေါ့ဟ ... ခုမှ နင် ညစ်ပတ်မနေနဲ့ လင်းခက် ... ဆုံးအောင် ဆက်ပြောပြ ..."

အဒေါ်ဖြစ်သူက ဖောင်းမို့နေသော ပါးစောင်ကြီးတွေကို နှုတ်ခမ်းရှုံ့ပြီး ပြောပြနေသည်ကြောင့် ပစ်တိုင်းထောင်အရုပ်နှင့်ပင် တူနေသေး၏။

လင်းခက်က အဒေါ်ဖြစ်သူ မျက်နှာကို တစ်ချက်ကြည့်ပြီး သဘောတကျ ရယ်နေလိုက်သေးသည်။ ပြီးမှ ...

"ဟုတ်ပါပြီ အန်တီရယ် ... အဲဒီဥစ္စာစောင့်မလေးက နောက်ဆုံးကျတော့ သူ့သိုက်နန်းက ဘိုးဘိုးကြီးက လူ့လောကနဲ့မအပ်စပ်ဘူးဆိုပြီး ပြန်ခေါ်သွားတာပေါ့ အန်တီရာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဒါဆိုရင်တော့ ကောင်လေး သနားပါတယ်နော်"

ဒေါ်ပွင့်ခက် မျက်နှာက ချက်ချင်းဆိုသလို ညှိုးကျသွားသည်။ မကြာခင်မှာ ဒေါ်ပွင့်ခက် မျက်ရည်တွေစီးကျလာတော့မည်ကို ရိပ်မိသည့်လင်းခက်က ချက်ချင်း သူ့ဇာတ်လမ်းအကြောင်းကို ဝန်ခံပစ်လိုက်ရ၏။

"ကဲ ... ထားလိုက်ပါတော့ အန်တီရယ် ... အဲဒီဇာတ်လမ်းက ဘာဖြစ်ရပ်မှန်မှ မဟုတ်ပါဘူးဗျာ ... ကျွန်တော် FM မှာ အသစ်လွှင့်မယ့် ကျွန်တော့်ရဲ့ စိတ်ကူးယဉ် ပုံပြင်အသစ်လေးပါ ... အရမ်းကြီး ခံစားမနေနဲ့ဦး ... "

"ဟင်! ... ဒါဆို ... ဒီတစ်ခါလည်း ငါအညာခံထိပြန်ပြီပေါ့၊ ဟုတ်လား လင်းခက် ... "

လင်းခက်က စပ်ဖြဲဖြဲနှင့်ခေါင်းညိတ်ပြတော့ ဒေါ်ပွင့်ခက်က သူ့ဝမိုင့်ဗိုင့် ခန္ဓာကိုယ်ကြီးကို မနည်းအားယူထပြီး လင်းခက်ကို ထုရန် ထလာ၏။

သငှာဘပေါက်လွယ်သည့် လင်းခက်ကလည်း ချက်ချင်း ထပြေးသည်။

"နင် မပြေးနဲ့ လင်းခက် ... ငါ့မှာတော့ အဟုတ်မှတ်လို့ ဆိုင်သွားမယ့် ဟာတောင် နောက်ကျခံပြီး နားထောင်ပေးနေရတာ ... နင် မိလို့ကတော့ အသေပဲ ... "

"ဒါကတော့ အန်တီလေး 'နားထောင်နေလို့ ပြောပြနေတာပဲလေ"

"ဟုတ်ပါတယ် ငါ့အမှားပါ ... ငါကိုယ်က အမှတ်မရှိတာ၊ နင် လုပ်ကြံပြောသမျှ ပုံပြင်ဇာတ်လမ်းတွေကိုနားထောင်ပြီး ယုံယုံသွားတာကိုက ငါ့အပြစ်"

"အဟဲ ... ဒါကတော့ ကိုယ့်ကုသိုလ်ကံနဲ့ကိုယ်ပဲလေ အန်တီရဲ့ ... "

သူ ရယ်ကြဲကြဲနဲ့ပြန်ဖြေတော့ ဒေါ်ပွင့်ခက်က နာရီကို တစ်ချက်ကြည့်ပြီး ...

"ကဲကဲ ... ငါလည်း ဆိုင်ကိုသွားတော့မယ်၊ အတော်တောင် နောက်ကျနေပြီ ... ဒီနေ့ ပစ္စည်းသစ်တွေ ရောက်ဖို့ရှိသေးတယ် ... "ဟုဆိုကာ သွားဖို့ပြင်နေလေ၏။ ဒါကို လင်းခက်က နောက်ဖြစ်အောင် နောက်လိုက်ပါသေးသည်။

"အန်တီ ... ကျွန်တော့်မှာ နတ်သမီးလေးနဲ့ ကောင်လေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တို့ ချစ်ကြတဲ့ ဇာတ်လမ်းတစ်ပုဒ် ရှိသေးတယ် ... နားထောင်ပါဦးဗျ"

"တော်တော် ... "

"ဒါလည်း တကယ့်ဖြစ်ရပ်မှန်ပဲနော့် ... "

သည်တစ်ခါတော့ ဒေါ်ပွင့်ခက်က မဲ့ရွဲ့ပြကာ ...

"ဒီမယ် ... ကိုယ့်ဘာသာပဲ ပြောပြပြီး ကိုယ့်ဘာသာပဲနားထောင်နေတော့ ဟုတ်ပြီလား ... တစ်ခုတော့ရှိတယ်နော် ... ဂေါက်သွားရင်တော့ အန်တီက အရှုးထောင်သွားပို့မှာနော် ... " ဟုဆိုကာ သူ့ခန္ဓာကိုယ်အကြီးစားကြီးနှင့် အိပဲ့ အိပဲ့လှုပ်ကာ ထွက်ခွာသွားလေတော့၏။

လင်းခက်ကတော့ အဒေါ်ဖြစ်သူ ပြောပုံကိုနားထောင်ကာ သဘောတကျပြုံးရင်း ကျန်နေခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## Scene (3)

Stereo ခန်းတစ်ခန်းထဲတွင် ဖြစ်သည်။ ပို၍ တိတိကျကျဆိုရပါသော ယနေ့နာမည်အတော်ရနေသော Angel FM ၏ စတီရီယို အခန်းတစ်ခန်းထဲတွင် ဖြစ်သည်။

လူငယ် ငါးယောက်တို့သည် မိမိတို့ဦးစီးတည်ထောင်ထားသော Angel FM ၏ လုပ်ငန်းစဉ်များနှင့် တင်ဆက်မှု Program များအကြောင်းကို ပုံမှန်ဆွေးနွေးနေကြလေ၏။ တစ်ပတ်တစ်ခါ ပုံမှန်ပြုလုပ်နေကြ အသေးစား Meeting လေးတစ်ခုလည်း ဖြစ်သည်။

"ကြော်ငြာ အပိုင်းကတော့ အားရစရာကောင်းတယ် ... နောက်ထပ် ဆေးကုမ္ပဏီ ငါးခုက ကမ်းလှမ်းထားတယ်ဟ ... "

Angel FM ၏ ကြော်ငြာအပိုင်းကို တာဝန်ယူထားသော မေဇင်လင်းက ဝမ်းသာအားရ တင်ပြတော့ Program စီမံမှုအပိုင်းကို တာဝန်ယူထားသော ရှုလိုင်ဖြိုးက ...

"အမယ် ဟုတ်လှချည်လား ... ငါတော့ အစီအစဉ်တစ်ခု ထပ်တိုးရတော့မယ်ထင်တယ်နော် ... " ဟု ဆိုလာသဖြင့် အားလုံးက စိတ်ဝင်တစား ဖြိုင်တူဆိုသလို ပြန်မေးလာကြ၏။

"ဘာအစီအစဉ်လဲ ရှုလိုင်ရဲ့ ..."

"ကြော်ငြာတာဝန်ခံ မေဇင်လင်းနှင့်တွေ့ဆုံမေးမြန်းခြင်းဆိုတဲ့ အစီ



www.burmeseclassic.com

www.burmeseclassic.com



အစဉ်လေ ... ”

သို့မှ အတည်ပေါက် နောက်နေသည့် ဇူလိုင်ဖြိုးစကားကို အားလုံး သဘောပေါက်သွားကြသည်။ မေဇင်လင်းကတော့ အသံထွက် မေတ္တာပို့နေ၏။

“မသာမ ... ငါက အကောင်းမှတ်လို့နားထောင်နေတာ ... လာနောက်နေသေးတယ်”

“အေးဟာ ... ငါကတော့ ဘာပဲဖြစ်ဖြစ်ကျေနပ်တယ်၊ ဝမ်းသာတယ်”

ရုတ်တရက်ကြီး ဝင်ပြောလာသည့် လင်းလင်းထိုက်စကားကြောင့် အားလုံး နဝေတိမ်တောင် ပြန်ဖြစ်သွား၏။ လင်းလင်းထိုက်က အုပ်ချုပ်မှုအပိုင်းကို တာဝန်ယူထားသူလည်း ဖြစ်သည်။

“ဘာလဲဟ ... လင်းလင်းထိုက်ရ ... ”

“အေးလေ ... တစ်ယောက်တည်း ဘာတွေကျေနပ်ပြီး ဘာတွေဝမ်းသာနေတာလဲဟ ... ”

ထုံးစံအတိုင်း မျက်ခုံးကြီးများကိုတွန့်ပြီး လင်းလင်းထိုက် အမည်ပေါက်မှုရှိုလ်က ဆိုလာပါသည်။

“ဒီလိုလေကွာ ... ငါတို့သူငယ်ချင်း(၅)ယောက် တက်ညီလက်ညီနဲ့ ထုပ်လိုက်တဲ့ FM လေးက မထင်မှတ်ဘဲ အရမ်းအောင်မြင်ကျော်ကြားလာတာကို ပြောတာဟ ... ”

“သြော် ... ဒါကတော့ ကြိုးစားမှုရဲ့ အကျိုးရလာဒ်ပေါ့ဟ ... ”

“အထူးသဖြင့် လူငယ်ပရိသတ်တွေရဲ့ စိတ်ဝင်စားမှုကို ရလိုက်တာဟာ ဘုရားပေးတဲ့ ဆုလာဒ်တစ်ခုပဲ ... ”

အထက်ပါအတိုင်း သက်စိုးဦးက ဝင်ထောက်တော့ အားလုံးက သဘောတူညီစွာ ခေါင်းညိတ်အသိမှတ်ပြုပေးကြသည်။ သက်စိုးဦးက FM အတွက် သတင်းတင်ပြမှုအပိုင်းကို တာဝန်ယူထားသူလည်း ဖြစ်၏။ ဇူလိုင်ဖြိုးက ...

“လူငယ်ပရိသတ်တွေကို အဓိကဆွဲဆောင်နိုင်တာကတော့ လင်းခက်ရဲ့ ကျေးဇူးပဲ ... ” ဟု ဆိုတော့ အားလုံးက ထောက်ခံကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... လင်းခက်ရဲ့ Story FM ကဏ္ဍက အတော်ထိရောက်တယ်ဟ ..."

"ဟဲ့ ... လင်းခက် ... "

" ... "

...

"ဟိတ်ကောင် ... "

အားလုံးက သူ့ကို ချီးမွမ်းခန်းဖွင့်နေတာတောင် လင်းခက်အမည်ပေါက် ဆရာသမားက အင်းမလုပ် အဲမလုပ်နှင့် ငြိမ်သက်နေ၏။ အာရုံက ဘယ်ရောက်နေသည်မသိ။ သူတို့ပြောဆိုဆွေးနွေးသမျှကိုလည်း ကြားဟန်မတူချေ။

"လင်းခက် ... ဟိတ်ကောင် ... ဘာဖြစ်နေတာလဲ"

အနားနီးသည့် သက်စိုးဦးက သူ့လက်မောင်းကိုလှုပ်ပြီးမေးတော့မှ ပစ္စုပ္ပန်တည့်တည့်ကို ပြန်ရောက်လာပုံရသည်။ အိပ်မက်ယောင်သူတစ်ယောက်၏ တုန့်ပြန်မှုနှင့်ပင် တူနေသေးတော့သည်။

"ဩော် ... အင်းးး ... ဘာလဲ ... "

သူ့တုန့်ပြန်မှုကို အားလုံးက စိတ်ပျက်သလို ခေါင်းရမ်းကြည့်နေကြ၏။ တစ်ခါတရံတွင် လင်းခက်ပုံစံသည် အတော်နားလည်ရခက်၏။ ယခုလို တစ်ယောက်တည်း ငြိမ်သက်နေသည်များရှိသလို သိပ်ကိုတက်ကြွပြီး အရမ်းစကားများတတ်သည့် အချိန်အခါများလည်းရှိ၏။ ဆိုက်ကိုတစ်မျိုးဟုသာ ဆိုကြပါစို့။

စိတ်တူကိုယ်တူ သူငယ်ချင်းတွေလည်းဖြစ်၊ အထက်တန်းကတည်းက ကျောင်းပြီးသည်အထိ မခွဲအတူ တွဲလာကြသည့် သူငယ်ချင်းတွေလည်းဖြစ်သည်ကြောင့် အားလုံးက တစ်ယောက်အကြောင်းတစ်ယောက်သိပြီးသားမို့ အထူးအထွေတော့ ပြဿနာ မရှိ။

"ငါ့ကို ဘာပြုံးပြီး ဝိုင်းကြည့်နေကြတာလဲ ... ပြောလေ ဘာလဲ?"

"ဟဲ့ ... ပြုံးကြည့်ကြမှာပေါ့ ... ဒီအခန်းလေးထဲမှာ ရှိနေတာတောင် ခေါ်မကြား အော်မကြားနဲ့ တကယ်တည်း ... "

မေဇင်လင်းက အထက်ပါအတိုင်းပြောမှ သူ့အနည်းငယ်သော ပေါက်သွားပြီး ပြုံးဖြီးဖြီးလေး ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အယ် ... ဆောရီးပဲ ... ငါပုံပြင်အသစ်ကိုတွေးနေတာနဲ့ မကြားလိုက်တာ ... ပြန်ပြောပြလေ ဘာလဲ ..."

"ငါတို့ FM လေး တရှိန်ထိုးနဲ့အောင်မြင်လာတာ မင်းရဲ့ပုံပြင်ကဏ္ဍကြောင့်လို့ ပြောနေကြတာ ..."

"ဟာ ... ဒီလောက်ကြီးလဲ မဟုတ်ပါဘူးကွာ၊ အားလုံးတက်ညီလက်ညီနဲ့ ကြိုးစားကြလို့ပါ ... ငါတစ်ယောက်တည်းနဲ့ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

သူ့ချေပမှုက မှန်နေသည်ကြောင့် မည်သူမျှ အထွန့်ဆက်မတက်တော့ဘဲ အလုပ်စကားကိုပဲ ဆက်ပြောဖြစ်ကြသည်။

"ဒါနဲ့ လင်းခက် ... မနက်ဖြန် ၁၀နာရီ မင်း နတ်သမီးပုံပြင်အသစ်ရွှင့်ရမှာနော် ..."

"အေးးး ... အဲဒီအတွက်လဲ အခု ငါတွေးရင်းနဲ့ ချာနံဝင်သွားတာ၊ ရပါပြီ ... ပုံပြင်လေးက ချစ်စရာလေး ..."

"တွေးလည်းတွေးပေါ့ကွာ ... တော်ကြာ တွေးရင်းနဲ့ လူကိုယ်တိုင်ပါ ပုံပြင်ထဲရောက်သွားဦးမယ် ..."

သက်စိုးဦးက ခပ်နောက်နောက်ကလေး ဝင်ပြောတော့ အားလုံးရယ်မိကြသည်။

"ပုံပြင်ထဲရောက်သွားတော့လည်း ကောင်းတာပေါ့ကွာ ... နိုင်ငံခြားကားတွေထဲက Jumper တွေလို နေရာစုံ ရောက်ဖူးတော့ မိုက်တာပေါ့"

သူက အထက်ပါအတိုင်း ဖြေပြီးချိန်မှာတော့ လင်းလင်းထိုက်က သက်စိုးဦးကို မေးလိုက်၏။

"ဒါနဲ့ သက် ... မနေ့က Facebook မှာ နာမည်ကြီးနေတဲ့ Miss စက်ဝိုင်နဲ့ စာရေးဆရာ မိုးစက်ဝိုင်နာမည်တူနေတဲ့ကိစ္စကိုပါ ထည့်မေးလိုက်တယ်"

"အေးလေ ကောင်းပါတယ် ... ငါက စိတ်ပူလို့မေးကြည့်တာပါ၊ အဲဒီစာရေးဆရာက မေးရမြန်းရအတော်ပွကျလို့ မင်းနဲ့ Interview ကိစ္စကို စိုးရိမ်နေတာ ... သူက ကောင်မလေးငယ်ငယ်ချောချောလေးတွေ view မှ ဆင်ပြေတာလေ ..."



www.burmeseclassic.com

www.burmeseclassic.com



"အေးဆေးပါကွာ ... သေက်က ပိုင်မှကိုင်တာပါ ... ဒီမှာကြည့်လေ၊ ဒီလထုတ် Angel Magzine အသစ်တောင် ငါ့ကိုလက်မှတ်ထိုးပြီး လက်ဆောင်ပေးသွားသေးတယ်"

သက်စိုးဦးက ခုံပေါ်က Quality magzine ထူကြီးတစ်အုပ်ကိုပါ ထောင်ပြတော့ ဘာရယ်မဟုတ် သူငေးကြည့်လိုက်မိသည်။

သူသူငါငါ မြင်ဖူးနေကျ Quality magzine တစ်အုပ်သာဖြစ်သည်။ Angel Magzine ၏ မူအတိုင်း မျက်နှာဖုံးမှာ တက်သစ်စ Model ကောင်မလေးတစ်ယောက်ကို ချစ်စရာ နတ်သမီးတစ်ပါးအသွင်နှင့် ပုံနှိပ်ဖော်ပြထားသည်။

အထူးချုပ်လုပ်ထားပုံရသည့် အဖြူရောင်ဂါဝန်ရှည်လေးကို နောက်ကျောဘက်မှာ အတောင်ပံနှစ်ခုကိုပါ တပ်ဆင်ထားသည်ကြောင့် ပုံစံလေးက တစ်မျိုးဆန်းနေပါသည်။ ချောချော Model မလေးနှင့်လည်း အထူးလိုက်ဖက်လွန်းနေ၏။

"သေက် ... ငါ့ကို စာအုပ်ခဏပေးစမ်းပါ"

"ရော့လေ ... "

သူ ... စာအုပ်မျက်နှာဖုံးမှ ပုံလေးကို အနီးကပ်အသေအချာ စိုက်ကြည့်နေမိသည်။ ရင်ထဲမှာလည်း ကြည့်ရင်း ကြည့်ရင်းနှင့် စိမ့်ခနဲ အေးခနဲ ခံစားလိုက်ရ၏။

ဟင် ... ဘာဖြစ်တာလဲဟ။

ထိုခံစားချက်ကို သူကိုယ်တိုင်လည်း ခေါင်းစဉ်မပေးတတ်ပါ။ အခန်းလေးအတွင်းရှိ Aircon: ပယောဂဟုပင် အလွယ်သတ်မှတ်ထားလိုက်မိ၏။

"ဘာလဲဟ ... မော်ဒယ်လေးကို ခိုက်သွားတာလား" ဟု မေဇင်လင်းကမေးတော့ သူပြန်မဖြေဖြစ်။ အစပ်အဟပ် မတည့်သည့် ဝါကျတစ်ခုကိုသာ ထွက်ကျသွားစေခဲ့သည်။

"သေက် ... ငါ့ကို ဒီစာအုပ် ငှားပါလား"

ရုတ်တရက် သက်စိုးဦးလည်း ယောင်နနနှင့်ပင် ပြန်ဖြေဖြစ်၏။

"ဩော် ... အေး ရတယ်လေ ... ယူသွားပါ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ Meeting က ဒီလောက်ပဲမို့လား"

ဒီတစ်ခါတော့ လင်းလင်းထိုက်က ဝင်ဖြေလိုက်၏။

"အေး … ဘာဖြစ်လို့လဲ လင်းခက် … "

"ဘာမှမဖြစ်ပါဘူး … Meeting ပြီးရင် ငါသွားတော့မယ်"

"အင်း … "

အဖြေစကားပင် မဆုံးသေး လင်းခက်တစ်ယောက် တံခါးဝကိုပင် ရောက်သွားပြီဖြစ်သည်။ လက်ထဲမှာတော့ Angel Magzine လေးက အခန့်သား။

အားလုံးကတော့ လင်းခက်ပုံစံကိုကြည့်ပြီး ကြောင်စီစီနှင့်ကျန်ခဲ့ပြီး တစ်ယောက်မျက်နှာတစ်ယောက်ကိုသာ ငေးမောအဖြေရှာလျှက် … ။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာတစ်ဖက်က လိပ်ပြာလေး တစ်ကောင်ရဲ့
အတောင်ပံ တစ်ချက် ခတ်သံကြောင့်
ကမ္ဘာတစ်ဖက်မှာ ကြီးကျယ်ခမ်းနားတဲ့
လေမုန်တိုင်းတွေ ဖြစ်မလာနိုင်ဘူးလို့
ဘယ်သူတွေ အတည်ပြုဝံ့ပါသလဲ . . . . ။



www.burmeseclassic.com

www.burmeseclassic.com

## Scene (4)

ည ...

ညသည် အေးချမ်းတိတ်ဆိတ်နေ၏။ သို့သော် ... လမ်းမဘက်မှ ပြန့်လွင့်လာတတ်သော ကားဟွန်းသံများနှင့် ဂျစ်ပစီဆန်သော လူငယ်အချို့၏ ဟီးဟီးဟားဟားရယ်မောသံများ၊ သီချင်းအော်ဆိုသံများကိုတော့ ရံဖန်ရံခါ ဆိုသလို ကြားနေရ၏။

အဘယ့်ကြောင့်ဆိုသော် ယနေ့ညသည် မြန်မာလူမျိုးတို့၏ အထွတ်အမြတ်ထားရာ နေ့ထူးနေ့မြတ်/ညထူးညမြတ် ဖြစ်လေ၏။ ဆေးပေါင်းခတဲ့ည သူခိုးကြီးများညဟု နာမည်ကျော်ကြားသော တန်ဆောင်မုန်းလပြည့်ညပင် ဖြစ်သည်။

ထိုညတွင် ကြယ်တာယာနက္ခတ်တို့ အစုံအလင် ထွက်ပေါ်သည်ဟုလည်း ဆိုကြ၏။ အန်တီပွင့်ကတော့ အစောက ဆေးပေါင်းခတဲ့ မဲဇလီဖူးသုပ်ဟုဆိုကာ အတင်းစားခိုင်းသဖြင့် တစ်ဇွန်းနှစ်ဇွန်း ကျေနပ်အောင် စားပြခဲ့ရသည်။ အနာမျိုး(၉၆)ပါး ပျောက်ကင်းသည်ဟုလည်း ပြောလိုက်ပါသေးသည်။

ရန်ကုန်မြို့၏ အထင်ကရနေရာများမှာတော့ ဘာရှိုးပွဲ ညာရှိုးပွဲတွေနှင့် ဆူညံပွက်လောရိုက်နေလောက်ချေပြီ။ သို့သော် ... သူ့အခန်းလေးအတွင်းရှိ တန်ဆောင်မုန်းလပြည့်ညလေးကတော့ အေးဆေးတိတ်ဆိတ်နေတာ ခြောက်သွေ့လှပါ၏။



www.burmeseclassic.com

www.burmeseclassic.com



လင်းခက်သည် ကော်ဖီတစ်ခွက်ကိုအဖော်ပြုရင်း Angel Magzine တစ်အုပ်နှင့်အတွေးနယ်ချဲ့နေသောကြောင့်ပင် ဖြစ်ပါသည်။

ဘာကြောင့်ရယ်မသိ မျက်နှာဖုံးပေါ်က မော်ဒယ်နတ်သမီးမလေးကို ကြည့်ကြည့်ပြီး အမျိုးအမည်ဖော်ရခက်သည့် ခံစားမှုတစ်မျိုးကို ခံစားနေရ၏။

ရင်ထဲမှာလည်း စိမ့်ခနဲ အေးခနဲ ခံစားနေရသည်။ မကြာမကြာ ကြက်သီးများလည်း ဖြန်းခနဲ ဖြန်းခနဲ ထလာတတ်ပါသေးသည်။

သူ မဂ္ဂဇင်းစာအုပ်ကို စားပွဲပေါ်မှာထောင်ပြီး Dreambed ပေါ်ကနေ စိမ်ပြေနပြေ ပြောင်းကြည့်လိုက်၏။ ခံစားချက်က ပြောင်းမသွား။

'ဒါ ... ဘာဖြစ်ရတာလဲ ...

ဘာဖြစ်ပြန်တာတဲ့လဲ ...

သူ Magzine Cover photo ကို မကြည့်ဘဲလည်း မနေနိုင်ဖြစ်နေသည်။ ကြည့်မိပြန်တော့လည်း ခံစားမှုက အသည်းယားဖွယ်ပင်။

ဒါ ... ဘာနတ်သမီးများလဲ။ သူတစ်ကိုယ်တည်း မေးခွန်းထုတ်ပြီး အာရုံပြောင်းကြည့်လိုက်၏။

အင်းးး အတောင်ပံလေးတွေနဲ့ဆိုတော့ လိပ်ပြာနတ်သမီးလေးပေါ့။

ညကတော့ သူ့အခန်းကျဉ်းလေးပေါ်မှာ တိတ်တဆိတ်ပြန်ဝဲနေ၏။ နာရီသံ ချောက်ချက် ချောက်ချက်ကလေးများနှင့် စိန်ပြေးတန်းကစားနေကြပုံရသည်။

"×××ဒင်××××ဒင်×××"

ရုတ်တရက်ကြီး ထမြည်လာသည့် နာရီပြန်ဆယ့်နှစ်ချက် တီးသံကြောင့် ယောကျ်ားကြီးတန်မဲ့ သူတစ်ချက် တုန်ယင်သွားသည်။

နောက်တော့လည်း ထုံးစံအတိုင်း စားပွဲပေါ်က လိပ်ပြာနတ်သမီးပုံလေးကိုသာ ပြန်ငေးကြည့်နေမိပြန်ပါသည်။

အချိန်တွေမည်မျှကုန်ဆုံးသွားသည်ကို သူမသိ။ သတိလည်း မထားမိ။ သူ အမှတ်တရ သတိထားမိတာ တစ်ခုပဲရှိ၏။

သူ မျက်လုံးတွေ ရုတ်တရက် လေးလံလာခဲ့ခြင်းပင် ဖြစ်သည်။ Cover photo လေးကို ငေးကြည့်နေရင်းဖြင့် သူ့အမြင်အာရုံတွေ ဝေဝါးလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟာ ... ဘာဖြစ်တာလဲဟာ။ အရမ်းကြီး အိပ်ချင်လာပါရော။ ကော်ဖီလည်း သောက်ထားပါတယ်။ ဒီမှာ နောက်အပတ်ထဲ Angel FM အတွက် နတ်သမီးပုံပြင်အသစ်လေး စဉ်းစားမလို့ဟာကို။

သူ ခေါင်းကို ဘယ်ညာခါရမ်းပြီး မျက်လုံးကို ပွတ်သပ်ပစ်လိုက်၏။ သို့သော် ... အိပ်ချင်စိတ်ကတော့ တစ်စက်ကလေးမှ လျော့ပါးမသွား။ ပို၍ပင် တိုးလာလေ၏။

တစ်စက္ကန့် ...

နှစ်စက္ကန့် ...

သုံးစက္ကန့် ...

... ... ။

နောက်ဆုံးမှာတော့ ...

သူ အိပ်ရာပေါ်သို့ပင် မသွားနိုင်တော့ဘဲ Dreambed ကလေးအပေါ်မှာသာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားလေတော့၏။

စားပွဲပေါ်က မဂ္ဂဇင်းမျက်နှာဖုံးရှင် လိပ်ပြာမလေးကတော့ သူ့ကို ငေးကြည့်လို့ ... ။



www.burmeseclassic.com

www.burmeseclassic.com

## Scene (4-A)

တန်ဆောင်မုန်းလပြည့်ည၏ ကောင်းကင်ပြင် အခင်းအကျင်းသည် လှပလတ်ဆတ်လွန်းနေ၏။ ငယ်ငယ်က ကြားဖူးနေကြ ဖိုးရွှေလမင်းကြီးသည်လည်း ကြယ်ရံသင်းပင်းများနှင့် ထိန်ထိန်ငြီးနေသည်။

ဘယ်ဂြိုလ် ဘယ်နက္ခတ်တွေ စုံလင်ပြီး ဘယ်တာရာက ဘယ်ဂြိုလ်နှင့် ငြိပြီး ဘယ်လိုဆေးပေါင်းခသည်တော့ မပြောတတ်ပါ။

နားလည်းမလည်သလို ကြယ်တာရာ နက္ခတ်တွေကိုလည်း မကြည့်တတ်။ သို့ပေမဲ့ ... ဒီညမှာတော့ ကောင်းကင်ပြင်တစ်ခုလုံး ကြယ်အပြည့်လင်းနေတာတော့ သေချာလွန်းလှပါသည်။

သူ့အစုလေးနှင့်သူ လင်းလိုက် မှိတ်လိုက်။ ရံဖန်ရံခါ မျက်စိမှောက်မှားမှုကြောင့်များလားဟုပင် ထင်ရသည်။ ကြယ်ကလေးတွေ ဟိုဒီပြေးလွှားနေကြသလို တွေ့ရ၏။ တစ်ခါတရံ မျက်စိရှေ့မှာတင် ကြယ်ကလေးတွေ မှိတ်လိုက်ပျောက်လိုက် ပေါ်လာလိုက်ပင် ဖြစ်နေတတ်ပါသေးသည်။

နက္ခတ်စုံသောညလည်း ဖြစ်နိုင်ပါသည်။ သို့ကြောင့်လည်း ရှေးလူကြီးတွေက ဒီလိုညမျိုးမှာ အဋ္ဌာဝကဆေးတွေ၊ ပီယဆေးတွေ၊ တုတ်ပြီးခါးပြီးဆေးတွေကို ဆေးမင်ကြောင်ထိုးကြတာ ဖြစ်မည်။

ထားတော့ ...

တန်ဆောင်မုန်းလပြည့်ည၏ အခင်းအကျင်းသည် သာယာသည့်ညတွေနှင်



www.burmeseclassic.com

www.burmeseclassic.com



မတူညီတာတော့ သေချာပါသည်။

ထို့အပြင် ထိုည၏ သန်းခေါင်ယံအချိန်တွင် ထူးခြားစွာ ဖြစ်ပျက်ပြောင်းလဲသွားသော ကောင်းကင်ယံ၏ တစ်စုံတစ်ခုကိုတော့ လူနည်းစုအချို့သာ မြင်လိုက်ကြရမည် ထင်ပါသည်။

ရာသီဥတု အခြေနေသည်လည်း မိနစ်ပိုင်းခန့် ရုတ်တရက် ပြောင်းလဲသွားခဲ့လေ၏။ ယင်းမှာ ...

"ဂျိန်း!! ... "

ကြယ်တာရာ စုံလင်လှပနေသော ညကောင်းကင်ပြင်တစ်ခုလုံးသည် တိမ်မည်းပုပ်များ ရုတ်ချည်းရောက်ရှိလာပြီး မည်းမှောင်၍သွားပြီး မိုးကြိုးပစ်သလို အသံကျယ်ကြီးတစ်ခုကို ကြားလိုက်ရ၏။

ကြမ်းတမ်းခက်ထန်လှသော လေတချို့သည်လည်း ဝေါခနဲ ပြောခနဲ တိုက်ခတ်နေသေးသည်။ မိုးတော့ မရွာ။

သို့သော် ... ရာသီဥတုပြောင်းလဲမှုက မိနစ်ပိုင်းမျှသာ ဖြစ်သည်။ နောက်တော့လည်း ကောင်းကင်ပြင်တစ်ခုလုံးသည် ပြန်လည်ကြည်စင်ဝင်းပ၍နေပါသည်။

ကြယ်အစုလေးပေါင်းများစွာ ပေါင်းစပ်စုဝေးထားသော (ဂလက်စီအစုအဝေး)/ နဂါးငွေ့တန်းလေးအတွင်းမှာတော့ ထူးခြားလင်းပလှသော အနီရောင်စဉ်တချို့ ဖြတ်ပြေးနေလေ၏။ သီတင်းကျွတ်တွင် အသုံးပြုလေ့ရှိသော အဆင့်မြင့် မီးရှူးမီးပန်း တစ်ခုလိုပင် တောက်ပမှုက ကြည့်၍ကောင်းလှ၏။

နောက်တော့ အဆိုပါ အနီရောင်အလင်းတန်းလေးက ကမ္ဘာမြေပြင်အတွင်းရှိ တစ်နေရာသို့ လျှင်မြန်စွာ ပြေးဆင်းသွားခဲ့လေတော့၏။

ဤအချင်းအရာကို မြင်လိုက်ရသူဟူ၍ ...

ထိုညသည် တန်ဆောင်မုန်းလပြည့်ည၏ နက္ခတ်စုံလင်လှသော အချိန်အခါတစ်ခုတွင် ပြီးပျက်လျှင်မြန်စွာ အမှန်တကယ် ဖြစ်ခဲ့လေတော့၏။

ထိုအနီရောင် အလင်းတန်းလေး၏ ဦးတည်ရာသည်ကား...



www.burmeseclassic.com

www.burmeseclassic.com

## Scene (4-B)

ထူးခြားဆန်းကြယ်မှုတို့သည် ရံဖန်ရံခါတွင် ပြောပြ၍ မတတ်နိုင်လောက်အောင်ကို အံ့ဩရစေခဲ့ပါသည်။

လင်းခက်သည် Dreambed ကလေးပေါ်တွင် နှစ်ခြိုက်စွာ အိပ်မောကျနေဆဲပင်ဖြစ်သည်။ သူ၏အခန်းလေးအတွင်းသို့ ပြတင်းပေါက်မှတစ်ဆင့် အနီရောင်အလင်းတန်းတချို့သည် လျှပ်ပြက်သလို ရုတ်ချည်းဝင်ရောက်လာပြီး စားပွဲပေါ်တွင် ထောင်ထားသော Angle Magzine လေးအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

နောက်တော့ ...

... ... ။

... ... ... ... ... ... ... ... ... ... ... ... ...

... ... ... ... ... ... ... ... ... ... ... ... ...

လင်းခက်သည် နှစ်ခြိုက်စွာ အိပ်မောကျနေရာမှ ခေါင်းတခါခါနှင့်အိပ်မက်ယောင်နေလေ၏။

"နတ်သမီး။။ လိပ်ပြာနတ်သမီး။။ မင်း ... မင်း ... "

အလင်းတန်းဝင်သွားသော Magzine စာအုပ်လေး၏ Cover ပုံလေးထဲမှ နတ်သမီးလေးသည်ကား ထူးဆန်းအံ့ဩဖွယ်ရာ မျက်တောင်တစ်ချက်ခတ်လိုက်ပြီး အိပ်မက်ယောင်နေသော လင်းခက်ကို ပြုံး၍စိုက်ကြည့်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ စာအုပ်မျက်နှာဖုံးပုံလေးထဲမှ နတ်သမီးလေးသည် သူမ၏ တောင်ပံလေးကို တဖျတ်ဖျတ်လှုပ်ခတ်ကာ လူ့လောက ပြင်ပကမ္ဘာလေးထဲသို့ အိပ်မက်ဆန်ဆန် ဆင်းသက်ရောက်ရှိလာခဲ့လေတော့၏။

လင်းခက်မှာက ယောင်ရမ်းညည်းညူနေဆဲပင် ဖြစ်သည်။

"နတ်သမီးလေးးး! မင်း ..."

နက္ခတ်စုံလင်လှသော ဆေးပေါင်းခသော တန်ဆောင်မုန်းလပြည့်ညလေး၏ သန်းခေါင်ယံအချိန်တွင် ဘယ်တိုင်းပြည်ကမှန်းမသိသော အတောင်ပံတပ်နတ်သမီးလေးတစ်ပါးသည် နက္ခတ်မိကာ(သို့)နက္ခတ်လွဲမှားကာ လူ့ပြည်လူ့ရွာသို့ အသက်ဝင်ရောက်ရှိလာခဲ့ပြီဖြစ်သည်။

မိတ်ဆွေ ...

သင်ယုံကြည်သည်ဖြစ်စေ မယုံကြည်သည်ဖြစ်စေ ထိုညတွင် ထိုကိစ္စသည် အမှန်တကယ် ဖြစ်ပွားခဲ့ပြီးပင် ဖြစ်လေတော့၏။

လင်းခက် နိုးထလာချိန်မှာတော့ ...



www.burmeseclassic.com

www.burmeseclassic.com

## Scene (5)

လင်းခက် ...

သူ ဖျတ်ခနဲ မျက်လုံးနှစ်လုံး ပွင့်သွားသည်။ ပထမဆုံး မြင်လိုက်ရတာက မျက်နှာကျက်မှ မီးချောင်း။ ရုတ်တရက် ပြေးဝင်လာသည့် ရှတတ အလင်းရောင်ကြောင့် သူ့မျက်လုံးကို ချက်ချင်းပြန်ပိတ်ပစ်လိုက်ရသည်။ ဒါတောင် အလင်းရောင် ကျိန်းစပ်မှုရသကို သူခံစားဖြစ်အောင် ခံစားလိုက်ရပါသေးသည်။

သူ မျက်လုံးကလေးကို အသာပြန်ပိတ်ပြီး Dreambed ပေါ်မှာ ညက အိပ်ဖြစ်သွားသည့်အကြောင်းကို ပြန်တွေးမိသွားသည်။

နတ်သမီးမဂ္ဂဇင်းရဲ့ နတ်သမီးကာဗာပုံလေးကိုကြည့်ရင်း ရုတ်တရက် မျက်လုံးများလေးလံသွားပြီး အိပ်ပျော်သွားသည်ကို သူ ပြန်အမှတ်ရသည်။ နောက်တော့ သူအိပ်ပျော်သွားပြီး ဘာကိုမှ အမှတ်မရတော့။ သူ နတ်သမီးပုံပြင်အသစ်အကြောင်းကိုတွေးရင်း အိပ်မောကျသွားခဲ့ပြီး ထူးဆန်းသော အိပ်မက်တစ်ခုကို မက်မိသွားသည်ဆိုတာကိုတော့ သူ သတိရသည်။

သူ ထိုအိပ်မက်ကလေးကို ပြန်အစဖော်ကြည့်နေမိသည်။

ဟုတ်တယ် ... အတောင်ပံတွေ ပေါက်နေသော နတ်သမီးချောချောလေးတစ်ပါး နက္ခတ်မှာပြီး သူ့ဆီကိုရောက်လာခဲ့သည့် အိပ်မက် ခပ်ဆန်းဆန်းလေးတစ်ပုဒ်။

သူ့အိပ်မက်အကြောင်းကို သူ့ဘာသာပြန်တွေးပြီး သူ့ဘာသာ သဘော



www.burmeseclassic.com

www.burmeseclassic.com



ကျကာ သူ့ဘာသာ တစ်ယောက်တည်း ပြုံးနေမိသည်။ တကယ်ပဲ အဲလိုဖြစ်လာခဲ့ရင် ကောင်းမှာဟုလည်း တွေးလိုက်မိပါသေးသည်။ ပြီးမှ ...

“အဟွန်း ... ငါတော်တော်ကြောင်တာပဲ၊ ဒါက ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ ...” ဟုလည်း တီးတိုးရွတ်ဆိုလိုက်မိသေးသည်။

ဘာပဲဖြစ်ဖြစ် သူကျေနပ်ပါသည်။ မနက်ဖြန်အတွက် နတ်သမီးပုံပြင်အသစ် တစ်ဖန်ရလိုက်သည်ပေါ့။ ဘုရားပေးတဲ့ ပုံပြင်တစ်ပုဒ်ဟု ဆိုကြပါစို့။

“ဗွား! ထမှ ... ထမှ ... ဘယ်နှနာရီတောင် ရှိနေပြီလဲ မသိဘူး”

သူ တစ်ချက်သမ်းဝေလိုက်ပြီး အပျင်းကြောတစ်ချို့ကို စိတ်ရှိလက်ရှိဆန့်ထုတ်ပစ်လိုက်သည်။ နောက် ... မျက်လုံးနှစ်ဖက်ကို သုံးလေးချက်ခန့်ပွတ်ခတ် ပွတ်ခတ်လုပ်ပြီး ထရန်ပြင်လိုက်၏။ ထိုစဉ် ...

“ဟမ်!”

မြင်လိုက်ရသည့်မြင်ကွင်းက မယုံကြည်ချင်စရာ။ ညအိပ်မက်ထဲမှာတွေ့ခဲ့ရသည့် အတောင်ပံတပ် နတ်သမီးလေး။ သူ့မျက်နှာကိုပင် အနီးကပ်ကြည့်နေလိုက်သေးသည်။

မဖြစ်နိုင်ဟု ဦးနှောက်၏အသိပေးမှုကြောင့် သူ မျက်လုံးကိုသေချာပွတ်သပ်ပြီး ပြန်ကြည့်လိုက်၏။

“ဟင်!”

မျက်နှာဖွေးဖွေးနုနုလေး ... ပြီးတော့ စူးရှလင်းပနေသော မျက်ဝန်းလေးတစ်စုံ။ သူ့ကို ပြုံးကြောင်ကြောင်လေးနဲ့ ငေးကြည့်နေသည်ကို တွေ့ရ၏။

အိုး!!! သူရင်တစ်ချက် ဆောင့်ခုန်သွားသည်။ ပြီးတော့ ... မျက်လုံးနှစ်ဖက်ကို စုံပြန်မှိတ်လိုက်ပြီး ဘုရားတနေမိသည်။

သူ ဒီတစ်ခါတော့ နည်းနည်းလန့်နေမိတာကို ဝန်ခံပါသည်။ ဒါ ... ဘယ်လိုဖြစ်တာလဲ။ သူမ တကယ်ရောက်နေခဲ့တာလား။ အိပ်မက်က ဒါဆိုရင် တကယ်ကြီးပေါ့ ... ဘုရား ... ဘုရား ... ဒါဆို တကယ်နက္ခတ်မှားလာခဲ့တဲ့ နတ်သမီးလေးများလား။

အို ... မဖြစ်နိုင်ပါဘူးလေ။ ငါစိတ်အစွဲကြီးလို့ အမြင်မှားတာပဲနေမှာပါ



www.burmeseclassic.com

www.burmeseclassic.com



လေ။

ကိုယ့်စိတ်ကိုယ်ဖြေတွေးပြီး သူအားတင်းပြီး မျက်လုံးကို ပြန်ဖွင့်ကြည့်လိုက်၏။ ထုံးစံအတိုင်း မြင်ကွင်းက ပြောင်းမသွား။

သည်တစ်ခါတော့ သူ မနေနိုင်တော့ပါ။ ယောကျ်ားပီပီသာ သူရင်ဆိုင်ပစ်လိုက်လေတော့၏။

"အား::!"

သူ အာခေါင်ကိုခြစ်ပြီး အော်သာပစ်လိုက်မိသည်။ သို့မှ သူမ (အူကြောင်ကြောင်ပုံပေါက်နေသော အတောင်ပံတပ် နတ်သမီး)လည်း သူ့အော်သံကြောင့် လန့်ပြီး ပြန်အော်လိုက်မိ၏။

"အား!"

အခန်းလေးထဲတွင် အော်ဟစ်သံနှစ်ခု ပြေးလွှားနေ၏။ အတော်ကြာတော့ နှစ်ယောက်စလုံး အသံပြန်တိတ်သွားကြပြန်သည်။ သူမကတော့ အတောင်ပံနှစ်ခုကို တလှုပ်လှုပ် လုပ်နေ၏။

နောက် ... နှစ်ယောက်သားမျက်ဝန်းချင်း ဆုံမိကြကာ နောက်တစ်ကြိမ် သံပြိုင်အော်ဟစ်မိကြပြန်၏။

"(အား::!)၂"

သူက အော်ဟစ်ရင်း သူမကို လက်ညှိုးကြီးထိုးနေတော့ သူမကလည်း ဘုမသိ ဘမသိဖြင့် လက်ညှိုးကြီး ပြန်ထိုးကာနေ၏။

"ဟင် ... မင်း ... မင်း ..."

"..."

သူမက အော်သံကိုရပ်ပြီး သူ့ကို အထူးအဆန်း သတ္တဝါတစ်ကောင်လိုငေးကြည့်နေ၏။ ဘာသံမှတော့ ထပ်ထွက်မလာသေး။

"မင်း ... မင်း ဘယ်သူလဲ ... ဘယ်လိုလုပ် ငါ့အခန်းထဲ ရောက်နေတာလဲ ..."

"..."

"မင်း ... မင်း ... သရဲလား ..."

သူ့မေးခွန်းက အတော် မထော်မနန်းနိုင်လှပေမယ့်လည်း ဒီတစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တော့ သူမက ခေါင်းရမ်းပြ၍ အဖြေပေးလာပါသည်။

"ဟင် ... ဒါ ... ဒါဆို မင်းက ... ဘာလဲ ... "

" ... "

ပြူးကြောင်ကြောင်လေး ငေးကြည့်နေသည့် သူမကို သူကြောက်မိပေမယ့်လည်း အားတင်း၍ ထပ်မေးလိုက်သည်။ သူမကလည်း သူ့ကိုကြောက်လန့်နေပုံရ၏။

"ဖြေလေ ... ဘာကြောင့်ကြည့်နေတာလဲ၊ မင်းက ဘယ်သူလဲ ... ဘယ်ကလဲ ... ဘယ်လိုလုပ် ဒီကိုရောက်လာခဲ့တာလဲ ... "

"ကျွန် ... ကျွန်မက သရဲမဟုတ်ပါဘူး နတ်သမီးပါ ... "

"ဟင် ... နတ်သမီး ဟုတ်လား ... "

သူ ကြက်သီး ဖြန်းခနဲ ထသွားမိ၏။ ယုံရခက် မယုံရခက်ဆိုပေမယ့်လည်း လက်ရှိအခြေအနေအရရော သူမ၏ တလှပ်လှပ် အတောင်ပံတွေကြောင့်ပါ ယုံကြည်ရပေတော့မည်။

ဒါဆို ... နတ်သမီးတစ်ပါးကို ငါစကားပြောတာ ရှိန်းများရှိန်းနေပြီလား။

အထက်ပါအတိုင်း တွေးမိပြီး သူ ချက်ချင်းပဲ သူမကို လက်အုပ်ထချီပေးရတော့မလိုလို ဘာလိုလိုနှင့် မနေတတ် မထိုင်တတ် ဖြစ်သွားသည်။ သို့ပေမယ့်လည်း သူ့ရင်ထဲမှာ မတင်မကျဖြစ်နေသည့် ခံစားချက်ကိုတော့ သူအရဲစွန့်ပြီး ထုတ်မေးဖြစ်အောင် မေးလိုက်ပါသည်။

"တကယ်ရော ... နတ်သမီးဟုတ်လို့လား၊ ငါ ကြားဖူးဖတ်ဖူးတဲ့နတ်သမီးတွေက မင်းလိုအတောင်ပံတွေ ဘာတွေမပါပါဘူး၊ တီဗွီတွေထဲမှာတော့ အချွန်တွေ အတက်တွေနဲ့မြင်ဖူးတယ် ... ငါ့ကို မလိမ်နဲ့နော်"

"ကျွန်မ တကယ်ပြောတာပါရှင် ... ကျွန်မက နတ်သမီးပါ ... ပန်းအမွှာလေးထဲက လိပ်ပြာနတ်သမီးလေးပါ ... "

"လိပ်ပြာနတ်သမီး"

သူ တီးတိုးရေရွတ်လိုက်ပြီး သူမမျက်နှာကို အကဲခတ်ကြည့်လိုက်သည်။ လိမ်ညာပြောနေသည့် ပုံစံမျိုးတော့ မတွေ့ရ။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် သူ နောက်တစ်ဆင့် ထပ်မေးလိုက်သည်။

"မင်းက နတ်သမီးဆိုတော့ ဒါဆို ငါ့ကိုတန်ခိုးပြစမ်း … တန်ခိုး"

"… "

သူမက ပြူးကြောင်ကြောင်လေးဖြင့် ခေါင်းရမ်းပြတော့ သူ မျက်မှောင်ကုတ်သွားသည်။

"ဟင် … နတ်သမီးဆို တန်ခိုးရှိရမှာပေါ့ … သေချာပါတယ်၊ နင်က အင်းးးနတ်သမီးပဲနေမှာ …"

"ကျွန်မက တကယ့်ကို လိပ်ပြာနတ်သမီးလေးပါရှင် … ကျွန်မနေတဲ့ ပန်းကမ္ဘာမှာတော့ ကျွန်မက မိုးပေါ်ပျံနိုင်တယ် … အခု ဘာကြောင့်ပြန်မရ တော့တာလဲ မသိတော့ဘူး … ဒါပေမဲ့ တစ်ခုတော့ရှိတယ်"

"ဘာလဲ …"

သူမက မျက်လုံးတစ်ချက် စုံပိတ်ပစ်လိုက်၏။

"ဖျောက်!"

"ဟင်!"

သူမ၏ တလှုပ်လှုပ်ခတ်နေသော အတောင်ပံတစ်စုံသည် ရုတ်ချည်း ပျောက်ကွယ်သွားသည်။

"ကျွန်မ အတောင်ပံကိုတော့ ဖျောက်ထားပေးလို့ရတယ်"

"အင်း … ဒါလည်း မဆိုးဘူးဟ …"

စိတ်ထဲမှာတော့ 'မျက်စိနောက်သက်သာတာပေါ့' အားမနာပါးမနာ တွေးနေမိ၏။ ပြီးမှ … ငါ့စိတ်ကိုများ သူမသိနေမလားဟုလည်း မလုံမလဲတွေး လိုက်မိသေးသည်။

ဟုတ်သည်ပဲ … ဟိုက နတ်သမီးမို့လား။ သိများနေရင် ဒုက္ခ။ အိုး သူက နတ်သမီးဆိုပေမယ့်လည်း အဆင့်အတော်နိမ့်ပုံရပါတယ်လေ … ဘာ တန်ခိုးမှလည်း မရှိဘူး။

သူ့ဘာသာ ဖြေတွေးတွေးပြီး သူမကို မလုံမလဲ ခိုးကြည့်လိုက်မိသည်။ သူမ၏ ပြူးကြောင်ကြောင်မျက်ဝန်းလေးနှင့် ထိပ်တိုက်တွေ့ရသည်ကြောင့် သူ မျက်နှာတစ်ချက်ပူသွားသည်။ ရင်လည်း ခုန်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာနုတ်သမီး ဆိုပေမယ့်လည်း ရုပ်ရည်က အတော်ကလေးချော မောလှပနေသည် မဟုတ်ပါလား။ တော်ရုံ မင်းသမီးတော့ တက်မလာနှင့်ဆို သည့် အတန်းအစား။ ဖွဲ့ဆောင်မှုက နိုင်းလောက်ရှိသည်ဟု ခေတ်စကားနှင့် ဆို၍ရသည်။

ထိုစဉ် ...

"ဒေါက် ... ဒေါက် ... "

တံခါးခေါက်သံတစ်ခု ဖြစ်သည်။ ရုတ်တရက် သူရော သူမပါ လန့်သွား မိသည်။ သူမ၏ ပျောက်ကွယ်နေသော မေတ္တာင်ပံတစ်စုံသည်လည်း ဖြုန်းခနဲ ပြန်ပေါ်လာခဲ့၏။

"ဒေါက်ဒေါက် ... ဟဲ့ လင်းခက် နိုးရင်လည်း ကိုယ်လက်သန့်စင်ပြီး ဆင်းခဲ့တော့ ... Breakfast လုပ်ထားပြီးပြီ ... "

"ဟုတ် ... ဟုတ်ကဲ့ ... အန်တီပွင့် ... "

သူ ဖြေရင်း သူမကိုလည်း နှုတ်ခမ်းမှလက်ညှိုးကပ်ပြပြီး တိတ်တိတ် နေလို့ လုပ်ပြထားရ၏။ သူမကလည်း ဘုမသိ ဘမသိဖြင့် သူလုပ်သလို ပြန် လုပ်ပြနေ၏။

"ဟုတ်ကဲ့ဆိုလည်း မြန်မြန်လုပ် ... နေပါဦး စောစောက မင်းအခန်းထဲ က အော်သံတွေကြားရသလားလို့"

"ဩော် ... ဟိုဟာ အိမ်မြှောင်ပြုတ်ကျလာလို့ပါ ... "

သူ့လိမ်ညာမှုက အရာရောက်ပါသည်။ သူ ငယ်ငယ်ကတည်းက အိမ် မြှောင်ကို အသေကြောက်တာ အန်တီပွင့်သိထားပြီးသား။ နယ်မှာကျန်ခဲ့သည့် မိဘတွေလည်း သူ အိမ်မြှောင်ကြောက်တတ်တာကို သိသည်။

"ဖြစ်ရမယ် တကယ်ပဲ ... အောက်မှာ အန်တီပွင့်ဧည့်သည်တစ် ယောက်ရောက်နေလို့ စကားပြောလိုက်ဦးမယ် ... မြန်မြန်ဆန်ဆန်လုပ်၊ ခဏ နေ အန်တီဆိုင်ကို သွားတော့မှာ ... "

"ဟုတ်ကဲ့ အန်တီ ... "

အင်မတန် ဧည့်သည်များပြီး စကားတွေဖောင်ဖွဲ့တတ်သည့် အန်တီပွင့် ကို ဒီတစ်ခါတော့ ကျေးဇူးတင်ရမည်။ မဟုတ်လို့ သူ့အခန်းထဲ ဖွင့်ဝင်လာရင်



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပဲ မဟုတ်ပါလား။

အတော်ကြာမှ သူမကို စကားပြန်စဖြစ်သည်။

"နေစမ်းပါဦး မင်းရဲ့အတောင်ပံတွေက ဘာလို့ပြန်ပေါ်လာတာလဲ၊ ဖျောက်ထားစမ်းပါ ... ငါ အံ့သည်းယားလွန်းလို့ မြင်ရတာ"

"သူ့ဘာသာလန့်ပြီး ပြန်ပေါ်လာတာရှင့် ... ခုထိ အကြောက်မပြေသေးဘူး၊ ခဏနေမှ ပြန်သိမ်းထားလိုက်မယ် ... "

"ဪ ... "

နတ်သမီးတွေလည်း လန့်တတ်တာပဲ သူတွေးဖြစ်သွားသည်။ နောက်နာရီကို တစ်ချက်ကြည့်ဖြစ်သည်။ ရှစ်နာရီ ခွဲတော့မည်။ မဖြစ်ဘူး ရေမိုးချိုးတော့မှ။ ဒီနေ့ FM ကိုသွားဖို့ ကိစ္စလည်း ရှိနေသေးသည်။ ခက်နေသည်က ဒီနတ်သမီး။

"ဒါနဲ့ မင်း ဘယ်လိုဒီကိုရောက်လာခဲ့တာလဲ ... "

"မသိဘူး ... ကျွန်မ ပန်းကမ္ဘာလေးထဲမှာ သူငယ်ချင်းတွေနဲ့ကစားနေတုန်း ဖြုန်းဆို ပျောက်သွားခဲ့တာ ... နောက် ... ဟိုအထဲကနေ ကျွန်မအပြင်ကိုရောက်လာခဲ့တာပဲ ... ရှင်က ဒီပေါ်မှာအိပ်နေတုန်းကလေ ... ခုလောက်ဆို ဖေဖေ မေမေတို့လည်း ကျွန်မပျောက်လို့ ဗိတ်ပူနေလောက်ပြီရှင့် ... "

သူမက စားပွဲပေါ်က Angel Magzine လေးကို လက်ညှိုးထိုးပြီး ငိုမဲ့မဲ့ကလေးနှင့်ဖြေတော့ သူ အံ့ဩတစ်ဝက် သနားတစ်ဝက်နှင့် ခံစားသွားရသည်။

ယခုတော့ နှစ်ယောက်သား စကားပြောရတာ ရင်းနှီးပွင့်လင်းလာခဲ့ပြီဖြစ်သည်။ တွေ့စကလို တစ်ယောက်ကိုတစ်ယောက် ကြောက်လန့်မနေတော့ချေ။

"ဒါဆို ... မင်းက ဟိုစာအုပ်ထဲကနေ ထွက်လာခဲ့တာပေါ့"

သူမက ခေါင်းညိတ်ပြတော့ သူ ညက အိပ်မက်ကို သတိရသွားမိသည်။

ဘုရား ဘုရား ... တစ်ထပ်တည်းပဲလား။ ဒါဆို မင်းဟာ တကယ်ပဲ နက္ခတ်လွဲပြီး လူ့ပြည်ကို ရောက်လာခဲ့တဲ့ လိပ်ပြာနတ်သမီးလေးပေါ့။

---



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် ... ငါ့နာမည်က လင်းခက်တဲ့၊ မင်းနာမည်ကရော ဘယ်လိုခေါ်လဲ ... "

"ရှင်!"

"မင်းအမည်ကိုမေးတာ ... ဒီလိုကွာ ... မင်းရဲ့ နတ်နာမည်ကိုပြောတာ"

"မရှိဘူး ... "

"ဟင်! နတ်သမီးဖြစ်ပြီး နာမည်လေးတောင် မရှိဘူး၊ ငါတို့ရိုးရာနတ်တွေမှာတောင် နာမည်တွေရှိတယ် ... မမနဲ့တို့၊ ကိုကြီးကျော်တို့၊ အမေကြွမ်းတို့ ဘာတို့ပေါ့ ... ထားပါ ... ဒါဆိုလည်း ငါမင်းကို ခေါ်ရပြောရလွယ်အောင် နာမည်ပေးထားမယ်"

"နာမည်ပေးမလို့ ... "

သူ ခေါင်းညိတ်ပြပြီး စဉ်းစားသလို တိတ်သွားသည်။ အတော်ကြာမှ

"ဟုတ်ပြီ ... ငါ မင်းကို လိပ်ပြာလို့ နာမည်ပေးမယ် ဘယ်လိုလဲ"

"လိပ်ပြာ ... "

သူမက ရေရွတ်ပြီး ...

"အင်းးး ကျွန်မ အဲဒီနာမည်လေးကို သဘောကျတယ်" ဟု ပြောပြီး ကလေးတစ်ယောက်လို ပြုံးနေ၏။

သူမသည် ပြုံးနေလျှင်လည်း အတော်လှပါသည်။

တွေးမိပြီး ကိုယ့်အတွေးကိုကိုယ် ပြန်ရှက်နေမိ၏။

"ငါ့ကိုတော့ မင်းအဆင်ပြေသလို ခေါ်ပေါ့ လိပ်ပြာ ... "

"ဟုတ် ... ကိုလင်းခက်လို့ပဲ ခေါ်မယ်လေ ... "

"အိုကေ ... ဒါဆို ငါရေချိုးပြီးသွားတော့မယ်၊ အန်တီပွင့်ကလည်းဆိုင်ကို သွားတော့မှာဆိုတော့ ... မင်းလည်း လစ်တော့လေ၊ နောက် အဆင်ပြေတဲ့အချိန် ငါ့ဆီအလည်ခဏလာခဲ့ပေါ့ လိပ်ပြာလေး"

သူကပြောပြီး ဗီရိုထဲက သဘက်တစ်ထည်ကိုယူပြီး ဝတ်ထားသော အပြာရောင် တီရှပ်လေးကို ဆွဲချွတ်ပစ်လိုက်သည်။

"အိုးးး!"

"ဟင် ... "



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ထွက်ပေါ်လာသည့် သူမအော်သံကြောင့် သူကြောင်သွားပြီး အကျီကို အမြန်ပြန်ဝတ်ထားလိုက်ရသည်။

သူမက မျက်နှာမှာ လက်နှစ်ဖက်အုပ်ထားသည့်အပြင် အတောင်ပံတွေနှင့်ပင် ကွယ်ထားလိုက်သေးသည်။

ဪ ... နတ်သမီးတွေလည်း ရှက်တတ်ပါပေ့။

သူကလည်း သူမထွက်သွားပြီးအထင်နှင့် အကျီကိုရေချိုးရန် ချွတ်လိုက်ခြင်းဖြစ်သည်။ ယခုတော့ ...

"ဟင် ... လိပ်ပြာ ... မင်းက ခုထိမသွားသေးဘူးလား၊ ဒီမယ် ငါရေချိုးတော့မလို့ ... "

"လိပ်ပြာက ဘယ်ကိုသွားရမှာလဲ ... "

"ဟာ ... မင်းနေခဲ့တဲ့ ... ဘာပါလိမ့်၊ ဪ ... ပန်းကမ္ဘာ၊ ဟုတ်တယ် ပန်းကမ္ဘာကိုလေ ... ဟိုမှာ မင်းမိဘသူငယ်ချင်းတွေလည်း စိတ်ပူနေလှပြီ"

ပြောလိုက်မှ လိပ်ပြာ/သူမ မျက်နှာကလေးက ငိုမဲ့မဲ့ဖြစ်လာခဲ့သည်။ ဘာဖြစ်ရပြန်တာပါလိမ့်။ ခက်စတော့ ခက်ချေပြီ။

"ဟိတ် ... ဟိတ် ... မငိုနဲ့လေ လိပ်ပြာရဲ့ ... ငါပြောတာ ဘာမှားလို့လဲ ... "

"အဟင့် ... လိပ်ပြာမှ မပြန်တတ်တော့တာ၊ ဒီကနေ ပန်းကမ္ဘာကို ဘယ်လိုပြန်သွားရမှာလဲလို့ ... "

" "

...

သူ တစ်ချက်တွေသွားသည်။ ပြီးမှ ...

"မင်း လာခဲ့တုန်းက စာအုပ်ထဲက ထွက်လာခဲ့တာမို့လား"

"အင်း"

"အေးလေ ... အဲဒီစာအုပ်ထဲပဲ ပြန်ဝင်လိုက်ပေါ့၊ တစ်ဖက်မှာ ပန်းကမ္ဘာရှိရင်ရှိနေမှာပေါ့ ... "

ပြောလိုက်မှ ပိုဆိုးလာလေတော့သည်။

"အဟင့်ဟင့် ... ကိုလင်းခက် မနိုးခင်ကတည်းက လိပ်ပြာလည်း ပန်းကမ္ဘာကို ပြန်ဖို့အကြိမ်ကြိမ် ကြိုးစားကြည့်ပြီးပြီ၊ စာအုပ်ထဲလည်း ပြန်ဝင်ကြည့်တာပဲ ... တစ်ညလုံး ကြိုးစားခဲ့တာ ရမှမရတော့တာကိုလို့... အဟင့်



www.burmeseclassic.com

www.burmeseclassic.com



ဟင့် ...”

“ဒါ ... ဒါဆို ...”

သူ ဘာဆက်ပြောရတော့မည်မသိ ဖြစ်နေတော့သည်။ လက်ရှိပြဿနာကို ရိုးရိုးလေးတွေးကြည့်ရုံနှင့်ပင် အရှုပ်ကြီး မြင်နိုင်ပါသည်။ ကဲ ... ဘယ့်နှယ်လုပ်ကြမတုံး။

ယခုတော့ နှစ်ယောက်သား အဖြေရှာမရဘဲ တိတ်ဆိတ်နေခဲ့တာ အတော်ကြာပြီဖြစ်သည်။ အောက်ထပ်က အန်တီပွင့်၏အော်သံ သဲ့သဲ့ကိုကြားတော့မှ ပြန်လည်လှုပ်ရှားသက်ဝင်လာခဲ့၏။

“လင်းခက်ရေ ... မပြီးသေးဘူးလား၊ အန်တီတော့ ဆိုင်ကိုသွားတော့မှာ”

“ဟုတ် ... ဟုတ်ကဲ့ ... ပြီးတော့မှာပါ အန်တီပွင့် ...”

“လိပ်ပြာ ... ဒါဆို မင်းဘယ်လိုလုပ်မှာလဲ ...”

“သိဘူး ...”

အဖြေက ရှင်းလင်းလွန်းသည်။

“ကောင်းတယ် ... ငါတော့ သေသာသေချင်တော့တာပဲဟာ၊ နေပါဦး ဒါဆို မင်းပြန်လို့ မရမချင်း ဘယ်မှာသွားနေမလဲ ...”

“မသိဘူးလေ ... လောလောဆယ်တော့ ဒီမှာပဲ ...”

“ဘာ!”

စကားမဆုံးခင် အလန့်တကြားထွက်ပေါ်လာသည့် ‘ဘာ’သံကြောင့် ရုတ်တရက် သူမ လန့်သွားပုံရသည်။ အတောင်တွေပင် တဖျတ်ဖျတ်လှုပ်သွားသည်။

“မင်းမှာ အခြားနေစရာ၊ နတ်ဆွေမျိုးနတ်အပေါင်းအသင်းလေးဘာလေး မရှိဘူးလားဟင် ...”

“ရှိတာပေါ့ ... ရှိတာမှ အများကြီးပဲ”

သူ အတော် အားတက်သွား၏။

“ဟုတ်လား ... ဒါဆို ဒီလိုလုပ်ပါလားလိပ်ပြာ ... မင်း သူတို့နဲ့ခဏသွားနေလေဟာ ... မကြာမကြာလည်း ငါနဲ့တွေ့လို့ရပါတယ် ...”

“ဒါပေမဲ့ သူတို့တွေက ပန်းကမ္ဘာမှာလေ ...”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!"

သူ့ စိတ်ခတ်တွေ အကြီးအကျယ် ပစ်ကျသွားမိသည်။

"ဒါ ... ဒါဆို မင်းက အိမ်ပြန်လို့မရမချင်း ဒီမှာပဲ နေဦးမှာပေါ့"

"ဟုတ်!"

"ဟာ ... လိပ်ပြာ ... ငါက လူပျိုနော် ... "

"လိပ်ပြာလည်း အပျိုစင်နတ်သမီးလေးပါ ... "

သူမအသံက တိုးရှုရှု။ အရေးထဲ နှစ်ယောက်သား ကြွားလုံးထုတ်နေကြသေးသည်။

"ငါနဲ့ဒီမှာအတူနေဖို့ ဖြစ် ... ဖြစ်ပါ့မလား"

"ဖြစ် ... ဖြစ်မှာပါ ... "

ရှက်ရွံ့မှု အားနာမှုနှင့် တစ်စုံတစ်ခုတွေကြောင့် နှစ်ယောက်လုံး စကားသံတွေ တုန့်ခါနေကြသည်။ ဖြေပြီးမှ နတ်သမီးလည်း ရှက်သွားပုံရသည်။ အတောင်ပံတစ်ဖက်နှင့် မျက်နှာကိုကွယ်ထားပြီး ခေါင်းကိုပါ ငုံ့ထားသည်။

သူလည်း ပြောပြီးမှ ရင်ခုန်သွားမိ၏။ နောက်တော့ ပြေရာပြေကြောင်း စကားအချို့ကို ပြောပြီး သူရှောင်ထွက်လာခဲ့တော့၏။

"ဒါ ... ဆိုလည်း သဘောပဲ လိပ်ပြာရာ ... ငါတော့ မပြောတတ်တော့ဘူး။ နောက်မှ မင်းကိစ္စကို ဆက်စဉ်းစား အဖြေရှာကြတာပေါ့။ ခုတော့ ငါ အောက်ထပ်ကို ခဏသွားလိုက်ဦးမယ်"

"ကျေးဇူးပါနော် ... "

သူ ... တံခါးဝကိုရောက်ပြီးမှ စိတ်မချသလို တစ်ခါ ထပ်ပြောရသေးသည်။

"လိပ်ပြာ ... ဒီမှာငြိမ်ငြိမ်နေခဲ့နော်၊ ဘာသံမှလည်း မထွက်စေနဲ့၊ ငါ အန်တီဆိုင်သွားတာနဲ့ ပြန်လာခဲ့မယ်"

"ဟုတ်!"

ခုတော့လည်း နတ်သမီး ရုပ်လေးက သနားစရာပင် ကောင်းနေသေးသည်။ သူကတော့ သက်ပြင်းကိုချပြီး အောက်ထပ်သို့သာ ပြေးဆင်းလာခဲ့ရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေ ...
သင့်မှာရော ...
ဘယ်လို စိတ်ကူးအိပ်မက်တွေ ရှိခဲ့ဖူးပါသလဲ ... ။

မထင်မှတ်ဘဲ
နတ်သမီးလေးတစ်ပါးနဲ့ ခင်မင်ခွင့်၊
စကားလက်ဆုံကျခွင့်နဲ့ ပြီးတော့ ...
အခန်းတစ်ခန်းထဲမှာ နှစ်ယောက်အတူအိပ်ပြီး
ရက်ပေါင်းများစွာ ... လပေါင်းများစွာများ။
ကြုံတွေ့ပတ်သက်ခွင့်ရမယ်လို့ရော ထင်မြင်စိတ်ကူးယဉ်ဖူးခဲ့ပါသလား။

အကယ်၍
သင့်မှာ နတ်သမီးတစ်ပါးနဲ့များ
အဲသလို အခွင့်အရေးမျိုးရခဲ့ရင် ...

သင် ဘယ်လိုခံစားရမည်လဲ?
သင် မည်သို့ ပြုမူမည်လဲ?
(သို့)
ဘာ
လုပ်
မှာ
လဲ ? ? ?



www.burmeseclassic.com

www.burmeseclassic.com

## Scene (6)

ဟုတ်ကဲ့ ... မြန်မာနိုင်ငံတွင် နတ်သမီးတစ်ပါးနှင့် အလုပ်ရှုပ်နေသော
လူငယ်တစ်ယောက် ရှိပါသည်။

ထိုလူငယ်လေးကို လင်းခက်ဟု ခေါ်တွင်ပါသည်။

သူ အောက်ကိုအမြန်ဆင်းပြီး အန်တီပွင့် စိတ်ကျေနပ်အောင် Break-fast စားပြရသေးသည်။ သူ့အကြိုက် မုန့်ဟင်းခါး လုပ်ပေးထားသည်။ သို့သော် အရင်နေ့တွေလို အရသာခံပြီး စားမနေအား။ အပေါ်မှာ အရှုပ်ထုပ် နတ်သမီး တစ်ပါးရှိနေသည် မဟုတ်ပါလား။

တစ်ဆက်တည်းမှ သူမရော ဘာစားပြီးပြီလဲ။ ညကတည်းကဆို ဆာ နေလောက်ရောပေါ့။ ဟင့်အင်း သူက နတ်သမီးပဲ ... နတ်သုဒ္ဓါတွေ ဘာတွေ တစ်ခါစားထားရင် နှစ်ပေါင်းများစွာ အစာမစားဘဲနေလို့ ရတယ်မို့လား ဖြင့် သူ တွေးနေမိသေးသည်။

နတ်သမီးတွေမှာ အစာအိမ်ပါ မပါကို သူအတည်မပြုပေးနိုင် သည်။ ထိုစဉ် အန်တီပွင့် တစ်ယောက် ဝဖိုင့်ဖိုင့်ခန္ဓာကြီးကို လှုပ်ရမ်း ရောက်လာ၏။ ပုံစံကတော့ ပြင်ပြီး ဆင်ပြီး ဆိုင်ကိုသွားရန် အသင့်အ

www.burmeseclassic.com

www.burmeseclassic.com



အထားပင် ဖြစ်သည်။

"လင်းခက် … မုန့်ဟင်းခါး အိုကေရဲ့လား"

"အိုကေတယ် … အန်တီပွင့် … တော်တော်ကောင်းတယ်"

သူ့စကားကြောင့် ဒေါ်ပွင့်ခက် တစ်ယောက် ပြုံးရွှင်သွားသည်။ သူက အမြောက်ကြိုက်မို့လား။

"ပြီးရင် … FM ကိုသွားတော့မှာမို့လား"

"ဟုတ် … "

"ခြံတံခါးတွေ သေချာပိတ်ဖို့ မမေ့နဲ့နော် … အန်တီလည်း ဆိုင်ကိုသွား တော့မယ် … နောက်တောင် ကျနေပြီ … "

"စိတ်ချ … အန်တီပွင့် ကျွန်တော် သေချာပိတ်ပါ့မယ်"

"အေး … အေး … " ဟုဆိုကာ ထွက်သွားပြီးမှ ဒေါ်ပွင့်ခက်က ပြန် လှည့်လာပြီး …

"ဒါနဲ့ လင်းခက် … စောစောက မင်းအခန်းထဲက စကားပြောသံတွေ ကြားလိုက်သလားလို့ … ဘာတွေလုပ်နေတာလဲ … ဒီအိမ်မှာ တို့တူကြီးနှစ် ယောက်ပဲရှိတာ … နင်က ဘယ်သူနဲ့များ စကားပြောစရာရှိသေးလို့တုန်း"

"နတ်သမီးနဲ့ … "

"ဟင် … "

ရုတ်တရက် သူ စကားမှားသွားပြီဆိုတာကို သိလိုက်၏။

"ဘယ်သူ … နတ်သမီး ဟုတ်လား … "

"အဟဲ … ဒီလို အန်တီပွင့်ရေ … မနက်ဖြန် FM မှာ နတ်သမီးပုံပြင် တစ် လွှင့်ရမှာလေ … အဲဒါ အဆင်မပြေမှာစိုးလို့ အရင်လေ့ကျင့်ရင်း နတ်သမီး ပုံပြင်ပြောကြည့်နေတာ … ကျွန်တော်က ဘယ်သူရှိလို့ ဘယ်သူနဲ့စကားပြော ရမှာလဲ အန်တီပွင့်ရဲ့ … "

သူ ရုပ်တည်ကြီးနှင့် ပလီစဉ်ဆွဲလိုက်တော့လည်း အဆင်ပြေရှာပါသည်။

"လင်းခက် … လင်းခက် … ငါတော့ မြင်ယောင်သေးတယ်၊ တစ်နေ့ တစ်နေ့ ဒီပုံပြင်ဇာတ်လမ်းတွေနဲ့ပဲ အချိန်ကုန်နေတာ … တွေးလိုက် ရေး လိုက် ရွှတ်လိုက်နဲ့ နင် ရူးတော့မယ် … ဘယ်နှယ့် … ဝါသနာပါလည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



နည်းပေါ့ ... ခုတော့ ဒီပုံပြင်နဲ့ပတ်သက်ရင် နင်က ပိုကိုပိုလွန်းတယ် _ အဟွန်း"

"ဒါကတော့ ကျွန်တော် ငယ်ငယ်လေးကတည်းက ပုံပြင်လေးတွေကို စိတ်ဝင်စားတာ သိရဲ့သားနဲ့ ..."

"သိတယ်လေ ... ခုဟာက လွန်လွန်းလို့ပြောလာတာ၊ မသကာ နင် စိတ်ဝင်စားရင် မိန်းမလေးဘာလေးယူဖို့ စိတ်ဝင်စားပါလား ... ဒါမှ ငါလည်း အဖော်ရတာပေါ့ ..."

"တော်ပါ အန်တီပွင့်ရယ် ... ဒီမှာ ရည်စားတောင် မထားဘူးသေးတဲ့ လူကို ..."

"အဲဒါ နင်အသုံးမကျတာပေါ့ဟဲ့ ... ငါ နင့်အရွယ်တုန်းကဆို ဘဲဆယ် ခုနစ်ရောက်လောက်ကို ပတ်တွဲပြီး ကဲပစ်ခဲ့တာ နားလည်လား ..."

အန်တီပွင့်က သူ့ငယ်ဓာတ်တွေကို အရည်ရွှမ်းနေသော မျက်လုံးကြီး များနှင့် ပြန်မြင်ယောင်ပြီး ပါးစပ်ကြီးအပြည့်နှင့် ကြွားလုံးထုတ်နေ၏။ သူ ခန္ဓာကိုယ်ကြီးကို နွဲ့နွဲ့ပြီး တက်တက်ကြွကြွကြီး ပြောနေပုံကိုကြည့်ပြီး ရယ် ချင်စိတ်ကို မနည်းထိန်းချုပ်ထားနေရသည်။

သို့သော် ... ရုတ်တရက် ခွန်းတုန့်ပြန်တတ်သော သူ့အကျင့်က ဓာတ် ဝင်လုပ်ပေးလိုက်တော့ ချက်ချင်းရာသီဥတုက ပြောင်းသွားသည်။

"ဟုတ်မယ် ... အဲဒါကြောင့် အပျိုကြီးဖြစ်နေတာနေမှာနော်"

"ဘာ! ... လင်းခက် ... ငါ့စေတနာကို မစော်ကားနဲ့ ငါယောကျ်ား မယူခဲ့တာ မင်းကြောင့်ဟဲ့ ... အဟွန်း ... တစ်ချိန်တုန်းက ပွင့်ခက်တို့လို ရင် တစ်ယောက်မဟုတ်ဘူး ဆယ်ယောက် ... ဆယ်ယောက်ယူလို့ရတယ် နားလည်လား"

ပြောပြီးမှ ဒေါ်ပွင့်ခက်တစ်ယောက် နှုတ်လွန်သွားတာကို သတိထား မိသွားပုံရသည်။ ချက်ချင်း ပြန်ဖြည်ပြန်သည်။ သူကတော့ အဒေါ်ဖြစ်သူကို ကြည့်ပြီး ကြိတ်ရယ်နေရသဖြင့် စားလက်စ မုန့်ဟင်းခါးပင် သီးသွားရ သည်။

"အယ် ... ဟုတ်ပါဘူး၊ နင့်ကိုပြောရတာနဲ့ ငါ့စကားတွေတောင် ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ကုန်မှန်း မသိတော့ပါဘူး လင်းခက်ရယ် ... ကဲကဲ ... ငါလည်း ဆိုင်ကို သွားတော့မယ် ... နင့်ကိုပြောနေရတာ ပြီးမှာကို မဟုတ်တော့ဘူး”

“အဟွတ်! အဟွတ်!”

မုန့်ဟင်းခါး သီးသည်ကို ဒေါ်ပွင့်ခက်က သူ့ကို သရော်တယ်အထင် ရောက်သွားပုံရပါသည်။ သူ့ကို မကြည်သလို မျက်စောင်းခဲကြည့်ပြီး ဆင်မယဉ် သာ လျှောက်လှမ်းထွက်ခွာသွားလေတော့၏။

သူလည်း စားလက်စကို အမြန်လက်စသတ်ကာ အပေါ်ထပ်သို့ အမြန် ပြန်တက်လာခဲ့ရ၏။ သိတယ်မို့လား ... အပေါ်ထပ်မှာက ... ။



www.burmeseclassic.com

www.burmeseclassic.com

## Scene (6-A)

သူ အခန်းလေးထဲကိုဝင်လိုက်တော့ မျက်နှာငယ်လေးနှင့် ငုတ်တုတ် ထိုင်နေသော သူမကို တွေ့ရသည်။ အတောင်ပံတွေကိုတော့ မတွေ့ရ။ သူ ဖျောက်ထားပုံရသည်။

သူ့ကိုတွေ့တော့ သူမက ယဲ့ယဲ့ကလေး တစ်ချက်ပြုံးပြရှာပါသည်။ အဓိပ္ပာယ်က မရှိပြီး။ အင်းပေါ့ ... သူမလည်း စိတ်ညစ်နေရောပေါ့လေ။ ကိုယ့်အရပ် ကိုယ့်ဒေသမှ မဟုတ်တာ။ သူမ ဘယ်ပျော်နိုင်ပါ့မလဲ။ ပြီးတော့ သူမအဖြစ်က ဖြွန်းဆို ဘုမသိ ဘမသိနဲ့ သည်အခန်းထဲကို ရောက်လာခဲ့ရတဲ့ အဖြစ်။

"လိပ်ပြာ ... ငါတို့ ဘယ်လိုဆက်လုပ်ကြမလဲ ... ဆောရီး ငါစကား ပြောလောသွားတယ် ... ငါ မင်းကို ဘယ်လိုကူညီပေးရမလဲ ... "

သူမက အရင်ဆုံး သနားကမား ရုပ်ခံလေးနှင့် ခေါင်းရမ်းပြသည်။ ပြီးမှ ...

"ဟင့်အင်း ... လိပ်ပြာလည်း ဘာမှမပြောတတ်တော့ဘူး၊ စိတ်ည တာပဲသိတယ် ... " ဟု ခပ်တိုးတိုးလေး ဖြေသည်။

သူ မေးပြီးမှ မှားမှန်းသိသွားသည်။ သူမကို သည်လိုအချိန်မှာ သည် စကားမျိုး မပြောသင့်။ တကယ်ဆို သနားစရာတောင် ကောင်းနေပြီမဟုတ် ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"လိပ်ပြာ ... တစ်ခုခု စားမလား၊ ဗိုက်ဆာနေရောပေါ့"

ပြောလိုက်မှ သူမလည်း သတိရသွားပုံရသည်။ ဗိုက်ကလေးကို ပွတ်ပြီး သူ့ကို ငေးကြည့်နေ၏။

"မုန့်ဟင်းခါးတွေ ရှိသေးတယ် စားမလား ..."

"မုန့်ဟင်းခါး"

"အင်းလေ ... မုန့်ဟင်းခါး ..."

နတ်သမီးတွေ မုန့်ဟင်းခါး ကြိုက် မကြိုက်တော့ သူလည်းမသိ။ အိမ်မှာရှိတာကို ပြောရတာဖြစ်သည်။ ပြောလို့တော့မရ၊ အရက်ကြိုက်တဲ့ နတ်တွေတောင်ရှိနေသေးတာ။ မုန့်ဟင်းခါး ကြိုက်တဲ့နတ်လည်း ရှိနိုင်တာပဲနော်။

"စားမှာလား မုန့်ဟင်းခါး ... ငါ ယူပေးမယ်လေ ..."

"ကိုလင်းခက် ... မုန့်ဟင်းခါးဆိုတာ ဘာလဲ ... စားရတာလား"

ဗုဒ္ဓေါ ... သူ ဘာဆက်ပြောရမည်ပင် မသိဖြစ်သွားသည်။

အေးပေါ့ ... သူက လူမှမဟုတ်တာ။ နတ်သမီးပဲ ... မုန့်ဟင်းခါးကို ဘယ်သိပါ့မလဲ။ နတ်ပြည်မှာ မုန့်ဟင်းခါးမရှိဆိုတာတော့ သေချာနေချေပြီ။

"အင်း ... စားရတာပေါ့ လိပ်ပြာရဲ့ ... ငါတော့ မုန့်ဟင်းခါးကို အသေကြိုက်တယ် ..."

"ဟုတ်လား ... လိပ်ပြာတော့ အဲဒါကြီးကိုသိဘူး၊ ကြားတောင် မကြားဖူး ... အဟီး ... နာမည်ကြီးကလည်း ရယ်စရာကောင်းလိုက်တာ မုန့်ဟင်းခါးတဲ့ ..."

သူမ ဖြေပုံကြောင့် သူတောင် ရယ်ချင်သွားမိသည်။ အတော်ပွကျတဲ့ နတ်သမီးပဲ။

"ဟုတ်ပါပြီ ထားပါတော့ ... ဒါဆို လိပ်ပြာက ဘာစားတာလဲ ပြောပါ ..."

"ဝတ်ရည် ..."

"ဟင် ..."

သူ နားမလည်သည်ကြောင့် ထပ်မေးလိုက်မိသည်။ သည်တစ်ခါတော့ ပြန်မေးရတော့မည့်အလှည့် ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ဝတ်ရည် ..."

"ပန်းဝတ်ရည်လေ ကိုလင်းခက်ရဲ့ ... ပြီးတော့ ပျားရည်ကိုလည်း ကြိုက်တယ် ..."

"ဩော် ..."

သေစမ်း ... သူ အော်သာငိုလိုက်ချင်တော့သည်။

ဟုတ်တာပေါ့ ... သူမက လိပ်ပြာမလေးပဲ၊ ပန်းဝတ်ရည်ကိုပဲ ကြိုက်မှာပေါ့။ အဲဒါမှ တကယ့်ဂွ။ သူ ဘယ်လိုရှာပေးရပ့်။

"ပျားရည်တော့ ရေခဲသေတ္တာထဲမှာ နည်းနည်းရှိတယ် ... ဒါပေမဲ့ မင်းဝမှာမဟုတ်လောက်ဘူး၊ ပြီးမှ ငါအပြင်ထွက်ပြီး ဝယ်ပေးမယ် ... တခြားရော ဘာစားသေးလဲ လိပ်ပြာ ..."

သူမက စဉ်းစားသလို တစ်ချက်ငြိမ်သွားပြီးမှ ဖြေပါသည်။

"သစ်သီး အတော်များများလည်း လိပ်ပြာစားနိုင်ပါတယ်"

"ဟူး ... တော်ပါသေးရဲ့ ..."

သူ အသံတိတ် ရေရွတ်လိုက်မိ၏။ မေးသာမေးလိုက်ရတာ ခပ်လန့်လန့် ရယ်။ တော်ကြာ ... ပေါက်ကရတွေ ဖြေလာခဲ့ရင် အခက်မို့လား။

"အိုကေ ... အောက်က ရေခဲသေတ္တာထဲမှာတော့ သစ်သီးတွေ အတော်ကလေးရှိသေးတယ် ... ပြော ... ဘာစားမလဲ ပန်းသီး၊ ငှက်ပျောသီး စပျစ်သီး၊ သဘော်သီး၊ လိမ္မော်သီး၊ ပျားလိမ္မော် ..."

"ကြိုက်တယ် ... အားလုံးယူခဲ့လိုက်လေ ကိုလင်းခက်ရဲ့ ..."

"အင်!"

သူ မျက်လုံးပြူးသွားမိသည်။

"ဩော် ... အေးအေး ခဏစောင့်ဦး၊ ငါ အောက်ထပ်ဆင်းယူလိုက်ဦးမယ် ..."

"ဟုတ်!"

သူ အောက်ထပ်ရှိ ရေခဲသေတ္တာအတွင်းမှ သစ်သီးများကို သယ်ယူလာခဲ့၏။ ပျားရည်ပုလင်းကိုလည်း မမေ့စေရ၊ ရေသန့်တစ်ဗူးကိုပါ အစစ်ယူလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... လိပ်ပြာ ... ကိုက်သလောက်သာ ဆွဲတော့ ..."

သူမက အသီးတွေကိုမြင်တော့ ကလေးတစ်ယောက်လို အူမြူးသွားပုံရ၏။ အကြီးဆုံး အလှဆုံးဖြစ်သော ပန်းသီးကြီးတစ်လုံးကို အရင်ကောက်ကိုင်လိုက်ပြီး မက်မက်စက်စက် စားနေလေတော့၏။

ကလေးတစ်ယောက်လို ဖြူစင်စွာ စားသောက်နေသော သူမကို ကြည့်ကောင်းကောင်းနှင့် ငေးကြည့်နေမိသည်။

သူမက ပျားရည်လေးသောက်လိုက်၊ အသီးတွေစားလိုက် ရေဗူးလေးကောက်ကိုင်လိုက်နှင့် အတော်အလုပ်ရှုပ်နေပုံရပါသည်။

"စားလို့ ကောင်းရဲ့လား လိပ်ပြာလေး ..."

"အင်း"

သူမက ပလုပ်ပလောင်း အသံကြီးနှင့် ပြန်ဖြေပြီး သူ့ကိုပါ စားပါဦးလားဟု လက်ဟန်ခြေဟန်နှင့် လောကွတ်လုပ်နေသေးသည်။

"စားပါ ... မင်းသာ ဝအောင်စားပါ ..."

ဘယ်ကတည်းက ဆာလောင်မွတ်သိပ်နေသည် မသိပါ။ သူမ တကယ်ကြီးကို မက်မက်စက်စက် စားနေပါသည်။ စားသည်ဆိုသော်ငြားလည်း သူမက ဝါးတာသာဖြစ်သည်။ ဝါးပြီး အရည်ကိုသာစုပ်ပြီး ဝါးစီးသားအစာတွေကို ပြန်ထွေးထုတ်ပစ်၏။ အနားမှာ သူမဝါးပြီး ထွေးထုတ်ထားသည့် အရာတွေဆို မြင်၍ပင် မကောင်းတော့။ ပြီးမှပဲ သူပြန်ရှင်းရပေတော့မည်။ လိပ်ပြာကျင့် လိပ်ပြာကြံဆိုတာ ဒါမျိုးပဲလား။

ထိုစဉ် ...

"×××ဟားဟား×××ဟားဟားဟား×××"

သူ့ ဖုန်းRingtone သံက ကလေးတစ်ယောက်၏ အူလှိုက်သဲလှိုက် ရယ်မောသံများဖြင့် ရုတ်တရက် ထမြည်လာ၏။

အခြေနေကလည်း ရုတ်တရက် ပြောင်းလဲကုန်၏။

"ဖြန်း!" (ရုတ်တရက် နတ်သမီးတောင်ပံတွေ ထွက်ပေါ်လာသည်)

"ဒုတ်!" (နတ်သမီးလက်ထဲမှ စားလက်စ ပန်းသီးတစ်လုံး ပြုတ်ကျသွားသံ)



www.burmeseclassic.com

www.burmeseclassic.com



"ဟင် …"

"အို … အို"

ထိုဖုန်းမြည်သံကို သူမ အတော်လန့်သွားပုံရသည်။ စားသောက်နေရာမှ ချက်ချင်း နံရံထောင့်မှာသွားကပ်နေပြီး သူမ၏အတောင်ပံများနှင့် ကာကွယ်ထားလိုက်၏။

ရုတ်တရက် သူလည်း သဘောမပေါက်။ စားပွဲပေါ်က သူ့ဟန်းဖုန်းလေးကို တစ်လှည့် သူမကို တစ်လှည့်ငေးကြည့်ပြီး ကြောင်နေမိသည်။ ပြီးမှ ဖုန်းကို ကောက်ကိုင်လိုက်သည်။

Angel FM မှ သူငယ်ချင်း လင်းလင်းထိုက်၏ ဖုန်းဖြစ်သည်။

"အေး … လင်းထိုက် … ပြော …"

"…"

"ဆောရီးပဲကွာ … ငါ ဒီနေ့ လာနိုင်မှာမဟုတ်တော့ဘူး"

"…"

"အရင် Record လုပ်ထားတဲ့ ပုံပြင်တွေထဲက တစ်ပုဒ်ယူလွှင့်လိုက်ကွာ၊ ငါ ဒီမှာ အရေးကြီးတဲ့ တခြားကိစ္စလေး ရှိနေလို့ …"

"…"

"အာ … ငါနောက်မှ အေးအေးဆေးဆေး ပြောပြမယ်ကွာ၊ ဒါပဲနော် သားကြီး …"

သူ ဖုန်းချပြီး သူမကိုကြည့်လိုက်တော့ အတောင်ပံလေးကွယ်ပြီး ချောင်းကြည့်နေသည့် သူမမျက်ဝန်းလေးနှင့်ဆုံမိသွားသည်။

"ဘာမှ မဟုတ်ပါဘူး လိပ်ပြာလေးရယ် … ဒါက ဖုန်းလာတဲ့အသံပါ။ သိပ်ကြောက်သွားတာလား"

သူမက ခေါင်းညိတ်ပြတော့ ဘာရယ်မဟုတ်ပေမယ့် သူ့ရင်ထဲမှာ အတော်ထိရှသွားရပါ၏။ သနားသွားတာလား ဘာလား သေချာတော့ သူ ခေါင်းစဉ် မပေးတတ်ခဲ့။

တစ်လက်စတည်းမှ ဖုန်းကိုပါ ပါဝါပိတ်ထားပစ်လိုက်သည်။ တော်ကြာ နောက်တစ်ခါ ဖုန်းထပ်လာမှ …



www.burmeseclassic.com

www.burmeseclassic.com



"လာပါ လိပ်ပြာ ... ဒီမှာပြန်ထိုင်ပြီး သစ်သီးတွေပြန်စားပါဦး၊ လာပါ လိပ်ပြာရဲ့ ... "

သူ ကလေးတစ်ယောက်ကို ချော့မြူသလို ပြောပြီးခါတော့ သူမက မဝံ့မရဲ ခြေလှမ်းလေးများနှင့် တိုးကပ်လာပြီး သူ့လက်ထဲက SAMSUNG အမှတ်တံဆိပ် ဖုန်းလေးကို စပ်စုသလို ငေးကြည့်နေ၏။

"ဘာလဲ ... ဒါကိုကြောက်နေတာလား လိပ်ပြာရဲ့ ... ဒီမှာ ကိုင်ကြည့် ဘာမှကြောက်စရာမရှိပါဘူး"

သူက ဖုန်းလေးကို ရှေ့တိုးပေးတော့ သူမက တွန့်ခနဲ နောက်ပြန်ဆုတ်သွား၏။ သူ့ကြည့်ရင်း အသဲယားနေမိသည်။

မကြောက်ပါနဲ့ လိပ်ပြာရဲ့ ... လာ ... ဒီမှာ ရဲရဲကိုင်ကြည့်၊ ကိုယ်တစ်ယောက်လုံးရှိတယ် ... "

ပြောပြောဆိုဆို သူက သူမလက်ကလေးကိုဆွဲယူပြီး ဖုန်းလေးကို ထိကိုင်စေလိုက်သည်။ အခေါ်အဝေါ် အသုံးအစွဲ တချို့လည်း ကြင်နာရိပ်ကြောင့် ရုတ်တရက် ပြောင်းလဲစေခဲ့၏။

အားလုံးကို သူ သတိထားမိသွားချိန်မှာတော့ သူမ မျက်ဝန်းလှလှလေးနှင့် ဆုံ၍သွားသည်။ သူ့ရင်ထဲ ဆတ်ခနဲ လှုပ်ရှား၍သွားသည်။

ဒါဟာ ... ထိတွေ့မှုကြောင့်လား။ သူမ မျက်ဝန်းတွေကြောင့်လား သူ မဝေခွဲတတ်။ သူ့လက်ထဲမှာတော့ သူမရဲ့ လက်တစ်ဖက်က ရှိနေဆဲ။

သူမကလည်း ဘာရယ်မသိ ခေါင်းကိုသာ ငုံ့ထားသည်။ လက်ကိုလည်း ရုန်းဖယ်ခြင်းမရှိ။ ပကတိ ငြိမ်သက်နေဆဲ။

သူမလည်း ရုတ်တရက် ရှက်ရွံ့သွားပုံရ၏။

နုတ်သမီးတွေ ရှက်လျှင် မျက်နှာကလေး ရဲတက်လာတတ်သလား သူ အတတ်မပြောနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် သူမက ခေါင်းကိုငုံ့ထားသောကြောင့်ပင် ဖြစ်သည်။

"ဒီမယ် တွေ့လား ... ဘာမှကြောက်စရာမဟုတ်ဘူး ... ဒါက တစ်ယောက်နဲ့တစ်ယောက် မလွယ်တကူ စကားပြောလို့ရတဲ့ ပစ္စည်းလေးပါ ... သူ့ကို ဖုန်းလို့ခေါ်တယ် ... "



www.burmeseclassic.com

www.burmeseclassic.com



MPT ရဲ့ လိုင်းကျပ်မှုတွေ။ အခါ တစ်ရာလောက်ခေါ်မှ တစ်ခါဝင်တာတွေ။ ဝင်ရင်လည်း လိုင်းမကောင်းလို့ အသံတွေပြတ်တောင်း ပြတ်တောင်း ဖြစ်တာတွေကို သူထည့်မပြောဖြစ်။ တော်ကြာ ... သူမ နတ်ပြည် ပြန်ရောက်သွားလို့ မြန်မာပြည်က ဖုန်းအကြောင်းပြန်ကြွားရင် ရှက်စရာကောင်းနေမှာ မဟုတ်လား ... ကိုယ့်ကြောင့်တော့ မြန်မာနိုင်ငံရဲ့ ဂုဏ်သိက္ခာကို မကျစေလိုပါ။

သူမက ခုတော့ Handset လေးကို ခပ်ရဲရဲကိုင်ကြည့်နေပြီ ဖြစ်သည်။ ကြောက်ရွံ့မှုတွေလည်း ပျောက်သွားပုံရပါသည်။ သူမမှာ အတောင်ပံတွေ မရှိတော့ချေ။

"ဖုန်း ... "

"ဟုတ်တယ် ... ဒါ ဖုန်း ... "

"ဒါနဲ့ စကားပြောလို့ရတယ်ပေါ့"

"ရတာပေါ့ ... ရလို့ပဲ ကိုယ် စောစောက ပြောနေတာပေါ့"

"ဟုတ်သားပဲ ... မိုက်တယ်နော် ဒါလေးက ... "

ပြောပြီး သူမက ဖုန်းလေးကို ကလေးတစ်ယောက် ကစားစရာအရုပ်အသစ်တစ်ခု ရလိုက်သလို သေချာကိုင်ကြည့်နေ၏။

သူကတော့ တွေးနေမိပါသည်။ နတ်သမီးဖြစ်ပြီး ဘာမှလည်း မသိပါလားဆိုပြီးတော့ပေါ့လေ။ တော်ပါသေးသည်။ မြန်မာစကားကို ကောင်းကောင်းပြောတတ်လို့။ မဟုတ်လို့ကတော့ ဒီအချိန်မှာ သူတော့ နတ်သမီးတစ်ပါးနှင့် သေပြီဆရာပဲ။

သူမက စပျစ်သီးတစ်ခက်ကိုယူပြီး တစ်လုံးပြီးတစ်လုံး ယူစားပြီး ထုံးစံအတိုင်း အခွံတွေကို ဘေးနားမှာထွေးထုတ်နေ၏။ အခုတော့လည်း အစောက ဘာမှမဖြစ်ခဲ့သလို အေးအေးလူလူပင်။ ပီဘိ ကလေးတစ်ယောက်နှင့်ပင် တူတော့၏။ ကလေး နတ်သမီးလေးပေါ့။

"လိပ်ပြာ ... ကိုယ် မင်းကို စားစရာတွေလာချကျွေးနေတာ ခုမှသတိရတယ် ... မင်း မျက်နှာမသစ်ရသေးဘူးမို့လား။ ဟိုမှာတွေ့လား။ အဲဒါ ရေချိုးခန်းနဲ့အိမ်သာ သွားပွတ်တံအသစ်လည်းရှိတယ် ... ပြီးရင် လန်းသွားအောင်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဝင်သစ်လိုက်ဦး။ ပြီးရင် ... အင်္ကျီလေးဘာလေးလဲဖို့ ကိုယ့်အခေါ် အခန်းထဲက သူနဲ့မတန်တော့တဲ့ အင်္ကျီတွေ သွားယူပေးမယ် ဟုတ်ပြီလား"

"ရှင်! ... မျက်နှာသစ်ရမယ် ဟုတ်လား ... "

"အေးလေ ... သွားပါတိုက်ခဲ့ ... "

"အဲဒါတွေက ဘာလုပ်ရတာလဲဟင်"

"ဗျာ!"

သူ ဗျာပဲ ဗျာနိုင်တော့သည်။ သည်လောက်ကလေးတောင် မသိဘူးလား။ သေချာပြီ ... နတ်တွေ မျက်နှာမသစ် သွားမတိုက်ကြဘူးဆိုတာ" ခုမှတော့ မတတ်နိုင်တော့။ သူကိုယ်တိုင်ပဲ ရေချိုးခန်းထဲကိုခေါ်သွားပြီး သရုပ်ပြရင်း သင်ပေးရပါလေတော့သည်။

"တွေ့လား ... ဒီလိုလေး ပွတ်တိုက်ပေးရတာ"

"ဒီလိုလား"

မဆိုး။ သူမက သင်လွယ်တတ်လွယ်တော့ရှိသား။ အင်းပေါ့ ... နတ်သမီးပဲ ဒီလောက်တော့ရှိရမှာပေါ့။

"ပြီးရင် ... ဒီလိုခေါင်းကိုမော့ပြီး ဒီလိုလုပ် ... ပြီးတော့မှ ... "

"ဂလောက် ဂလောက် ... ဂလောက်" (အာလုပ်ကျင်းရာမှ ထွက်ပေါ်သည့်အသံ)

သူမကလည်း သူ သရုပ်ပြသည့်အတိုင်း တသွေမတိမ်း လိုက်လုပ်ရှာပါသည်။ သို့သော် ...

"ဂလု! ... အား:::! ... " (တစ်စုံတခု မျိုချလိုက်သံ)

"ဟင်!"

သူမက အာလုပ်ကျင်းပြီး ထိုအမြှုပ်တွေကို ထွေးမထုတ်ဘဲ မျိုချလိုက်သည်ကြောင့် သူ မျက်လုံးပြူးသွားရသည်။

"ဟဲ့ ... အဲဒါတွေက ထွေးပစ်ရမှာလေ ... "

"ဟုတ်လား ... သိဂူးလေ လိပ်ပြာက သောက်ရမယ်မှတ်လို့ ... အဟီး အရသာကောင်းတော့ကောင်းသား ပူရှိန်းရှိန်းလေး ... "

"အဟင်:::"



www.burmeseclassic.com

www.burmeseclassic.com



သူ့ သက်ပြင်းရှည်ကြီးကိုသာ ဆွဲချနေမိတော့၏။

ပြီးတော့ ... သူ့အဒေါ်အပျိုကြီး ဒေါ်ပွင့်ခက် အခန်းထဲက သူမနှင့် တော်မည်ထင်သော အင်္ကျီတချို့ကို သွားယူပေးပြီး အဝတ်လဲခိုင်းရသည်။

တော်သေးတာပေ့ါ ... ဝတ်ရလွယ်တဲ့ ဂါဝန်ကြီးတွေမို့၊ သိတယ်မို့လား။ ထမီတွေ အင်္ကျီတွေသာ ယူပေးမိလို့ကတော့ သူမကို ထမီဝတ်ပုံဝတ်နည်း သင်တန်းပြန်ပေးရတာနှင့် မြွေဖမ်းသွားနိုင်သည်။

အခုတော့ အင်္ကျီဂါဝန်ကြီးက သူမနှင့် အနည်းငယ် ပွယောင်းနေသည်ကလွဲ၍ ကြည့်ရတာ အဆင်ပြေပါသည်။

နောက် ... သူမ စားသောက်ပြီး ထွေးထုတ်ထားသော အခွံတွေကို သန့်ရှင်းသိမ်းဆည်းရ၏။ နောက် ... သူမကို သင်စရာ ပြစရာ အတော်များများကို သင်ပြပေးရသေးသည်။ မှာစရာရှိတာတွေကိုလည်း မှာရပါသေးသည်။

"ညနေရောက်ရင် ဆိုင်ကနေ အန်တီပြန်လာမှာနော် ... လုံးဝ အသံမထွက်အောင်နေရမယ် ... ဒီအခန်းထဲကနေလည်း လုံးဝအပြင်ကို မထွက်မိစေနဲ့ ... အခက်အခဲရှိရင် ကိုယ့်ကို ပွင့်ပွင့်လင်းလင်းပြောနော် ဟုတ်ပြီလား"

"ဟုတ် ..."

"ဒီအချိန်မှာ လိပ်ပြာလေးရှိနေတယ်ဆိုတာကို တခြားသူတွေ သိသွားလို့ မဖြစ်ဘူး၊ ပြီးတော့ ... အန်တီပွင့် သိသွားရင်လည်း မလွယ်ဘူး၊ ပြဿနာတွေက ရှင်းမရအောင် ရှုပ်သွားနိုင်တယ် ... ဒီတော့ ကိုယ့်အခန်းထဲမှာ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် တိတ်တိတ်ဆိတ်ဆိတ်နေပေးပါ ဟုတ်ပြီလား"

သူမက ခေါင်းကိုသာ ညိတ်ပြသည်။

"ဒီအခန်းထဲမှာ မင်းအတွက် ဘာအန္တရာယ်မှမရှိဘူး၊ မင်းရဲ့ ပန်းကမ္ဘာလေးကို ဘယ်လိုပြန်ရမလဲဆိုတာကိုသာ အေးအေးဆေးဆေး နည်းလမ်းရှာ၊ ကိုယ်လည်း တတ်နိုင်သမျှ ကူညီပေးပါ့မယ် ... လိပ်ပြာလေး ကိုယ်ပြောတာတွေကို အားလုံးနားလည် သဘောပေါက်ပါတယ်နော်"

"အင်း ..."

"ဪ ... နောက်တစ်ခုကျန်သေးတယ်၊ တစ်ခုဆို တန်းပြီလန့်ဖျတ်



www.burmeseclassic.com

www.burmeseclassic.com



မသွားပါနဲ့ ... ကိုယ့်စိတ်ကိုထိန်းပါ၊ မင်းကကြောက်ရင် ဖြူန်းခနဲ အတောင်ပံတွေ ပေါ်ပေါ်လာတာကို ငါ အသည်းယားလွန်းလို့ပါ ... ဟုတ်ပြီနော်"

သူ့ရဲ့ မှာတမ်းမိန့်ခွန်းတွေချေပြီးတော့ သူမ၏ တုန့်ပြန်ဖြေဆိုမှုကြောင့် သူ မျက်ခုံးပင့်သွားမိ၏။ သူမ ဖြေပုံကိုလည်း ကြည့်ဦးလေ ...

"အိုကေ" တဲ့။



www.burmeseclassic.com

www.burmeseclassic.com

## Scene (7)

ဒေါ်ပွင့်ခက်တစ်ယောက် ဆိုင်ပိတ်ပြီး အိမ်ကိုပြန်လာနေပြီဖြစ်သည်။ အိမ်ကိုရောက်တော့ ထုံးစံအတိုင်း ဘာဘာညာညာ အထုပ်တွေကို ချလိုက်ပြီး ရေကရားထဲမှ ရေတစ်ခွက် ယူသောက်လိုက်သည်။

ထို့နောက် ရေခဲသေတ္တာထဲမှ စားစရာသောက်စရာအချို့ကိုယူရန် ဆွဲဖွင့်လိုက်၏။

"ဟင် ... အသီးအနှံတွေ ဘယ်ရောက်ကုန်တာလဲ"

ဒေါ်ပွင့်ခက်က အထက်ပါအတိုင်း တီးတိုးရွတ်ဆိုပြီး အဖြေရှာနေစဉ် သူမအိမ်ထဲမှ ဖုန်းမြည်လာသံကြောင့် အာရုံပြောင်းသွားပြီး ဖုန်းလက်ခံစကားပြောနေ၏။

"ဟဲလို ... အမိန့်ရှိပါ ... "

" ... "

"ဟယ် ... ဦးကိုကို ဘယ်တုန်းက ပြန်ရောက်လဲ ... "

" ... "

"အလည်လာခဲ့ဦးလေ ... ဒီတစ်ခေါက် သင်္ဘောတက်တာ တော်တော်ကြာတယ်နော်"

" ... "

အောက်ထပ်က အသံတွေကြောင့် သူမ ထိတ်လန့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အတောင်ကလေး တဖျတ်ဖျတ်ခတ်ပြီး အခန်းထဲမှာ ကြံရာမရ ဖြစ်နေသည်။

"ကိုလင်းခက်ကလည်း မကြာဘူး ပြန်လာခဲ့မယ် ခဏဆိုပြီး ... ခုထိ ပေါ်မလာသေးဘူး"

နတ်သမီးတစ်ပါး ပွစိပွစိ လုပ်နေရှာ၏။

"ဒီအပေါ်မှာ တက်လာရင်တော့ဒုက္ခပဲ ... ဖုန်းပြောနေတာ မပြီးပါစေ နဲ့ဦး"

ဆုတောင်းက မပြည့်ပါ။ အကြောင်းမှာမူ ...

"အင်းအင်း ... ဒါဆို ဒါပဲလေ ဦးကိုကို ... နောက်ရက်မှ ဆုံတာပေါ့"

"..."

ဒေါ်ပွင့်ခက် ဖုန်းပြောပြီးချိန်မှာပဲ လင်းခက်တစ်ယောက် အထုပ်ကြီး ငယ် တစ်ပွေ့တစ်ပိုက်နှင့် ရောက်လာလေ၏။

"အား ... အန်တီပွင့် ပြန်ရောက်နေပြီလား"

"ဩော် ... အေး ... "

ဒေါ်ပွင့်ခက်က ဖြေပြီး တူဖြစ်တဲ့သူကို စူးစမ်းသလို တစ်ချက်ကြည့်ပြီး

"ဟဲ့ ... အဲဒါတွေက ဘာတွေလဲ ... "

"အသီးအနှံတွေဝယ်လာတာပါ၊ ခုတလော အသီးအနှံတွေ အာသီသ ရှိနေလို့ ... "

သူ မလုံမလဲ ပြန်ဖြေနေမိသည်။

ဒေါ်ပွင့်ခက်ကတော့ အဖြေထုတ်မရသေးသော ပုစ္ဆာ၏အဖြေကို သိ လိုက်ရသည်ကြောင့် ခေါင်းတညိတ်ညိတ်လုပ်နေပြီး ...

"ဩော် ... အဲဒါကြောင့် ရေခဲသေတ္တာထဲမှာ ဘာမှမကျန်တော့တာ ကိုး"

"အဟဲ ... ဟုတ်တယ် ... အဲဒါကြောင့် အစားပြန်ဝယ်နေတာလေ အန်တီရဲ့ ... "

သူ မရှိသွားဖြစ်သာ လုပ်နေရသည်။ အပေါ်က နတ်သမီးခင်ဗျာမှာ လည်း ရင်တမမ ဖြစ်နေရ၏။ သူပြန်ရောက်လာ၍ အားတက်မိတာ မှန်သော် လည်း အခြေနေက တည်တည်ငြိမ်ငြိမ် ရှိမနေတာကို သူမ သဘောပေါက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အောက်က တူကြီးနှစ်ယောက်ရဲ့ စကားသံတွေကို အတိုင်းသားကြား နေရသည် မဟုတ်ပါလား။

"နေစမ်းပါဦး ... မင်းပုံစံက အလုပ်ကပြန်လာတဲ့ပုံ မဟုတ်ပါဘူး"

"ဩော် ... အဲဒါက ဒီနေ့လေ ... ကျွန်တော် ဖျားချင်သလိုဖြစ်နေတာ နဲ့ မသွားဖြစ်တော့တာ"

သူ မထူးခြားတော်ခင်းကာ ထိမ်ပြီးရင်းသာ လိမ်နေရတော့၏။ ဒေါ် ခက်ကတော့ သူ့စကားကြောင့် စိတ်ပူသွားပုံရ၏။

"ဟယ် ... ပေါ့မနေနဲ့လေ၊ ဆေးခန်းလေးဘာလေးသွားရောပေါ့ မှ စမ်း ..."

ပြောပြောဆိုဆို သူ့နဖူးလေးကို စမ်းကြည့်လိုက်၏။

"အင်း ... ကိုယ်တော့ မပူတော့ပါဘူး၊ ဒါနဲ့ မနက်ကတော့ အကောင်း ကြီးပါ"

"ဟုတ်တယ် ... သက်သာနေပါပြီ၊ ရုတ်တရက်ကြီး ဖျားချင်သလိုဖြ လာခဲ့တာ ..."

သူ စကားစကိုဖြတ်ကာ ဝယ်လာတဲ့သစ်သီးဝလံတွေကိုသာ ဈေး သေတ္တာထဲမှာ နေရာချထားနေလိုက်၏။

"ဟဲ့ ... လင်းခက် နေစမ်းပါဦး၊ ငါ မေးစမ်းပါရစေဦး"

"ဗျာ!"

"မင်းပဲ နေမကောင်းလို့ အလုပ်မသွားဘူးဆို"

"ဟုတ်တယ်လေ ... "

"ဒါဆို နေမကောင်းတဲ့လူက ရေခဲသေတ္တာထဲက ငှက်ပျောသီးတွေ လိမ္မော်သီးတွေ စားပစ်ရသတဲ့လား ... သေကုန်တော့မှာပဲ ဒီကလေးနဲ့ တော့လေ"

သူ့အဖြေ တိမ်းစောင်းသွားမှန်းသိပေမယ့်လည်း အခြေအနေအရ ဆင်ချိန် မရှိတော့။ ခင်းပြီးတဲ့ဇာတ် နိုင်အောင်ကရပါလိမ့်ဦးမည်။

"အမယ် ... အန်တီပွင့်က ဘာသိလို့လဲ ... အဲဒီအသီးတွေ စားပစ်လို့ လို့ ကျွန်တော်သက်သာသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်တာ လင်းခက်ရယ် ... မသကာ ပိုတောင်ဖျားလာဦးမယ်"

သူ အတင်းသာခံငြင်းနေရတော့သည်။ အပေါ်က နတ်သမီးလည်း ဆံပင် မထွက်ရဲ။ ငြိမ်ကုတ်၍သာ နားထောင်နေရ၏။

"တကယ်ပြောတာ အန်တီပွင့်ရယ် ... ခေတ်ကြမ်းကုသလိုပေါ့ဗျာ၊ ဆိပ်ကိုအဆိပ်နဲ့ ပြန်ဖြေရတယ်၊ ခုလည်း ဖျားချင်လာတာနဲ့ တစ်ခါတည်း မယ့်အသီးတွေကို စားပစ်လိုက်တာ ... တစ်ခါတည်း ကောင်းသွားရော၊ လေ ... နောက်ထပ် စားလို့ရအောင် ဝယ်လာတာသာကြည့်တော့"

သူက ပြောဆိုမှုကို ပီပြင်စေရန် ပန်းသီးခပ်ကြီးကြီးတစ်လုံးကိုတောင် လာပြလိုက်သေးသည်။ နောက်တော့ ခပ်တည်တည်နဲ့ အပေါ်ထပ်ကိုတက် ခဲ့လေတော့၏။ ချောင်းနားထောင်နေသည့် နတ်သမီးလည်း ခုမှသက် င်းချနိုင်တော့သည်။

ဒေါ်ပွင့်ခက်ကတော့ လင်းခက်ကို အထူးအဆန်းသတ္တဝါတစ်ကောင် ငေးကြည့်ပြီး နားမလည်နိုင်ဖြစ်နေ၏။

"ဟယ် ... ငါ့တူလေးတစ်ယောက် ပုံပြင်တွေတွေးရေးပြီး စိတ်တွေမှ န်ဟုတ်သေးရဲ့လား၊ ဘုရား ဘုရား ... ဒီအတိုင်းဆို မဖြစ်တော့ဘူး။ ငါ စိုက်ပေးမှ တော်ကာကျတော့မယ် ... ဟင်း!!"

လင်းခက်ကတော့ အဒေါ်ဖြစ်သူစကားကို မကြားနိုင်တော့။ သူ့အခန်း းထဲကို ဝင်သွားခဲ့ပြီပဲ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

## Scene (8)

ညရောက်တော့လည်း ဒုက္ခက မသေးလှ။ အခန်းတစ်ခန်းထဲမှာ ဆန့်ကျင်ဘက်လိင်နှစ်ဦး အတူနေဖို့ဆိုတဲ့ကိစ္စက နှစ်ယောက်စလုံးရင်ထဲကို လှုပ်ရှားစေပါသည်။

ဘာပဲပြောပြော နတ်သမီးဆိုပေမယ့်လည်း လက်ရှိမှာ အပျိုစင်မိန်းကလေးတစ်ယောက်ပဲမို့လား။ ခက်သည်က အိပ်ဖို့နေရာကိစ္စ။ ရှိတာက ခုတင်တစ်လုံးတည်း။ အိပ်ရမှာက နှစ်ယောက်။ အတူတက်အိပ်လို့ကလည်း မဖြစ်။

ကိုယ်က အိမ်ရှင်ပါလေဆိုပြီး သူမကို ဦးစားပေးကာ ခုတင်ပေါ်အိပ်စေ ... ကိုယ်က Dreambed ပေါ် ပြောင်းအိပ်လို့လည်းမဖြစ်။ သူက အမြင့်ကကိုယ်က အနိမ့်က ဖြစ်နေဦးမယ်။ မတော် ဖုန်းကံတွေ ဘာတွေနိမ့်ကုန်မှဖြင့်။

ဟုတ်တယ်လေ ... သူ့ဘာသာ နတ်သမီးဖြစ်ဖြစ် ဘာဖြစ်ဖြစ် မိန်းကလေးက မိန်းကလေးပဲမို့လား။ စောင်၊ ခေါင်းအုံးကိစ္စကတော့ ပြဿနာမရှိ။ သူ့ဗီရိုလေးထဲမှာ စောင်အပို ခေါင်းအုံးအပိုတွေ ရှိနေသည်။

"လိပ်ပြာလေး ... ဒီဒရင်းဘတ်ပေါ်မှာ စိတ်ချလက်ချအိပ်၊ ကိုယ်ကတော့ အိပ်ယာပေါ်ပဲအိပ်မယ်"

မတတ်နိုင်။ ရှေ့မျက်နှာရှေ့ထားပြီး မျက်နှာပူပူနှင့်ပဲ ပြောလိုက်ရသည်။ သူမကလည်း အတွန့်မတက်ပါ။ သူပြောသမျှကို လက်ခံပါသည်။

ညရောက်၍သာ အိပ်ဖို့ အိပ်ယာဝင်လိုက်ကြရသည်။ ဒေကာယ်တော့



www.burmeseclassic.com

www.burmeseclassic.com



သူ အိပ်မပျော်။ သူမလည်း ထိုအတူပင်။ အတွေ့အကြုံအသစ်ကြောင့်ဟုပင် ထားလိုက်ပါစို့။

အိပ်မပျော်သည့်ကြောင့် သူစာအုပ်တစ်အုပ်ကို ကောက်ဖတ်နေလိုက်၏။ ခက်ပြီ ... သူ စာအုပ်ထဲကို စိတ်နှစ်ကြည့်လို့မရ။ သို့ဖြစ်၍ ... သူ ရေထသောက်သည်။ ရေထသောက်ရင်း သူမကို တစ်ချက်ခိုးကြည့်လိုက်မိသည်။

ဗုဒ္ဓေါ ... ပြူးကြောင်ကြောင်နှင့် သူ့ကိုငေးကြည့်နေသော သူမမျက်ဝန်းလေးတွေနှင့် ကွက်တိသွားတွေ့သဖြင့် သောက်လက်စ ရေပင် သီးသွားသည်။

"အဟွတ်! အဟွတ် ... ဟင် အိပ်လို့မပျော်သေးဘူးလား လိပ်ပြာလေး"

"အင်း ... ဟုတ်တယ် ... "

"ရေသောက်ဦးမလား"

သူက ရေဗူးကမ်းရင်းပြောတော့ သူမက ခေါင်းညိတ်ပြပြီး ယူသောက်သည်။ ပြီးတော့ ... နှစ်ယောက်သား ပြောစရာစကားမရှိတော့သလို တိတ်ဆိတ်သွားကြပြီး ဘာဆက်လုပ်ရမည်မသိ ဖြစ်နေကြသည်။ အတော်ကလေးကြာမှ ...

"ဒါနဲ့ မင်း ကိုယ်ယောင်တွေ ဘာတွေရောဖျောက်လို့ မရဘူးလားဟင်"

"ဟင့်အင်း ... မရဘူး။ ဘာဖြစ်လို့လဲ ကိုလင်းခက် ... "

"ဩော် ... ဘာမှတော့ မဟုတ်ပါဘူး၊ မင်းနဲ့အတူ ညအိပ်ရမှာ ငါမျက်နှာပူလို့ ... မင်းကို မမြင်ရတော့ နည်းနည်းမျက်နှာအပူသက်သာတာပေါ့"

ကြည့်ပါဦး ... သုံ့ပြောလိုက်ပုံက ပြေပြူးကပြဲနေတဲ့အဖြစ်။

သူမလည်း ဒီစကားအတွက် အနည်းငယ် ရှက်ရွံ့နေပုံရပါသည်။ စကားသမ်းတွေကို အတင်းလွှဲပစ်နေ၏။

"ဒါနဲ့ ကိုလင်းခက် ... စားစရာရှိသေးလားဟင် လိပ်ပြာ ဗိုက်ဆာလာပြီ ... "

"အင်း ... ရှိသေးတယ်၊ ကိုယ် အောက်ထပ်က ရေခဲသေတ္တာထဲကို သွားယူပေးမယ်လေ ... ခဏစောင့် ... "

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ အောက်ထပ်ကိုဆင်းတော့ 5Sereie က Korea ကားကိုကြည့်ရင်း ပုခဲခဲနေသော အဒေါ်ဖြစ်သူကို တွေ့ရသည်။ သည်မြင်ကွင်းတွေက သူ့အတွက် မထူးဆန်းတော့။ အန်တီပွင့်က ဟာသကားကြည့်ရင် သူ့အသံပြကြီးနှင့် အစွမ်းကုန်ရယ်မယ် ... Drama ဆိုရင်တော့ ငိုပြီသာမှတ်။

ထားလိုက်ပါလေ ... သူ့ဖီးလ်နဲ့သူ ရှိပါစေ။

သူ အသာပဲ ထွက်လာခဲ့ပြီး ရေခဲသေတ္တာထဲက သစ်သီးဝလံအချို့နှင့် မှုန့်အသစ်ပုလင်းတို့ကို နိုင်သလောက် ယူလာခဲ့၏။ ထိုစဉ် ...

"တူလေး ... အဟင့် ဟင့် ... "

"ဗျာ!"

လှေကားပေါ်တက်လက်စ သူ့ခြေလှမ်းတွေ အန်တီပွင့်ရဲ့ ကိုရီးယား အရှိန်အသံ့တွဲကြောင့် ရပ်တန့်သွားသည်။

"နေမကောင်းဘူးဆို ... အဟင့် စောစောအိပ်တော့လေ ဟင့် ... တော်ကြာ ပြန်ဖျားနေဦးမယ်နော် ... ဟင့်ဟင့် ... အန်တီတော့ ဒါလေးပြီး အောင် ဆက်ကြည့်လိုက်ဦးမယ် အဟင့်ဟင့် ... မင်းသမီးလေးအဖြစ်က သနားစရာကောင်းလိုက်တာကွယ် ... အဟင့် ... "

"ဟုတ်ကဲ့ ... "

အဒေါ်ဖြစ်သူ ပြောပုံကြောင့် သူပါ ငိုချင်သလို ခံစားလာရသည်။

"ဒါနဲ့ လက်ထဲက အသီးတွေက ဘာလုပ်ဖို့လဲဟင် အဟင့် ... "

ရှိုက်ကာ ရှိုက်ကာမေးလာသည့် အဒေါ်ဖြစ်သူကို ခပ်မြန်မြန်ပဲ 'စားဖို့လေ' ဟု ဖြေကာ စကားစဖြတ်ပစ်လိုက်၏။

သို့သော် မရ ...

"ဟဲ့ နေပါဦး ... နင် ခုတလော အသီးတွေ တအားစားနေတာပါ လား"

အသံက ကိုရီးယားကားထဲက ပြေးထွက်လာခဲ့ပုံရသည်။ ငိုသံတွေ မပါတော့။ အန်တီပွင့်၏ နဂိုမူပိုင်အသံ ပြန်ဖြစ်လာပြီဖြစ်သည်။

"ပြီးတော့ အမှိုက်ချင်းထဲမှာလည်း နင့်ရဲ့ ဝါးပြီးထွေးထုတ်ထားတဲ့ အသီးအဖတ်တွေ အများကြီးပဲတွေ့တယ် ... နင်ဘယ်လိုတွေများ လုပ်စားနေ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ လှင်းခက် ...”

“ဩော် ... အဲဒါက ကျွန်တော် အဖတ်တွေမစားချင်လို့ အရည်ပဲစုပ်ပြီး တမင်ထွေးထုတ်ထားတာ”

“ဟင် ... နှင့်ဟာက ဘယ့်နှယ့်ကြီးလဲ ... အရည်သောက်ချင်တယ်ဆိုရင်လည်း Juice တွေ ယူသောက်ပေါ့ ... ခုဟာက ကလေးကလားနဲ့ လင်းခက်ရယ် ...”

“ကျွန်တော်က အဲလိုလုပ်စားဖို့ အာတီသွဖြစ်နေတာကိုးဗျ။ ခုလည်း အဲလိုပဲစားဦးမှာ ... ဟဲဟဲ ...”

ပြောပြီး သူ့အမြန်တက်သွားလိုက်သည်။ ဒေါ်ပွင့်ခက်မှာတော့ —

“မဟုတ်သေးဘူး ... ဒီကောင်လေး တစ်ခုခုတော့ဖြစ်နေပြီ၊ ဘယ်နှယ် အသီးတွေဝါးပြီး ထွေးထုတ်စားနေရတယ်လို့၊ အင်း ... ငါထင်တာ မမှားဘူးဆိုရင်တော့ ဘုရား ဘုရား ...”

သံသယအတွေးတစ်စနှင့် ရင်ဘတ်ကို လက်နှင့်ဖိထားကာ ဘုရားသာ တမိနေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## Scene (8-A)

အခန်းထဲကိုရောက်တော့ ...

"ကဲ ... အဝတ်သာဆွဲတော့၊ ဒီမှာ ပုံးရည် ... ဩော် ... ဝါးပြီးအခွံတွေ ထွေးရင် ဒီခွက်ထဲကိုထွေး ဟုတ်ပြီလား"

"ဟုတ်ကဲ့ ... "

သူမက အဖြေပေးပြီး ထုံးစံအတိုင်း အားရပါးရ စားသောက်နေပါသည်။ သူလည်း သဘောတကျ ငေးကြည့်နေရာမှ ...

"ဒါနဲ့လိပ်ပြာလေး ... မင်းတို့နေတဲ့ ပန်းကမ္ဘာလေးက ပျော်စရာ ကောင်းလား"

"အင်း ကောင်းတာပေါ့ ကိုလင်းခက်ရဲ့ ... လိပ်ပြာလေးရဲ့ သူငယ်ချင်း တွေအများကြီး၊ ပြီးတော့ ... ပန်းမျိုးစုံတွေကြားထဲမှာ ပျံဝဲပြီး ပန်းဝတ်ရည် တွေ လိုက်သောက်ရတာ အရမ်းပျော်ဖို့ ကောင်းတာပဲ သိလား ... "

"ဩော် ... "

"ဒါနဲ့ အဲဒီနေရာက ဘယ်နားမှာရှိတာလဲဟင် ... ကိုယ် ရောက်ဖူးချင် လို့ ... "

"တကယ်နော် ... ဒါဆို ကိုလင်းခက်ကို လိပ်ပြာအလည်ခေါ်သွားမယ် လေ ... ဟိုရောက်ရင် လိပ်ပြာသူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးဦးမယ်၊ ဟင် ဒါပေမဲ့ ... "

www.burmeseclassic.com

www.burmeseclassic.com



သူမက အားတက်သရောပြောပြီးမှ အသံက ပြောင်းသွားသည်။ ဝမ်းနည်းသွားပုံရ၏။

"ခုက လိပ်ပြာတောင် ပန်းကမ္ဘာကို ဘယ်လိုပြန်ရမယ်မှန်းမသိတဲ့ဟာဆို ကိုလင်းခက်ကို ဘယ်လိုအလည်ခေါ်လို့ရမှာလဲ"

ဟုတ်သားပဲ ... သူမေးပြီးမှ မှားမှန်းသိသွားသည်။ သူလည်း စကားလမ်းကို အမြန်လွှဲပစ်လိုက်သည်။

"တစ်နေ့တော့ လိပ်ပြာလေး ပန်းကမ္ဘာကို ပြန်လို့ရမယ်လို့ ကိုယ်ယုံကြည်ပါတယ် ... စိတ်ဓာတ်မကျနဲ့နော် ... "

"ဟုတ် ... စိတ်ဓာတ်တော့ မကျပါဘူး၊ ဒါပေမဲ့ ... "

စကားက တစ်ဝက်တစ်ပျက်နှင့် ရပ်သွားသည်ကြောင့် သူထပ်မေးလိုက်မိသည်။

"ဒါပေမဲ့ ဘာဖြစ်လို့လဲ ... လိပ်ပြာလေး ... "

"ဟို ... ဘာမှတော့ မဖြစ်ပါဘူး၊ လိပ်ပြာက လိပ်ပြာအတွက်နဲ့ ကိုလင်းခက် အလုပ်တွေ ပိုနေရတာကို အားနာနေမိလို့ပါ ... "

"စိတ်ထဲ ထားမနေပါနဲ့ လိပ်ပြာလေးရာ ... ကိုယ်က ကိစ္စမရှိပါဘူး၊ အခုဖြစ်နေတဲ့ နတ်သမီးလေးကို ကူညီခွင့်ရလို့ ဝမ်းတောင်သာမိသေးတယ်"

"တကယ် ... "

သူ့အပြောကြောင့် သူမ စိတ်ထဲ ပေါ့ပါးသွားပုံရ၏။ အသံလေးဆောင်မြူးလာ၏။ နှုတ်၏စောင်မမှု အကျိုးပေါ့လေ။

"တကယ်ပေါ့ လိပ်ပြာရဲ့ ... "

"လိပ်ပြာ ကူညီလို့ရတာရှိရင် ပြောပါနော် ... လိပ်ပြာ ကိုလင်းခက်ကို ကူညီချင်လို့ပါ"

နတ်သမီး၏ ဖားစကားကြောင့် သူ ပြုံးလိုက်မိသည်။ ဒါမျိုးတော့လည်း ပြောဖော်ရသား။

"အမလေး ... ရပါတယ်လိပ်ပြာရယ် ... ကိုယ့်အတွက်ကိုယ်ပဲ စဉ်းစားပါ အဲ ... ဒါပေမဲ့ တစ်ခုတော့ရှိတယ် ... "

သူမက မျက်လုံးကလေးဝိုင်းပြီး သူ့ကိုငေးကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"လိပ်ပြာလေးနေခဲ့တဲ့ ပန်းကမ္ဘာက အကြောင်းတွေကို ကိုလင်းထက်ကို ပြောပြရမယ်"

"ဟင် ... ဘာဖြစ်လို့လဲ ..."

"ဗဟုသုတရတာပေါ့၊ ကိုယ့်မှ ပန်းကမ္ဘာကိုမသိတာ၊ ဒါကြောင့် မေးတာပေါ့ ... ပြီးတော့ ... ကိုယ်က သူငယ်ချင်းတွေနဲ့အတူ Angel FM ဆိုတဲ့ FM လေးတစ်ခု ထောင်ထားတယ်လေ"

သူမက နားရှုပ်သွားသည့်ကြောင့် ဖြတ်မေးလိုက်၏။

"ကိုလင်းထက် ... ဘာလဲဟင် ... အိန်ဂျယ် FM ဆိုတာ ..."

"နတ်သမီး FM ပေါ့ကွယ် ... လွယ်လွယ်ပြောရရင် လူအများကြီးကြားရအောင် နားထောင်လို့ရအောင် သီချင်းတွေ သီတင်းတွေ ပုံပြင်တွေ အသံလွှင့်တဲ့နေရာတစ်ခုပေါ့ ... အဲဒီမှာ ကိုယ်က ပုံပြင်ပြောတဲ့သမိုင်းကို တာဝန်ယူထားရတာလေ ... နတ်သမီးပုံပြင်လေးတွေကိုလည်း ပြောရလွှင့်ရတယ်၊ ခုလိပ်ပြာတို့နေတဲ့ ပန်းကမ္ဘာလေးထဲက အကြောင်းတွေ ကိုယ်သိထားရတော့ ပုံပြင်တွေထဲ ကိုယ်ထည့်ပြောလို့ရတာပေါ့ ... ခုဆို လိပ်ပြာနတ်သမီးလေးတစ်ပါးနဲ့ လူသားတစ်ယောက်ရဲ့ ပုံပြင်လေးတောင် ပြောချင်ရင်ပြောလို့ရနေပြီ"

"ဟုတ်လား"

"ဟုတ်တယ်လေ ... ဟောဒီက လိပ်ပြာမလေးနဲ့ ကိုလင်းခက်တို့အကြောင်းလေ"

ခုမှ သူမက သဘောပေါက်သွားပြီး သဘောတကျ လိုက်ရယ်နေ၏။

"အဟီး ... ကိုလင်းခက်က ရယ်စရာပြောနေတာကိုး ... ဒါပေမဲ့ စိတ်ချ ကိုလင်းခက်ကို လိပ်ပြာတို့ရဲ့ ပန်းကမ္ဘာလေးအကြောင်းကို အားလုံးပြောပြမယ် ... ဒါမှ ကိုလင်းခက်လည်း ပုံပြင်အသစ်တွေအများကြီးရမှာ၊ ဒါနဲ့ ဒီနေရာနဲ့ပန်းကမ္ဘာနဲ့က ဘယ်လောက်ဝေးလဲ မသိဘူးနော် ... ပြီးတော့ ဒီမှာက လိပ်ပြာအတွက် မြင်တွေ့ရသမျှ အရာအားလုံးက အသစ်အဆန်းတွေချည်း ပန်းကမ္ဘာလိုလည်း မဟုတ်ဘူး"

"ဪ ... ဒါကတော့ လိပ်ပြာရယ် ... ခု ကိုယ်တို့နေတာက ပန်းကမ္ဘာမဟုတ်ဘူး မြေကမ္ဘာလေ ... ဘယ်လောက်ဝေးလဲဆိုတာတော့ ပြော



www.burmeseclassic.com

www.burmeseclassic.com



တ်တယ်၊ အလွယ်ပြောရရင် ခုလိပ်ပြာရောက်နေတာက လူ့ဘုံ လူ့လောက လိပ်ပြာတို့နေတဲ့ ပန်းကမ္ဘာက နတ်ဘုံနတ်လောကနေမှာလေ ... ကိုယ်ဖတ် မှတ်ဖူးတာ ပြောပြရရင် တို့တချို့လူသားတွေ မေ့မျောနေရင်းနဲ့ အကျိုး အကြောင်းတိုက်ဆိုင်ပြီး ငရဲပြည်တို့ နတ်ပြည်တို့ကို ရောက်သွားတာမျိုးတွေ ရှိတယ်လေ ... သဘောက ဘယ်လောက်ဝေးလဲဆိုတဲ့အတိုင်းအတာတွေ ရှိဘူး ... အကျိုးအကြောင်း တိုက်ဆိုင်ဖို့ပဲလိုတာ ... ကိုယ့်အထင်ပြောရရင် လိပ်ပြာတို့ရဲ့ ပန်းကမ္ဘာလေးက ကိုယ်တို့နဲ့လက်တစ်ကမ်းမှာပဲရှိမယ်ထင် တယ်"

"လက်တစ်ကမ်းမှာ ... "

သူမက တီးတိုးရွတ်ဆိုရင်း တစ်စုံတစ်ခုကိုတွေးတောကြည့်နေပုံရ ပြီးမှ ...

"ဒါဆို ... လိပ်ပြာ ပန်းကမ္ဘာကို ပြန်ရောက်ဖို့အတွက်က ကိုလင်းခက် ပြောသလို အကျိုးအကြောင်းတိုက်ဆိုင်မှ ဖြစ်လာတော့မှာပေါ့နော်"

"အင်း ... ကိုယ်တော့ အဲလိုပဲ ထင်မြင်တယ်လိပ်ပြာ"

"ဟင်!"

သူမ စိတ်ဓာတ်ကျသွားပုံရသည်။ သက်ပြင်းဖွဖွကိုလည်း ချနေတာ တွေ့ရ၏။ မျက်နှာလေးလည်း မဆိုစလောက် ညှိုးငယ်သွားသည်ဟု သူထင်ပါ သည်။

"ဒါပေမဲ့ ... ကိုယ်တတ်သိသမျှ လက်လှမ်းမီသမျှ မေးမြန်းပြီး လိပ်ပြာ လေးကို ကိုယ်ကူညီပါ့မယ် ... "

သူမက သူ့ကို တစ်ချက်ငေးကြည့်ပြီး ...

"ကျေးဇူးတင်ပါတယ် ကိုလင်းခက်"ရယ်ဟု တိုးဖွဖွပြော၏။

သူလည်း သူမအာရုံပြောင်းသွားအောင် စကားလမ်းလွှဲပြောဖြစ်သည်။

"ကဲ ... ထားလိုက်ပါဦး ... ကိုယ့်ကို လိပ်ပြာတို့ရဲ့ပန်းကမ္ဘာက အကြောင်းတွေ ပြောပြမယ်ဆို ... ပြောတော့လေ ... ကိုယ်အရမ်းနားထောင် ချင်လှပြီ ... လိပ်ပြာရဲ့ ... "

"အဲ ... ဟုတ်သားပဲ ... လိပ်ပြာလေးပြောပြမယ်၊ အင်း ဘယ်ကပြော



www.burmeseclassic.com

www.burmeseclassic.com



ရှင် ကောင်းမလဲ ... ”

သူမက မျက်လုံးကလေးကိုမှေးပြီး မေးစေ့လေးမှာ လက်ညှိုးလေးကို တခေါက်ခေါက် စဉ်းစားနေ၏။ ပုံစံလေးက ချစ်စဖွယ်ပင် ကောင်းနေ၏။

“ရတယ် ... ဘယ်ကဖြစ်ဖြစ် လိပ်ပြာလေး အဆင်ပြေတဲ့နေရာက ပြော”

“ ... ”

ထိုစဉ် ...

“ဒေါက် ... ဒေါက် ... ဒေါက် ... ”

ရုတ်တရက် တံခါးခေါက်သံကြောင့် သူရောသူမပါ လန့်ဖြတ်သွားသည်။ ထုံးစံအတိုင်း သူမရဲ့ ငွေမှင်ရောင် အတောင်ပံတွေလည်း ရုန်းထွက်နေ၏။

“ဟဲ့ လင်းခက် ... မအိပ်သေးဘူးလား၊ နင့်အခန်းထဲက ပွစိပွစိအသံတွေကြားသလားလို့ ... တစ်ယောက်တည်း ဘာတွေလုပ်နေတာလဲ၊ အိပ်တော့လေ ... အန်တီပွင့်လည်း ဘုရားတက်ရှိခိုးတာ ပြီးရင် အိပ်တော့မှာ”

သူက သူမကို တိတ်တိတ်နေဖို့ အချက်ပြရင်းမှ ...

“အိပ်တော့မှာပါ ... ဒီမှာ ပုံပြင်အသစ်လေးတစ်ပုဒ်ရလို့ အသံထွက်ရွတ်ကြည့်နေတာပါ ... ဗွတ်နိုက်နော် အန်တီပွင့် ... ”

“အေး ... အေး ... ဒါဆိုလည်း ပြီးရော ... ပြီးရော ... ”

အမှန်က ဒေါ်ပွင့်ခက်က အပေါ်ထပ်ကို ဘုရားဝတ်ပြုဖို့ထွက်လာရာမှ လင်းခက် အခန်းရှေ့ကအဖြတ် အထဲက စကားပြောသံသဲ့သဲ့ကြားမိတာနှင့် ရပ်နားထောင်နေမိတာဖြစ်သည်။ စိတ်ထဲမှာလည်း အတော်စိုးရိမ်ပူပန်သွားမိသည်။

ဟယ် ... လင်းခက်တစ်ယောက်တည်း စကားတွေပြောနေတာပါလား ... ပုံမှန် မဟုတ်တာတော့ သေချာနေချေပြီဟုလည်း ဒေါ်ပွင့်ခက်တစ်ယောက် ကောက်ချက်ချနေမိသည်။

“စောစောအိပ်တော့နော် ... တစ်ချိန်လုံး အဲဒီပုံပြင်တွေပဲ စဉ်းစားမနေနဲ့ ကြားလား ... ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်!"

သူက ခပ်ကျယ်ကျယ်လေး ပြန်ဖြေလိုက်ပြီး သူမနှင့်နှစ်ယောက်သား အကြည့်ချင်းဆုံပြီး ကြိတ်ရယ်ဖြစ်ကြသည်။

"ခစ် ... ခစ် ... "

"ဟား"

လင်းခက် ရယ်သံသဲ့သဲ့ကို ကြားဖြစ်အောင် ကြားလိုက်မိသည့်ဒေါ်ပွင့် ခက်မှာမှ "အမလေး ... တစ်ယောက်တည်း ရယ်နေပြန်ပြီ" ဟု တီးတိုးရွတ်ဆိုကာ မျက်လုံးပြူးနေပါလေတော့၏။

"ဟင်း ... "

သက်ပြင်းရှည်ကြီးကိုလည်း ခေါင်းတရမ်းရမ်းနှင့် ချမိနေ၏။

သေချာပါပြီ ...

ဒေါ်ပွင့်ခက်တစ်ယောက် တူဖြစ်သူအတွက်နှင့် ဘုရားဝတ်ပြုရာမှာ စိတ်ဖြောင့်တော့မည် မထင်တော့ပါ။ သူ့စိတ်ထဲမှာ လင်းခက်တစ်ယောက် စိတ်သိပ်မမှန်ချင်တော့ဘူးဟု ထင်မှတ်နေချေပြီး မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

## Scene (9)

ညက ဟိုတွေးဒီတွေးနှင့် သူကောင်းကောင်းအိပ်မပျော်ခဲ့။ သူနှင့်လ
တစ်ကမ်းမှာ သိပ်ချော့သိပ်လှတဲ့ နတ်သမီးလေးတစ်ပါးရှိနေသည် မဟုတ်
လား။ နိုးတစ်ဝက် အိပ်တစ်ဝက် အနေအထားနှင့် သူမကို ခိုးခိုးကြည့်မိ
လည်း အခါခါ။

အိပ်ပျော်နေရင်း စောင်လွတ်နေသည့် သူမကိုလည်း မကြာခဏ
စောင်ပြန်ပြန်လွှားပေးနေရသေးသည်။ နတ်သမီးတွေလည်း အအိပ်ကြမ်း
သည်။ Dreambed ပေါ်ကနေ အိပ်ရင်း ပြုတ်မကျတာဘဲ တော်ရှေ့သည်
သူမဘာသာ နတ်သမီးဖြစ်ဖြစ်၊ သကြားသမီးဖြစ်ဖြစ် သူ့မျက်စိထဲမှာ
သူမဟာ ဘာမှသိနားမလည်သေးတဲ့ တကယ့်ဖြူဖြူစင်စင်ကလေးဆိုး
တစ်ယောက်အဖြစ်သာ မြင်နေမိ၏။

သူ အိပ်ရာမှထပြီး ကိုယ်လက်သန့်စင်ပြီးချိန်အထိ သူမ မနိုးသေး
Dreambad ပေါ်မှာ ခွေခွေကလေးပင် ရှိနေသေးသည်။ ညက သူမလည်း
အတော်နောက်ကျမှ အိပ်ပျော်ပုံပင်။

ထိုစဉ် ... ဒေါ်ပွင့်ခက်တစ်ယောက် ထုံးစံအတိုင်း တူဖြစ်သူကို လာ
လေ၏။

"ဒေါက် ... ဒေါက် ... "

"လင်းခက်ရေ ... ထတော့လေ ... အန်တီ ထမင်းဆီထမင်း လုပ်



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်"

"ဟုတ်ကဲ့ … အန်တီ … နိုးနေပါပြီ၊ ခဏနေ အောက်ဆင်းခဲ့မယ်"

"မအေးအေး … "

ဒေါ်ပွင့်ခက်တစ်ယောက် အနည်းငယ်တော့ စိတ်အေးသွား၏။ ဒီလို ဆိုတော့လည်း ငါ့တူလေးက ပုံမှန်ပါပဲလားဟု တွေးကာ ပြန်ဆင်းသွားသည်။

"ဟင်!"

စကားပြောသံတွေကြောင့်ထင် သူမ ဆတ်ခနဲ လန့်နိုးသွားသည်။

"နိုးပြီလား လိပ်ပြာလေး … "

"ဟုတ် … "

"ဒီမယ် … ကိုယ် ခဏအောက်ဆင်းဦးမယ်၊ မျက်နှာသစ်သွားတိုက် ကိုယ်လက်သန့်စင်ထား ဟုတ်ပြီလား … အသံတော့ လုံးဝမထွက်စေနဲ့နော်၊ ဗိုက်ဆာရင် ညကကျန်တဲ့ အသီးတွေ စားပွဲပေါ်မှာရှိတယ် ယူစားထားနော်"

"အိုကေ … "

သူမ ဖြေပုံကြောင့် သူတစ်ချက် ပြုံးလိုက်မိ၏။ နောက် စိတ်မချသလို ထပ်ပြောနေမိသည်။

"ဒါနဲ့ သွားတော့ တိုက်တတ်ပါပြီနော် … မနေ့က ကိုယ်သင်ထားတာ လေ မှတ်မိတယ်မို့လား"

"ပိုင်ပါတယ် ကိုလင်းခက်ရယ် … စိတ်ချလက်ချသာသွားပါ"

"ဩော် … အေး … ဒါနဲ့ မနေ့ကယူပေးထားတဲ့ ကိုယ့်ဒေါ်လေးအကျီ ထဲက အဆင်ပြေတဲ့ တစ်ထည်လည်း လဲဝတ်ထားဦးနော်"

"ဟုတ်ကဲ့ပါ … "

သူ သေချာမှာကြားပြီး အောက်ထပ်ကိုဆင်းလာခဲ့သည်။ ဧည့်ခန်းမှာ အန်တီပွင့်တစ်ယောက် ဧည့်သည်တစ်ယောက်နှင့် စကားလက်ဆုံကျနေသည် ကိုတွေ့ရသည်။ ဧည့်သည်က ကျောပေးထားသည့်အနေအထားမို့ မည်သူမှန်း တော့ မသိရ။

"လင်းခက် … Breakfat Ready ပဲနော် … "

"ဟုတ်ကဲ့ အန်တီပွင့် … "



www.burmeseclassic.com

www.burmeseclassic.com



သူ ဖြေပေးပြီး ထမင်းစားပွဲဘက်ကိုသာ ထွက်လာခဲ့သည်။ စားပွဲပေါ်က အုပ်ဆောင်းကို လှပ်လိုက်တော့ အငွေ့ထောင်းထောင်းထနေသော ပဲပြုတ် ထမင်းဆီဆမ်းကိုတွေ့ရ၍ ဆာဆာနှင့် လွေးပစ်လိုက်သည်။

ဧည့်ခန်းထဲက အန်တီပွင့်အသံနှင့် ဧည့်သည်အသံတို့ကိုလည်း အတိုင်းသားကြားနေရပါသည်။ အန်တီပွင့်လေသံအရတော့ အတော်အူမြူးနေမှန်း သိသာလှပါသည်။

"ပစ္စည်းတွေ လက်ဆောင်ယူလာဖို့ မလိုပါဘူး ... အဟင်းဟင်း"

"ကိုယ့်မှာ နိုင်ငံခြားက ပြန်လာရင် အမှတ်တရလက်ဆောင် ဝယ်လာစရာလူဆိုလို့ ဟောဒီက ပွင့်လေးပဲ တစ်ယောက်ပဲရှိတာမို့လား"

သည်အသံ သည်ဟန်ကို သူကောင်းကောင်းသိပါသည်။ ရုတ်တရက် ဦးနှောက်က အဖြေမထွက်။

"ဦးကိုကိုတို့ကတော့ ဒီအပြောလေးတွေနဲ့ပဲ ကမ္ဘာပတ်စားနေတာမို့လား"

အဟွန်း ... ဦးကိုကိုပဲ ... ဒါကြောင့် သည်အသံကို ကောင်းကောင်းသိပါတယ်လို့တွေးမိနေတာ။ သူလား ... သဘော်သားလေ။ အကြွားကနည်းနည်းထူသည်။ နေရာတကာ ဆရာကြီးအထာလည်း ဝင်လုပ်တတ်သေးသည်။ ပြီးတော့ ... အန်တီပွင့်ကိုလည်း ဆက်ဆံတာသိပ်မရိုးသားချင်။ ဒီကြားထဲ စပ်စပ်စုစုကလည်း နိုင်သေးသည်။

ခုလည်း သဘော်အဆင်း လက်ဆောင်လေး မစို့မပို့နဲ့ သုံးလေးနှစ်စာ ကြွားပြီး ဗူးထတော့မှာ သေချာသလောက်ရှိ၏။ ချောင်းပေါက်မတတ် အိမ်အလည်လာမှာကို တွေးပြီးတော့လည်း သူရင်မောမိပါသည်။

သူတွေးရင်း စားရင်း မျက်နှာတစ်ချက်မဲ့လိုက်မိသည်။ သည်လူကြီးကို အန်တီပွင့်က ဘာကြောင့်သည်လောက် အရေးပေးနေသလဲ မသိပါ။ သူကတော့ ထိုပုဂ္ဂိုလ်ကို နည်းနည်းမှ ကြည့်မရ။

"မဟုတ်ရပါဘူးပွင့်ရယ် ... ကိုယ်က နိုင်ငံခြားတွေမှာပဲ အနေများတာဆိုတော့ မိခင်နိုင်ငံကို အချိန်ပြည့်လွမ်းနေရတာ၊ ပြီးတော့ ... ဘာပစ္စည်းကောင်းလေးပဲတွေ့တွေ့ ဒါလေးဆို ပွင့်နဲ့အတော်ပဲ ... ဒါလေးကတော့ ပွင့်



www.burmeseclassic.com

www.burmeseclassic.com



အကြိုက်ဆိုပြီး သူ့ဘာသာကို အလိုလိုဝယ်မိနေတော့တာပဲ ပွင့်ရေ ... အဟားဟား ...”

“ဦးကိုကိုရယ် ... အဲလောက်ပြောစရာ မလိုပါဘူးနော်၊ ခဏနေ ပွင့်နဲ့အပြင်သွာ တစ်ခါတည်းလိုက်ခဲ့ပါ ... ပွင့်ဆိုင်သွားရင် တစ်ဆိုင်ဆိုင်မှာ တစ်ခုခု ဝင်စားကြတာပေါ့ ... အဟင်း ...”

နှစ်ယောက်သား ပြောတုန်းကပြောနေကြပြီး ရယ်စရာမပါဘဲ ခဏခဏ ရယ်နေကြတာကို သူနားကြားပျင်းကပ်မိသည်ကြောင့် ထမင်းစားတာကိုရပ်ပြီး အပေါ်ပြန်တက်ရန် ပြင်လိုက်သည်။

အပေါ်မှာကလည်း လိပ်ပြာက ရှိသေးသည် မဟုတ်လား။ တစ်ဆောက်တည်း လုပ်တာကိုင်တာမှ အဆင်ပြေရဲ့လားမသိ။

“ဟယ် ... လင်းခက် ... စားတာမြန်လှချည်လားကွယ်”

“ဟုတ်တယ် အန်တီပွင့် ... ရင်နည်းနည်းပြည့်နေလို့ ... ”

သူကပြောပြီး အပေါ်တက်မည်လုပ်တော့ အန်တီပွင့်က ...

“ဟဲ့ ဒီကိုလာပါဦး ... ဒီမှာ ဦးကိုကို စင်္ကာပူကနေ ပြန်ရောက်လာတာ အတ်ဆောင်တွေပါ ဝယ်လာခဲ့သေးတယ်လေ ... အဟင်း”

ဟု ခေါ်နေသဖြင့် စိတ်မပါပေမယ့် လူမှုရေးအရ သူသွားလိုက်ရသည်။ ဦးကိုကိုက မိတ်ကပ်အဖွေးသားလူးထားပုံရသော မျက်နှာကြီးဖြင့် ပြုံးပြနေသဖြင့် ကိုယ်လည်းအလိုက်သင့် ပြန်ပြုံးပြပြီး အန်တီပွင့်ဘေးမှာ ဝင်ထိုင်လိုက်၏။

“ကိုယ် သင်္ဘောလိုက်နေတဲ့ သုံးလေးနှစ်အတွင်းမှာ ညီက တော်တော်ကြည့်ကောင်းလာတာပဲ ... ဒါနဲ့ အခု ဘာအလုပ်တွေလုပ်နေလဲကွ”

“ဒီလိုပါပဲဗျာ ... ” ဟု သူကအလွယ်ဖြေလိုက်ပေမယ့် အန်တီပွင့်က ကျောင်းဝင်စားဝင်လုပ်နေ၏။ မကြည်သလို အန်တီပွင့်ကို ကြည့်လိုက်တာကိုတောင် မြင်ပုံမရဘဲ ...

“တူလေးက ကျောင်းပြီးကတည်းက သူငယ်ချင်းတွေနဲ့အတူ FM လေးတစ်ခုထောင်ထားတယ်လေ၊ ခု နာမည်ရနေတဲ့ Angel FM ဆိုတာ တူလေးရဲ့ FM လေ ... အဟင်းဟင်း ... ” ဟူသာ ဖြေနေ၏။



www.burmeseclassic.com

www.burmeseclassic.com



အခြားလူသာဆို ဒီနေရာမှာ သူ့အလုပ်အကိုင်အတွက် အထင်တကြီး တလေးတစား မဟုတ်လျှင်တောင် သဘောတကျ ချီးကျူးမည်မှာ အသေအချာပါ။ ဦးကိုကိုကတော့ ထိုသို့မဟုတ်ပါ။ သူ၏ထုံးစံအတိုင်း ...

"FM ဘာလုပ်မှာလဲ ညီလေးရာ ... စရိတ်စကနဲ့ ပြန်လာမယ့်ငွေကြေးနဲ့ အဆင်ပြေပါ့မလား၊ ပြီးတော့ ... ဒီနေ့ခေတ်က ရေဒီယိုနားထောင်ပြီး အူနှံ့နေကြတဲ့ခေတ်မှ မဟုတ်တာ ... ဘဝအာမခံချက်အတွက် ဘာမှမရှိဘူးလို့ ဒီအလုပ်ကို ကိုယ်မြင်တယ် ... "

သူ့စိတ်ထဲမှာ ဒေါသတစ်ချက် 'ထောင်း'ခနဲ ထသွားမိသည်။ သို့သော် လူလိမ္မာမို့ အမျက်ကို အပြင်အထွက်မခံခဲ့။ ပြီးတော့ ... အန်တီပွင့်မျက်နှာကလည်းရှိနေသေးသည်ကြောင့် သူအသာပဲ ဆက်နားထောင်နေမိ၏။

"ဒါနဲ့ ညီလေးတို့ FM မှာ ညီလေးက ဘာရာထူးလဲ၊ အဲ ... ကိုယ်ဆိုလိုချင်တာက ဘယ်အပိုင်းကို တာဝန်ထမ်းဆောင်နေတာလဲ"

သူ့အနေအထားကို ကောင်းကောင်းနားလည်နေသည့် အန်တီပွင့်က အခြေနေကို ဝင်ထိန်းရင်း သူ့အစား ဖြေပေးလိုက်သည်။

"လင်းခက်က Angel FM ရဲ့ ပုံပြောသူလေ ... အဟင်းဟင်း ပြောရရင် ဒီအပိုင်းမှာတော့ လင်းခက်က တကယ်ပါရမီရှင်ပဲ ... သူ့သူငယ်ချင်းတွေရောပွင့်ပါ သူပြောသမျှကို မျောပြီးပါသွားတော့တာ ... တစ်ခါတစ်ခါဆို သူပြောတာတွေက မျက်စိထဲ ကွင်းခနဲ လင်းခနဲကိုမြင်ပြီး ငိုလိုက်ရယ်လိုက်နဲ့ တကယ်အဟုတ်မှတ်ပြီး ခံစားလိုက်ရတာ ... ပွင့်ဆို သူညာတာကို အမြဲတမ်းခံရတယ်လေ ... ကိုယ်ကလည်း အမှတ်မရှိဘူး သူ့အပြောကောင်းတော့ ယုံမိသွားတာပဲလေ ... အင်းပေါ့ ... အဲဒါကြောင့်လည်း Angel FM လေးက အချိန်တိုအတွင်းမှာ လင်းခက်ရဲ့ ပုံပြင်ခပ်ဆန်းဆန်းလေးတွေနဲ့ ဖမ်းစားထားတဲ့ Story FM ဆိုတဲ့ ကဏ္ဍလေးနဲ့အတူ အောင်မြင်လူသိများလာခဲ့တာပေါ့ ဦးကိုကိုရယ် ... အထင်တော့ မသေးနဲ့နော် ... လင်းခက် ပုံပြင်ပရိသတ်တွေကလည်း အများကြီး၊ ပြီးတော့ ... ရုပ်ရှင်ထုတ်လုပ်ရေးတွေ နာမည်ကြီး ဒါရိုက်တာတွေကတောင် သူ့ပုံပြင်တွေကို ဝယ်ရိုက်နေပြီလေ ... "

ဒေါ်ပွင့်ခက်က သူ့ထုံးစံအတိုင်း သူ့တူဘက်က ဖားဖားထေးရင်း



www.burmeseclassic.com

www.burmeseclassic.com



အထက်ဝါ စကားရှည်ကြီးကိုပြောပြ၏။ သူကတော့ မကြည်လင်တော့သည် ကြောင့် ငြိမ်၍ပင် နေမိသည်။

"အဲဒါ ပိုဆိုးတာပေါ့ ... ညီလေးအလုပ်က အနုပညာဘက်မှာဖြစ်နေပြီ အဲဒါမကောင်းဘူးနော် ... ပုံပြင်ဆရာတို့ စာရေးဆရာတို့ဆိုတာ ဝင်ငွေလေး တစ်ပဲခြောက်ပြားနဲ့ လည်ပတ်နေကြရတာများတယ် ... ပွင့်တူလေးကို ကိုယ် နဲ့အတူ သဘောထည့်လိုက်ပါလား၊ ကိုယ် အားလုံးတာဝန်ယူနိုင်တယ် ... တစ်ခေါက် တစ်ခေါက်ဆို ကိုယ့်ဝင်ငွေက သိန်းထောင်ဂဏန်းအထက်မှာရှိ တာနော် ... "

သူ့ အဖော်လေးကို တင်းလာပြီဖြစ်သည်။ ဒေါ်ပွင့်ခက်မှာလည်း ဘယ် လိုပြောရမည်မသိဖြစ်ကာနေပြီး တဟင်းဟင်းသာ လုပ်ရယ်နေ၏။

လင်းခက် ဝါသနာ၊ လင်းခက် ခံယူချက်။ လင်းခက် စိတ်နေသဘော ထားကို ဒေါ်ပွင့်ခက်သာလျှင် အသိဆုံး မဟုတ်ပါလား။

"ဒီကိစ္စက ဒီလိုရှိတယ်ဗျ ... "

"ပြော ... ညီလေး"

သူလည်း ဒီအထိတော့ ငြိမ်မခံနိုင်တော့။ လူကို သူ့စိတ်နဲ့နှိုင်းပြီးပြော နေသည်ပဲ။ သူ့လိုများ ပိုက်ဆံကို ရှေ့တန်းတင်၊ ပိုက်ဆံရဖို့ တစ်ခုတည်းကိုသာ အာရုံထားနေတဲ့ လူစားမျိုးထင်နေသလားမသိ။ အနုပညာဆိုတာကို ဘာမှန်း မသိတဲ့လူစားမျိုးက ကိုယ့်ကိုအသားလွတ် ဆရာလာစားနေတာမျိုးတော့ သူ လုံးဝ ခေါင်းငုံ့မခံနိုင်ပါ။

ဒါကို ခေါင်းစဉ်တပ်ကြည့်မယ်ဆိုရင်တော့ 'အနုပညာမာန'ဟုသာ စာတန်းထိုးရပါလိမ့်မည်။

"ကျွန်တော် ဒီလို FM တစ်ခု တည်ထောင်ပြီး ပုံပြင်ကဏ္ဍကို လွှင့်ရတဲ့ ရည်ရွယ်ချက်တစ်ခု ရှိတယ်ဗျ ... "

"အင်း ... ပြောစမ်းပါဦး ညီရဲ့ ... "

လေသံကိုက ထောင့်မကျိုး။ ဒေါ်ပွင့်ခက်ကတော့ အသာငြိမ်၍ နေ၏။

"စကားမစပ် ဦးကိုကို ငယ်ငယ်က ရွှေယုန်နဲ့ရွှေကျားတို့ ပုန်းနဲ့လိပ်တို့



www.burmeseclassic.com

www.burmeseclassic.com



စတဲ့ ပုံပြင်တွေ နားမထောင်ခဲ့ဖူးဘူးလား"

"ဟာ ... နားထောင်ခဲ့ဖူးတာပေါ့ ညီလေးရာ ... ကိုယ့်မာမီက ညတိုင်း ပြောပြတဲ့ အိပ်ရာဝင်ပုံပြင်တွေပဲလေ ... မထွေးလေးပုံပြင်တောင် ပါသေးတယ်"

"အင်း ... အဲလိုပုံပြင်တွေ နားထောင်ပြီးတော့ ဦးကိုကို ဘာဆက်လုပ်လဲဗျ"

သူက ပြုံးစစနှင့် အေးအေးဆေးဆေးလေး မေးလိုက်တော့ ပွင့်ပွင့်လင်းလင်းနဲ့ မြန်မြန်ဆန်ဆန်ပဲ ပြန်ဖြေလာခဲ့၏။

"အဟာ ... ကိုယ်လား၊ တစ်ခါထဲ အိပ်တော့တာပေါ့ကွာ ... ကိုယ် ငယ်ငယ်က အကျင့်တစ်ခုရှိတယ်ကွ ... မာမီက အဲလိုလေး ပုံပြောပြမှကို ကိုယ်အိပ်လို့ပျော်တာလေ ... "

သူလိုချင်တဲ့အဖြေကလည်း ဒါပဲဖြစ်သည်။

သို့ဖြင့် သူ ပိုင်ပိုင်နိုင်နိုင် တစ်ချက် ပြုံးလိုက်ပြီး ...

"ဦးကိုကိုအနေနဲ့ ဒီလိုပြောတာတွေက အပြစ်မဆိုသာတော့ပါဘူးလေ ဦးကိုကိုက ငယ်ငယ်ကတည်းက ပုံပြင်ဆိုတာကို အိပ်ပျော်ဖို့ နားထောင်ရုံ သက်သက်လို့ပဲ သတ်မှတ်ခဲ့မိတာကိုး၊ အဲဒါလည်း ဗီဇပဲဗျ ... "

သူ့အပြောကို ဦးကိုကိုတစ်ယောက် အတော်စိတ်ဝင်စားပုံရသွားသည်။ ချက်ချင်းပဲ ပြန်တုန့်ပြန်၏။

"ဟ ... ဘာဖြစ်လို့လဲ ညီရ... လင်းစမ်းပါဦး၊ ကိုယ်နည်းနည်း နားရှုပ်သွားလို့ ... "

"ဪ ... ဒီလိုလေဗျာ ... ဥပမာ ယုန်နဲ့လိပ်တို့ အပြေးပြိုင်တဲ့ ပုံပြင်လေးဆိုရင် ... "

"အင်း"

"ယုတ္တိမရှိပေမယ့် ရည်ရွယ်ချက်တွေ အများကြီးပါတယ်လေဗျာ၊ ယုန်က လိပ်လို သတ္တဝါလေးကို ဘယ်အချိန်ပြိုင်ပြိုင် နိုင်တယ်ဆိုတဲ့ ဘဝင်မြင့်တဲ့စိတ်၊ ပြိုင်ဘက်အပေါ် အထင်သေးတဲ့စိတ်တွေ ပါဝင်တာ ပေါ်လွင်နေသလို လိပ်ဘက်ကပြန်ကြည့်မယ်ဆိုရင် တစ်နေ့တစ်လှမ်း ပုဂံဘယ်ပြေးမယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ် နဲ့ ဖွဲ့ လုံ့လ ဝီရိယကို အသုံးချပြီး ကိုယ့်ထက် အဆမတန်သာလွန်းနေတဲ့ ပြိုင်ဘက်ကို အေးအေးလူလူ အနိုင်ယူခဲ့တာလေ ...”

“ဟုတ်တယ်လေ ...”

“ပြောချင်တာက ပုံပြင်ဆိုပြီးတော့ အထင်သေးလို့ မရဘူးဆိုတာပဲ၊ ယူတတ်မယ်ဆိုရင် ပုံပြင်တွေထဲမှာ ဒဿနတွေ ပညာယူ အတုခိုးရစရာတွေ ရှောင်ရန်ဆောင်ရန်တွေ ... အို ... အများကြီးပါဝင် ... ဘဝအတွက် တကယ် အသုံးချတတ်မယ်ဆိုရင် လူတိုင်းအတွက် ပုံပြင်တွေက တကယ့်အဖိုးမဖြတ်နိုင်တဲ့ ရတနာတွေပဲ ဦးကိုကို ... အဲ ... အသိဉာဏ်မရှိတဲ့ လူပိန်းတွေ အတွက်တော့ ပုံပြင်လေးတွေက နားအရသာခံနိုင်ရုံသက်သက်ထက် ဘာမှ ဆိုနိုင်ဘူးပေါ့လေ”

သူက ခပ်တည်တည်လေးနှင့် အထက်ပါအတိုင်း ပြောလိုက်သည်က Target ကို တည့်တည့်မှန်သွားပုံရပါသည်။

ဦးကိုကိုတစ်ယောက် တစ်ချက်မျက်နှာမဆိုစလောက်ကလေး ပျက် သွားပြီး ချက်ချင်းအချိုးပြောင်းကာသွားသည်။ (သူ့ပဲ ပုံပြင်နားထောင်ပြီး ခိပ်တာလို့ ပြောခဲ့တာကြီးကိုး)

“ဟုတ်တာပေါ့ ... ယူတတ်မယ်ဆိုရင် ပုံပြင်တွေက တကယ့်ဘဝတွေ ... အကြီးကြီးတွေ ... အရှည်ကြီးတွေအထိ ထောက်ပံ့ပေးနိုင်တယ်လေ၊ ဒါကြောင့်လည်း ကမ္ဘာကျော် အီစွတ်ပုံပြင်တွေက ထင်ရှားတာပေါ့ ... ဟုတ် ကြသားညီရာ”

သူကလည်း ‘ဟုတ်တာပေါ့ဗျာ’ ဟု ထောက်ပေးပြီး ခွင်ထဲဝင်နေတုန်း ဆတ်ဖိထားလိုက်၏။ ဒါတောင် ဒင်းက ဖော်လိုလုပ်ပြီး ရှောင်ထွက်ချင်နေ သနန်း။

“ကျွန်တော်က ဒီအလုပ်ကိုရွေးချယ်ပြီးဆိုကတည်းက ပိုက်ဆံမျက်နှာ ကြည့်ပြီး လုပ်ခဲ့တာမဟုတ်ဘူး၊ ကိုယ်လည်းဝါသနာပါရမယ်၊ ပြီးတော့ ... ကိုယ့်အလုပ်က အများသူငှာကို ကောင်းကျိုးလည်းပြုရမယ် ... သင့်တင့် လျောက်ပတ်တဲ့ဝင်ငွေလေးလည်း ရရမယ် ... အထူးသဖြင့် ပုံပြင်တွေကို ကျွန်တော်ချစ်တယ် ... ဒါကြောင့် ကိုယ်တိုင်ဖန်တီးတယ်၊ ဒီအတွေးလည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို ကျေနပ်တယ်၊ ဂုဏ်ယူတယ် ... ဘာလုပ်မှာလဲဗျာ ပိုက်ဆံတွေ ပဲ ရှာနေရုံနဲ့ သေရင်အားလုံးထားခဲ့ရမယ့်အရာတွေပဲ ... တကယ်ဆို ကိုယ် မသေခင်မှာ အကျိုးပြုလေးတွေတော့ ကိုယ်စွမ်းသလောက်လုပ်ထားခဲ့ရမယ် လေဗျာ ... ဒါ ကိုယ့်နာမည် ကိုယ့်ဂုဏ်သိက္ခာ ... ပြီးတော့ ကိုယ့်သမိုင်းပဲ"

"အဲ ... ဟုတ်ပါတယ် ... ဟုတ်ပါတယ် ... "

"ဗိုလ်ချုပ်အောင်ဆန်းကိုပဲကြည့် ... လူသာသေသွားတာ၊ ခုထိ ဘယ် သူတွေမေ့နိုင်ကြလဲပြော ... ဒါ ... သူ့လုပ်ရပ် သူ့သမိုင်းကြောင်းကြောင့် လူ တွေအားလုံးက တသသ ရွတ်ဆိုပြီး လေးစားနေကြတာ၊ လွယ်လွယ်နဲ့ဖြစ် တည်လာခဲ့ရတာမျိုး မဟုတ်ဘူး၊ ကိုယ့်သမိုင်းကို ကိုယ်ပဲရေးရတာလေ"

" ... "

ဦးကိုကိုခမျာ ပါးစပ်ကလေး အဟောင်းသားကိုဖြစ်လို့။ လင်းခက်က လည်း အမြင်ကတ်ကတ်နှင့် ဖိသာပြောနေတော့သည်။ ဒေါ်မွှင့်ခက်လည်း မလှုပ်သာသေး။ ဒီပွဲကနေ ရှောင်ပြေးဖို့တော့ စဉ်းစားနေပုံရပါ၏။

"ဒါနဲ့ ဦးကိုကို ... "

"ဟေ ... "

"ဆရာ ဇော်ဂျီရဲ့ 'သင်သေသွားသော်' ကဗျာလေး ဖတ်ဖူးလား၊ သိပ် ကောင်းတာဗျ"

ဦးကိုကိုတစ်ယောက် 'အင်းအဲ' ဖြစ်နေရရှာသည်။ မည်သို့ဖြေရမည်မသိ ဖြစ်နေ၏။ မဖတ်ဖူးဘူးဆိုလည်း သိက္ခာက ကျမည်။ ဖတ်ဖူးတယ်ဆိုပြန်ရင် လည်း လင်းခက်က ထပ်ဆွေးနွေးလာခဲ့ရင် တစ်ရက်က နှစ်ရက်မို့လား။

ခက်တာက သူကလည်း ဇော်ဂျီဆိုရင် ဆေးကြိတ်တယ်ဆိုတာ လောက်သိတဲ့လူစားမျိုး။ အခြေအနေကို ရိပ်စားမိသည့် လင်းခက်က မပြတ် တမ်း ပါးစပ်သေနတ်တွေ ဆက်ပစ်လိုက်၏။

"ပြောလို့သာပြောရတာပါဗျာ ... ဒီလိုတန်ဖိုးရှိတဲ့ဂန္ထဝင် စာကဗျာမျိုး ကို မြင်ဖူးမှာလဲ မဟုတ်ပါဘူး"

"ဟမ်!"

"ဆောရီး ... ကျွန်တော်ဆိုလိုချင်တာက ဦးကိုကိုက နိုင်ငံခြားသဘော



www.burmeseclassic.com

www.burmeseclassic.com



သားလေ ... ငယ်ငယ်ရွယ်ရွယ်ကတည်းက ကမ္ဘာပတ်နေခဲ့တာဆိုတော့ ဒီလို မြန်မာစာပေမျိုးတွေနဲ့ ဝေးခဲ့မှာပဲလို့ ပြောတာပါ ... ဟုတ်တယ်မို့လား ... ဦးကိုကိုက နိုင်ငံခြားကစာအုပ်တွေပဲ အဖတ်များတာမို့လားဗျ ...”

“အင်း!”

ဦးကိုကိုမျက်နှာကြီး အနည်းငယ်ဖြူဖျော့သွားသည်။ ဖြေတဲ့ ‘အင်း’ သံကြီးကလည်း အာလုပ်သံမျိုးကြီး။

“ဟာယ် ... စကားကောင်းနေတာနဲ့ ဆိုင်သွားဖို့တောင် နောက်ကျနေပြီ ... ဦးကိုကိုလည်း တစ်ခါတည်းပွင့်နဲ့လိုက်ခဲ့လေ ... တစ်ဆိုင်ဆိုင် ခဏဝင်ကြတာပေါ့လေ ... လင်းခက် အပြင်သွားရင် တံခါးတွေပိတ်ခဲ့ဖို့ မမေ့နဲ့နော်၊ ဟိုတစ်ခါလည်း အပြင်သွားတာ အိမ်ကို ဒီအတိုင်းထားပစ်ခဲ့တယ်၊ တံခါးလည်း မပိတ်၊ သော့လည်း မခတ်ခဲ့ဘူး”

“ဟုတ်ကဲ့ပါ ... ဟိုတစ်ခါတုန်းက ပုံပြင်အကြောင်းတွေးနေရင်းနဲ့မို့ မေ့သွားတာပါ အန်တီပွင့်ရယ် ... အယ် ... အခုလည်း မေ့တော့မလို့ ညက စဉ်းစားထားတဲ့သမိုင်းလေး ... အဲ ပုံပြင်အသစ်လေး ပြန်ချရေးထားလိုက်ဦးမယ် ... အန်တီပွင့်ခေါ်လို့သာ ထလာခဲ့ရတာလေ ... အမှန်က ကျွန်တော်လည်း သိပ်အားတာ မဟုတ်ဘူးဗျ ... ခွင့်ပြုပါဦးဗျာ ...”

ဒေါ်ပွင့်ခက်က အရစ်ဆက်မရှည်တော့အောင် ဦးကိုကို တမင်စကားလမ်းလွှဲခေါ်မှန်းသိသည်ကြောင့်လည်း ခက်ကလည်း နောက်ဆုံးပိတ် အပီပြောပြီး ဦးအောင် ထွက်လာခဲ့ခြင်းပင် ဖြစ်၏။

ခမျာမှာတော့ မချိသွားဖြစ်လေးနှင့် ဒေါ်ပွင့်ခက် နောက်ပါသွားပါလေရဲ့။ ဟုတ်တယ်လေ ... သူက တစ်သက်လုံးက လူပေါ်လူဇော်လုပ်၊ သင်္ဘောသားဆိုတဲ့ မဖြစ်စလောက် ဂုဏ်ပုဒ်ကလေးနဲ့ လူတကာကို ကြွားလုံးထုတ်ပြီး ဆရာအထာနှင့်ဟောက်စား လုပ်လာခဲ့တာမို့လား။ ကိုယ့်သားလောက် ကောင်လေးက ကြွယ်ပြသွားတာ ရင်ခံလောက်ပြီပေါ့။

ဒါတောင် လင်းခက်က လှေကားပေါ်တက်ရင်း ပြောဖြစ်အောင် ရှုမ်း ပြောလိုက်သေးသည်။

“ကျွန်တော် ဆယ်တန်းအောင်တော့ ရေကြောင်းသိပ္ပံရော ဆေးရော



www.burmeseclassic.com

www.burmeseclassic.com



မိတယ် ... သင်္ဘောသားရော ဆရာဝန်ရော ဝါသနာမပါလို့ တမင်မတက်ခဲ့တာ လေ ... ဘယ်နှယ့်ဗျာ ... လူသားစင်စစ် ကေန်အမှန်ဖြစ်ရဲ့သားနဲ့ လူသားလို့ အခေါ်မခံရဘဲ သင်္ဘောသားလို့ ကင်ပွန်းအတပ်ခံရတဲ့ အဖြစ်ကြီးနဲ့နေရမှာစား ရင် ပုံပြင်လေးတွေ ပြောနေရတာကမှ ကျွန်တော့်အတွက် ပိုအဆင်ပြေပါသေး တယ်ဗျာ ... " တဲ့။

ဦးကိုကိုတစ်ယောက်၏ ဟန်လုပ်ပြန်ဖြေသံပင် မကြားရတော့။ သူ တစ်ယောက်တည်း ကြိတ်ပြုံးပြီး ပြန်တက်လာခဲ့၏။ ခုမှ သူ သူ့မကို ပြန်သတိ ရနေမိ၏။ လိပ်ပြာတစ်ယောက် အဆင်မှ ပြေရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com

## Scene (10)

သူ Angel FM က သူငယ်ချင်းတွေကို တခြားအရေးကြီးကိစ္စတစ်ခုရှိနေသောကြောင့် ဒီရက်ပိုင်း ရုံးတက်ဖို့ မဖြစ်နိုင်သေးကြောင်း၊ သူတာဝန်ယူထားတဲ့ ပုံပြင်တွေအတွက် အင်တာနက်ကနေ Voice Mail ပို့ပေးထားမည်ဖြစ်ကြောင်းနှင့် FM ကိုလည်း သူမရှိခင်မှာ တက်ညီလက်ညီ ဆက်လက်ထိန်းသိမ်းကြိုးစားပေးပါရန် သူ Mail ပို့ပေးထားလိုက်သည်။

ဒါတောင် လင်းလင်းထိုက်က 'အရေးကြီးကိစ္စဆိုတာ ဘာလဲ'ဆိုပြီး မေးပြန်ပို့လာခဲ့သေးသည်။ သူလည်း မည်သို့ပြောရမည်ကို စဉ်းစားမရသည့်အကြောင့် 'လျှို့ဝှက်ချက်' ဟူသာ ခပ်လွယ်လွယ် ဖြေပေးထားလိုက်သည်။

လိပ်ပြာနတ်သမီးကလည်း ဒီရက်ပိုင်းတွေမှာ နေရထိုင်ရတာ အဆင်ပြေလာပြီထင်ပါသည်။ သူ့အခန်းလေးထဲမှာ နေသားတကျ နေထိုင်ပြုမူတတ်နေပါပြီ။

အန်တီပွင့် အိမ်မှာရှိနေချိန်တွေဆိုလျှင်တော့ တိတ်တဆိတ်နေဖို့ အထူးရစိုက်ပေးရန် သူမကို သေသေချာချာ မှာထားပြီးဖြစ်ပါသည်။

ယခုဆို အန်တီပွင့်ဆိုင်ဖွင့်ချိန်တွေမှာဆို သူမ အိမ်အောက်ထပ်ကိုပါ လျှောက်ကျင်လည်လည် သွားလာနေထိုင်တတ်ပြီဖြစ်သည်။ ဖုန်း၊ တီဗွီစသော ပစ္စည်းတွေကိုလည်း အစကလို ထိတ်လန့်မနေတော့ အသားကျရင်းနှီးသွားပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက်လည်း အတော်အဆင်ပြေတာ တစ်ခုရှိပါသည်။ လိပ်ပြာလေးက သူ့ကို တစ်နေ့တစ်မျိုး မရိုးရလေအောင် ပန်းကမ္ဘာကအကြောင်းတွေကို ပြောပြ၍ ဖြစ်ပါသည်။ သူ့အတွက်တော့ ပန်းကမ္ဘာရဲ့အနေအထား၊ ရာသီဥတုပုံစံနှင့် ပြုမူသွားလာမှုများက ပုံပြင်ပေါင်းများစွာမွေးဖွားပေးနိုင်ခဲ့၏။ နတ်သမီးပုံစံအသစ်အဆန်းများကိုလည်း ရတာ၊ လူကြိုက်လည်း အတော်များကြပါသည်။ သည်အတွက်တော့ သူမတကယ်ပဲ ကျေးဇူးတင်ရပါမည်။ သူ့ရည်မည့် ပုံပြင်စာမူခပင် တစ်ဝက်ခွဲပေးရမလို ဖြစ်နေ၏။

သူ့ကို အကျိုးပြုပေးသည့် လိပ်ပြာလေးကိုလည်း သူသံယောဇဉ်ဖြစ်တာ ဝန်ခံပါသည်။ သို့အတွက်လည်း သူမဌာနေကို ပြန်နိုင်ရေးအတွက် အွန်လိုင်းမှာရော စာပေစာအုပ်တွေမှာပါ ထူးဆန်းသော ပြောင်းလဲဖြစ်စဉ်များအကြောင်းကို ရှာဖွေဖတ်ရှုလေ့လာနေမိသည်။

လက်ရှိအနေအထားမှာ အဆင်မပြေတာ ဟူ၍ သူမဝတ်ဆင်ထားနေသော အနံ့တိပ္ပင့်၏ အဝတ်အစားများကြောင့် ပွယောင်းယောင်းကြီးဖြစ်နေတာကို မြင်ရတာရယ် ... သူမအတွက် ပျားရည်အပါအဝင် သစ်သီးဝလံတွေမကြာခဏ [illegible]တွက်ဝယ်နေရသောကိစ္စတွေပင် ဖြစ်ပါသည်။

အဓိက ပြဿနာတစ်ခုလည်း ရှိပါသည်။

သူမက နတ်သမီးပီပီ ဘယ်လိုအနေအထားမှာရှိနေပါစေ ရက်ရက်စက်စက် လှရက်နိုင်လွန်းနေ၏။ နေ့စဉ်နဲ့အမျှ ဒီအခန်းထဲမှာ အတူအနီးကပ်နေနေရတော့ သူမအလှကို မငေးဘဲ မနေနိုင်။ ငေးမိလို့ မျက်ဝန်းချင်းဆုံပြန်ရင်လည်း သူမတော့မသိ။ သူ့ရင်ထဲမှာတော့ ရှက်တာလိုလို ဘာလိုလိုနှင့် မျက်နှာပူပြီး ရှိန်းတိန်းတိန်းဖြစ်ဖြစ်သွားရခြင်းကိစ္စပဲ ဖြစ်၏။

ဒါဟာ ဆန့်ကျင်ဘက် ဆွဲငင်အားတစ်ခု၏ သမားရိုးကျဖြစ်စဉ်တစ်ခုကြောင့်လား ဘာလား သူမပြောတတ်ချေ။ နောက် ... သူမအတွက် စာအုပ်စာတန်းတွေ အင်တာနက်တွေမှာ ဖွေရှာလေ့လာနေသော်ငြားလည်း သူ့ရင်ထဲမှာ သူမပြန်လို့ရသွားရင် ပန်းကမ္ဘာကို ပြန်သွားခဲ့ရင်ဆိုတဲ့အတွေးက သူ့ရင်ထဲ ဆွေးသလိုလို လွမ်းသလိုလိုကြီး ဖြစ်ဖြစ်နေမိ၏။

သူ့အဖြစ်က ပြန်လည်းပြန်စေချင်၊ မပြန်လည်း မပြန်စေချင်ဆိုတဲ့ စိတ်နှစ်ခုက ဒွိဟဖြစ်ပြီး ဒွန်တွဲခံစားနေရသလို ဖြစ်နေ၏။ သူမရင်ထဲမှာတော့ ဘယ်လိုခံစားနေရသည်ဆိုတာကို ဝင်ကြည့်ဖို့မဖြစ်နိုင်၍ သူ မခန့်မှန်းတတ်



www.burmeseclassic.com

www.burmeseclassic.com



"လိပ်ပြာလေး ... "

"ရှင်!"

လူက ပုံပြင်တစ်ပုဒ်ကို စိတ်မပါတစ်ပါနှင့် Laptop ထဲကို ရိုက်ထည့်နေရာမှ ခေါ်လိုက်ပြီး ...

"ကိုယ် မနက်ဖြန် အန်တီပွင့်ဆိုင်သွားတဲ့အချိန်ကျရင် မြို့ထဲကို ခေါ်သွားမယ်"

"လိပ်ပြာကိုလား"

"အင်းပေါ့ ... "

"ဒါနဲ့ မြို့ထဲဆိုတာ ဘယ်နေရာလဲ ... ဘာကိုခေါ်တာလဲဟင်၊ ပြီးတော့ အဲ့မှာဘာလုပ်ဖို့လဲ ... "

သူမ၏ မျက်လုံးကလေးအဝိုင်းသားနှင့် မေးလာပုံကြောင့် သူရယ်ချင်သွားမိသည်။

"မြို့ထဲဆိုတာကွာ ... ဒီလို လိပ်ပြာလေး မနေ့က တီဗွီကြည့်တယ်မို့လား"

"အင်း ... "

"အဲဒီတီဗွီထဲမှာ လူတွေ ကားတွေ တိုက်ကြီးတွေနဲ့ Super Market လို အများကြီးကို မြင်ဖူးတယ်မို့လား"

"အင်း ... အင်း မြင်ဖူးတယ် ... အဲဒီကိုသွားမှာလား ကိုလင်းထက်"

"ဒါပေါ့ ... "

"ဟာ ... ပျော်စရာကြီး"

သူမက လက်ခုပ်လက်ဝါးတီးပြီး ကလေးတစ်ယောက်လို ထအော်နေသေးသည်။ ပြီးမှ ...

"ဒါနဲ့ လိပ်ပြာတို့က အဲဒီလျှို့ထဲကို ဘာသွားလုပ်ရမှာလဲဟင်" ဟု မေးသည်။

ရုတ်တရက် သူမအပြောကို သူကြောင်သွားမိသည်။ ပြီးမှ သူ ဟက်ဟက်ပက်ပက်ကြီးကို ရယ်မိသွားသည်။

"အဟားဟား လိပ်ပြာရယ် ... မင်းပါးစပ်ထဲရောက်မှာပဲ၊ ငါတို့ ရန်ကုန်မြို့ကြီးလည်း လျှို့ကြီးဖြစ်သွားရတယ်လို့ဟာ ... လျှို့ထဲမဟုတ်ဘူး မြို့ထဲ ... မင်းကို အဝတ်အစား နည်းနည်းပါးပါးလိုက်ဝယ်ပေးမလို့ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ရောက်ဖူးတယ်ရှိအောင် နေရာအတော်များများကို အလည်အပတ် လိုက်ပြမယ်လေ ... လူပြည်ရောက်တုန်း 'ဗဟုသုတအဖြစ်ပေါ့ကွာ ... ဟုတ်ဖူးလား"

"တကယ် ... အတော်ပဲ ... လိပ်ပြာလေးလည်း ဒီအိမ်ထဲမှာပဲနေရလို့ နည်းနည်းပျင်းနေတာ"

"ဒါပေမဲ့ တစ်ခုတော့ သတိထားရမယ်နော် ..."

"ဘယ်လိုကိစ္စပဲဖြစ်ဖြစ် အရမ်းမကြောက်လန့်လိုက်ပါနဲ့နော် ... တော်ကြာ လူတွေကြားထဲရောက်မှ မင်းအတောင်ကြီး တကားကားနဲ့ ဟုတ်ပေ့ဖြစ်နေဦးမယ် ... ကားဟွန်းသံတွေ ဘာတွေလည်း ရင်းနှီးနေပြီပဲဥစ္စာ"

ဒီလိုတော့လည်း သူမက စပ်ဖြဲဖြဲကလေးနှင့် ဖြေရှာပါသည်။ သိပ်တော့ အပြင်မထွက်ချင်ရှာဘူးထင်ရဲ့။

"ဟုတ်ကဲ့ပါ ... လိပ်ပြာက မြင်တွေ့နေရတဲ့အရာဆို မကြောက်တတ်ပါဘူး ... ရုတ်တရက်ကြီးဆိုရင်သာ လန့်တတ်တာပါ။ ဒါပေမဲ့ ... အတတ်နိုင်ဆုံး လိပ်ပြာမလန့်အောင် ကြိုးစားပါ့မယ်နော်"

ထိုစဉ် အောက်ထပ်က အသံကြားသည်ကြောင့် နှစ်ယောက်သား အသံတိတ်သွားကြလေတော့၏။ သည်အချိန်ဆို အန်တီပွင့်တစ်ယောက် အိမ်ပြန်ရောက်နေကြပဲမို့လား။

"တိတ်တိတ်နေခဲ့ဦး ... အန်တီပွင့်ကို မျက်နှာလေးဘာလေး သွားပြလိုက်ဦးမယ်"

"ဟုတ်!"

သူ အောက်ကိုဆင်းရင်း ပြုံးလိုက်မိသည်။ အကြောင်းက ...

သူမက သိပ်အလိုက်သိတတ်တဲ့ နတ်သမီးလေးတစ်ပါးပေါ့။ သူ့ အဝတ်အစားတွေဘာတွေပင် ခေါက်ပေး၊ အိပ်ယာတွေ ဘာတွေလည်း ကျသိမ်းပေး၊ ယုတ်စွအဆုံး သွားတိုက်တံမှာ သွားတိုက်ဆေးတွေ ဘာတွေပင် အဆင်သင့်ထည့်ထားပေးတယ်မို့လား။

မသိရင် ... လူမသိ သူမသိ တိတ်တိတ်ပုန်းယူထားတဲ့ လင်မယား အသေးစားလေးတစ်ခုနှင့်ပင် ခပ်ဆင်ဆင်တူနေသေးတယ်ဟု တွေးမိနေသောကြောင့်ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## Story of the story

လိပ်ပြာနတ်သမီးက လင်းခက်ကို ပန်းကမ္ဘာမှ အကြောင်းအရာများကို ပြောပြနေ၏။ လင်းခက်ကလည်း သူမပြောသမျှကို စိတ်ဝင်တစား နားထောင်နေပါသည်။

"ဒီအဖြစ်အပျက်လေးက လိပ်ပြာတို့ ပန်းကမ္ဘာလေးမှာ တကယ်ဖြစ်ပျက်ခဲ့တဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ပါ ... ဟိုးလွန်ခဲ့သော နှစ်ပေါင်းငါးထောင်လောက်ကပေါ့ ... အခုတော့ ဒီအကြောင်းလေးက ပန်းကမ္ဘာလေးရဲ့ ပုံပြင်တွေများစွာထဲက တစ်ပုဒ်ပေါ့ ကိုလင်းခက်ရယ် ... "

" "

... . ... ... ... ... ... ...

ပန်းကမ္ဘာလေးသည် သူ့သဘာဝအတိုင်း အေးချမ်းသာယာစွာ တည်ရှိနေပါသည်။ နေမင်း၊ တိမ်တိုက် စတာတွေ ဘာတစ်ခုမှ မရှိပါဘဲ အနီနုနုရောင်စဉ်တစ်မျိုးတည်းနှင့်ပင် တခမ်းတနားလှပနေ၏။ အရောင်အသွေး စုံလင်လှသော သစ်ပင်ပန်းမန်များကလည်း အံ့မခမ်းအနေအထားပင်။

တချို့ပန်းပွင့်တွေကြားတွင် ပြေးလွှားဆော့ကစားနေကြသော လိပ်ပြာနတ်သမီးလေးများနှင့် ပန်းဝတ်ရည်များကို စုပ်ယူသောက်သုံးနေကြသော လိပ်ပြာနတ်သမီးများကိုလည်း တွေ့နေရ၏။

တောင်ကုန်းပုပုလေးတစ်ခုအပေါ်မှာ ကြီးမားထည်ဝါစွာ ပေါက်ရောက်တည်ရှိနေသော နတ်သစ်ပင်ကြီးတစ်ပင်လည်းရှိသည်။ ထိုသစ်ပင်ကြီး၏အောက်မှာတော့ နတ်စုံတွဲတစ်တွဲ ချိန်းတွေ့နေကြ၏။ အတောင်ပံကိုယ်စီတွေကို ဖြန့်ကျက်ကာကွယ်ထားပြီး သမီးရည်းစားတို့သဘာဝ တိုးတိတ်သော အချစ်သံစဉ်တေးသွားတို့ကို ဆိုညည်းနေကြ၏။

အထူးသဖြင့် သူတို့စုံတွဲနှစ်ယောက်၏ မျက်လုံးတို့သည် ဂနာမငြိမ်ကြဘိုကြည့်ဒီကြည့်နှင့် စိုးကြောင်စိုးရွံ့ကာ ဗျာကုလ ...? အကြောင်းမှာ သူတို့နှစ်ယောက်သည် ပန်းကမ္ဘာကို အုပ်ချုပ်သော လိပ်ပြာနတ်ဆိုးကြီး မသိ

www.burmeseclassic.com



အောင် ခိုးတွေ့နေကြရသောကြောင့်ပင် ဖြစ်၏။

သူတို့ချစ်သူနှစ်ယောက်သည် အချစ်တစ်ခုအတွက် အလွန်အန္တရာယ်ကြီးမားလှသော အပြစ်တစ်ခုကို ကျူးလွန်နေမိကြသည်။

နတ်သမီးလေးသည် ထုံးတမ်းအစဉ်အလာအရ နတ်စစ်သေနာပတိချုပ်နှင့်ထိမ်းမြားရမည့် လိပ်ပြာနတ်မင်းကြီး၏ တစ်ဦးတည်းသော သမီးတော်လေးတစ်ပါးပင် ဖြစ်သည်။

ယခုတော့ သူမက သာမန်လိပ်ပြာနတ်သားလေးနှင့် ချစ်ကျွမ်းဝင်ပြီးနေပြီဖြစ်၏။ တစ်ယောက်ကိုတစ်ယောက်လည်း သိပ်ချစ်ကြသည်။

သို့သော် ချစ်သူတို့ထုံးတမ်းအစဉ်အလာတစ်ခုအတိုင်း တစ်နေ့သောအခါမှာတော့ လိပ်ပြာနတ်မင်းကြီးဟာ သမီးတော်နှင့်လိပ်ပြာနတ်သားလေးတို့အကြောင်းကိုသိသွားပြီး ဒေါသချောင်းချောင်းထွက်ကာ သမီးတော်တို့ခိုးတွေ့ရာနေရာသို့ နတ်စစ်သည်အပေါင်းနှင့် ဝင်ရောက်ဖမ်းဆီးပါလေတော့၏။

သမီးတော်ကိုလည်း နန်းတွင်းနန်းပြင် ထွက်ခွင့်မပြုတော့ဘဲ အကျယ်ချုပ် ချုပ်ထားလိုက်ပြီး လိပ်ပြာနတ်သားလေးကိုလည်း နတ်လှောင်အိမ်ထဲမှာ ထည့်ပိတ်ထားလိုက်လေတော့၏။

ပန်းကမ္ဘာလေးတွင် အစဉ်အလာတစ်ခုလည်း ရှိပါသေးသည်။ ထိုအစဉ်အလာမှာမူ မည်သည့်အပြစ်ကို ကျူးလွန်မိသည်ဖြစ်စေ နတ်လှောင်အိမ်အတွင်းမှ ရာဇဝတ်သားသည် နန်းရင်ပြင်ရှေ့တွင် နတ်များစွာရှေ့မှောက်၌ မိမိအပြစ်ကို ပြစ်ဒဏ်ခံရ၏။

အပြစ်ဒဏ်ပေးပုံမှာလည်း ထူးဆန်းပါသည်။ ပိတ်ထားသော ပုံစံတူအခန်းနှစ်ခန်းရှေ့မှာ ရာဇဝတ်သားက မတ်တတ်ရပ်ပြီး ဘုရင်အပါအဝင် နတ်အများရှေ့မှာပင် ရွေးချယ်ဝင်ရောက်ပြရခြင်းပင် ဖြစ်၏။

အခန်းနှစ်ခန်းမှ တစ်ခန်းအတွင်းကို ရာဇဝတ်သားအနေဖြင့် မဖြစ်မနေဝင်ရောက်အပြစ်ဒဏ် ခံရမည်ဖြစ်သည်။ ငြင်းဆန်ခွင့်မရှိ။

ဘယ်အခန်းထဲမှာ ဘာရှိနေမည်ဆိုသည်ကိုတော့ ဘုရင်မှလွဲ၍ မည်သူမျှ မသိနိုင်ပေ။ ထုံးစံအရတော့ အခန်းတစ်ခန်းထဲမှာ နတ်မြွေဆိုးကြီးတစ်ကောင်ရှိနေပေမည်။ ထိုအခန်းထဲကို ရွေးချယ်ဝင်ရောက်မိပါက လွတ်လမ်းမရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့။ မြွေဆိုးကြီး၏ အစာအဖြစ်နှင့် ဇာတ်သိမ်းရပေမည်။

တခြားအခန်းထဲမှာတော့ နတ်မုဆိုးမ တစ်ဦးဦး ရှိနေပေလိမ့်မည်။ ခင်ပွန်းနတ်တို့ စုတေပြီးသော လိပ်ပြာနတ်သမီးကို ဆိုလိုပါသည်။ ရာဇဝတ်သားက ထိုအခန်းထဲကို ဝင်ရောက်ရွေးချယ်မိခဲ့ပါက ထိုနတ်သမီးကို ထိမ်းမြားယူဆောင်ကာ ပေါင်းသင်းနေထိုင်သွားခွင့်ရမည်သာ ဖြစ်၏။

အထက်ပါတို့သည် ပန်းကမ္ဘာ၏ ရိုးရာအပြစ်ပေးနည်းတစ်ခုပင် ဖြစ်လေ၏။

ထိုနေ့သည် ရာဇဝတ်သားကို ပြစ်ဒဏ်ချမည့်နေ့ပင် ဖြစ်သည်။ နန်းရင်ပြင်ရှေ့တွင် နတ်အများ စုရုံးရောက်ရှိနေကြသည်။

ဘုရင်လိပ်ပြာနတ်မင်းကြီးကလည်း ပလ္လင်အထက်မှာနေရာယူပြီး ဖြစ်သည်။ ဘေးနားမှာတော့ သူ၏ သမီးတော်လေးကို ကြည့်ရှုစေ၏။ ချစ်ရသူ၏ ဒုက္ခတရားအတွက် သူမ၏ ရင်ထဲမှာလည်း မီးတောက်လောင်နေချေပြီ။

အခန်းနှစ်ခန်းရှေ့မှာ ချစ်ရသူ လိပ်ပြာနတ်သားလေးက သူမကိုအေးစက်စွာ ငေးကြည့်နေသည်ကိုလည်း တွေ့ရ၏။ သူမ ဘာလုပ်ရမည်နည်း။ မည်သို့သော် တတ်နိုင်ပါအံ့နည်း။ သူမ ပါးပြင်မှာတော့ မျက်ရည်စတို့ စီးဖြာဝေနေ၏။

လိပ်ပြာနတ်သားလေးက ချစ်ရသူ မညှိုးနွမ်းရေးအတွက် ဟန်လုပ်ကာ ပြုံးပြနေရှာသည်ကို တွေ့ရသည်ကြောင့် ရင်ထဲမှာလည်း မချိလှ။ သူမလည်း တတ်နိုင်သမျှ ကယ်တင်နိုင်မည့် နည်းလမ်းကို ရှာဖွေပါသော်လည်း မတွေ့ရ။ သို့သော် ... ဘယ်အခန်းထဲမှာ ဘာရှိနေသည်ဆိုတာကိုတော့ သူမ စုံစမ်းရရှိထားပါသည်။ ဒါဟာ ချစ်ရသူကို ကူညီနိုင်မည့် အချက်တစ်ချက်ပေပဲလား။

ဘယ်ဘက်အခန်းထဲမှာ နတ်မြွေဆိုးကြီး ရှိနေပါသည်။ ညာဘက်အခန်းထဲမှာတော့ နတ်လိပ်ပြာမလေးတစ်ပါး ရှိနေလေ၏။

နတ်မင်းကြီးက ရာဇဝတ်သားကို အပြစ်ဒဏ်ခံဖို့အတွက် ရွေးချယ်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးဖြစ်၏။ အားလုံးရင်ထဲမှာတော့ စိတ်လှုပ်ရှားနေကြ၏။

သူ ဘာကိုရွေးချယ်ရမည်နည်း။ ကံစီမံရာပဲပေါ့။ သူ ဆုံးဖြတ်ပြီး ချစ်ရသူကို နောက်ဆုံးအကြိမ်အနေဖြင့် မော့ကြည့်လိုက်မိသည်။

"ဟင်!"

သူမက ချစ်သူကို မျက်ခုံးပင့်ပြပြီး အချက်ပြနေသည်ကို တွေ့ရ၏။

"ငါ ... ငါ့ကို ဘယ်အခန်းထဲဝင်ရမယ်ဆိုတာကို အချက်ပြနေတာပဲ"

သူ အတော်အားတက်သွားသည်။ ချစ်သူ့စကားကိုလည်း အကြွင်းမဲ့ ယုံကြည်မိပါသည်။ အဆုံးမှာတော့ ရာဇဝတ်သားလေးဟာ အခန်းတစ်ခန်းထဲကို ရဲရင့်ပြတ်သားစွာ ဝင်ရောက်သွားခဲ့ပြီ ဖြစ်လေတော့၏။

သမီးတော်လေး မျက်ဝန်းမှာတော့ မျက်ရည်စက်တွေ မိုးလိုရွာ။

လိပ်ပြာလေးက ပုံပြင်ကို ဆက်မပြောဘဲ ရပ်ထားသည်ကြောင့် အလွန် အမင်းသိချင်နေပြီဖြစ်တဲ့ လင်းခက်တစ်ယောက် ထုတ်၍မေးလိုက်၏။

"အဲဒီနတ်သားလေးက ဘယ်အခန်းထဲကို ရောက်သွားတာလဲ၊ နတ်သမီးလေးက ဘယ်အခန်းကို ညွှန်ပြလိုက်တာလဲဟင် လိပ်ပြာလေး ..."

"ကိုလင်းခက်ရော ဘယ်လိုထင်လဲဟင် ..."

လိပ်ပြာမျက်နှာလေးကိုကြည့်ပြီး သူခဏတွေသွားသည်။ ပြီးမှ ဖြေသည်။

"ကိုယ့်အထင်တော့ ကိုယ့်ချစ်သူအသက်ချမ်းသာခွင့်ရဖို့အတွက် နတ်သမီးလေးက ညာဘက်အခန်းထဲက နတ်သမီးတစ်ယောက်ရှိတဲ့ အခန်းကို ညွှန်ပြရွေးချယ်ခိုင်းမယ်လို့ထင်တယ် ... ကိုယ်ဖြေတာ မှန်ရဲ့လားလိပ်ပြာလေး"

သူမက လင်းခက်ကို အဓိပ္ပာယ်ဖော်ရခက်သည့် မျက်ဝန်းများနှင့်သာ စူးစိုက်၍ ကြည့်နေပါသည်။ အဖြေစကားကတော့ ထွက်ကျမလာသေး။ အတော်ကြီးကြာမှ သူမက ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုလင်းခက်က မိန်းကလေးတွေရဲ့ အချစ်ခံစားချက်ကို နားမလည်သေးဘဲကိုး" ဟု ဖြေ၏။

"ဟင်! ... ဒါဆို ... "

"ဟုတ်တယ် ... သမီးတော်က သူချစ်သူကို နတ်မြေခြွေဆိုးကြီးရှိတဲ့အခန်းထဲ ညွှန်ပြခဲ့တာ ... "

"ဘာ ... ဘာကြောင့်လဲ ... ဘာဖြစ်လို့လဲ ... "

"သိပ်ချစ်လို့ပေါ့ ... "

"ဟင် ... "

မျက်ဝန်းချင်း လင်းခနဲ ဆုံမိကြသည်။

"ဟုတ်တယ်လေ ... ကိုယ့်ချစ်သူသေသွားတာက တစ်ခါပဲခံစားရမှာ၊ တစ်ပါးသူနဲ့ ပေါင်းဖက်နေတယ်ဆိုတဲ့ အသိစိတ်ကြီးကတော့ တစ်သက်လုံး သူ့ကို အကျဉ်းချထားသလို ခံစားနေရမယ်လေ ... လိပ်ပြာကတော့ သမီးတော်လေးရဲ့ ဆုံးဖြတ်ချက်ကို ထောက်ခံတယ် ကိုလင်းခက် ... "

"ဩော် ... "

ပုံပြင်လေးက အဆုံးသတ်သွားခဲ့ပြီဖြစ်သည်။ အချစ်အပေါ် ထားရှိတဲ့ သဘောထားချက်က တစ်ယောက်နှင့်တစ်ယောက် မတူညီတာတော့ သေချာပါသည်။

သို့သော် ... ထိုညက သူအိပ်၍ မပျော်ခဲ့ပါချေ ... ။

www.burmeseclassic.com

www.burmeseclassic.com

## Scene (11)

နံနက်ပိုင်း ထမင်းစားပွဲမှာဖြစ်သည်။

ထုံးစံအတိုင်း Breakfast စားရင်း တူကြီးနှစ်ယောက် ဟိုဟိုဒီဒီ စကား ပြောနေကြရာမှ ဒေါ်ပွင့်ခက်က ...

"နေစမ်းပါဦး လင်းခက်ရဲ့ ... ငါသတိထားမိနေတာကြာပြီ၊ နင် FM ရုံးကိုမသွားတာ အတော်ကြာပြီမို့လား။ ဘာဖြစ်လို့လဲ ... ရုံးက သူငယ်ချင်း တစ်ယောက်ယောက်နဲ့များ ကတောက်ကဆ ဖြစ်ထားသလား"

"မဟုတ်ပါဘူး အန်တီရယ် ..."

"ဘာလဲ ... FM မှာ ငွေရေးကြေးရေး အဆင်မပြေတာ ရှိနေလို့လား၊ ပြော ... အန်တီ ကူညီပေးရမလား"

သူက မလုံ့တဲ့အိုးမို့ မျက်ခုံးတော့ ခပ်လှုပ်လှုပ်ပင်။ သတိထားမိချင် လည်း ထားမိမည်ပေါ့။ သူ ရုံးမသွားဘဲ အိမ်ကနေပဲ ပုံပြင်တွေရ Email နဲ့ ပို့ နေတာ ဘယ်လောက်ကြာနေပြီလဲ။

ဒေါ်ပွင့်ခက်ကတော့ ရိုးရိုးသားသား မေးလိုက်ခြင်းပဲဖြစ်ပါသည်။ သူ့ မှာသာ မျက်နှာထားတည်တည်ကြီးနှင့် ပလီစဉ်ဆွဲဖြေနေရသည်။

"ဟာ်ဆိုဘာမှ မဖြစ်ပါဘူး အန်တီရာ ... ကျွန်တော် ခုတလော သင်္ဘော ဝလံတွေစားပြီး အိမ်ထဲမှာ နတ်သမီးပုံပြင်အသစ်တွေ ရေးနေရတာ၊ ဒါလိုဖြစ် နေလို့ တမင်မသွားဘဲနေတာ၊ အဟဲ ... အနားယူပြီးသားလည်းဖြစ်တာပေါ့



www.burmeseclassic.com

www.burmeseclassic.com



အန်တီပွင့်ရာ ... ”

“အဲ ... ခုမှသတိရတယ်၊ ပုံပြင်ဆိုလို့ ညက မင်းအခန်းထဲက စကားပြောသံတွေကြားတယ်နော် ... ငါလည်း တအားအိပ်ချင်နေတာနဲ့ ကြားတစ်ဝက် မကြားတစ်ဝက်နဲ့ပဲ အိပ်ပျော်သွားတာ”

သူ မျက်လုံးပြူးသွားမိသည်။ အသံကို ခပ်တိုးတိုးပြောတာဖြစ်ပေမယ့်လည်း ညသံမို့ ကြားသွားတာဖြစ်မည်။ သို့ပေမယ့်လည်း ...

“အား ... အန်တီပွင့်ကလည်း သိရဲ့သားနဲ့ ကျွန်တော် ထုံးစံအတိုင်း ပုံပြင်တွေ ရွတ်နေတာပေါ့”

“မဟုတ်ဘူး ... ညက ငါကြားရတဲ့ပုံစံက လူနှစ်ယောက် စကားအေးအေးဆေးဆေး ထိုင်ပြောနေတဲ့ အသံမျိုးတွေကြားတာ ... ”

သေချာတာပေါ့။ ညတုန်းက ညဥ့်နက်ချိန်အထိ နှစ်ယောက်သား မအိပ်ဖြစ်ဘဲ ပန်းကမ္ဘာ့ကအကြောင်းတွေကို ပြောဆိုဆွေးနွေးနေကြသည်ပဲ။

“ဟုတ်လား ... သြော် သိပြီ သိပြီ ... ပုံပြင်ထဲမှာက လိပ်ပြာနတ်သမီးလေးနဲ့ မင်းသားလေးနဲ့ စကားပြောကြတဲ့အခန်းတွေ ပါတယ်လေဗျာ ... အဲဒီတော့လည်း ပုံပြင်ဆရာပီပီ ဒိုင်ယာလော့ခ်တွေကို လေယူလေသိမ်းအမှန်အကန် ပြောနေရတာပေါ့ ... ဒါကြောင့်လည်း Angel FM ရဲ့ Hero ဖြစ်နေတာပေါ့ အန်တီရဲ့”

ဒေါ်ပွင့်ခက်ကတော့ သူ့မျက်နှာကို တစ်ချက်သေချာကြည့်ပြီး ...

“အဟွန်း! ... နင် ပုံပြင်ကလည်း တစ်ယောက်တည်းပြောပဲ ပြောနိုင်လွန်းတယ်၊ နေ့ပြောညပြောနဲ့ တကယ်ပဲ ... ” ဟု ပြော၏။

“ဘာလဲ ... ဒါဆို အန်တီပွင့်ကို လာပြောပြရမယ်ဆိုတဲ့ သဘောလား”

သည်တစ်ခါ သူ့စကားက အတော်တာသွားပါသည်။ ဒေါ်ပွင့်ခက် တစ်ယောက် မျက်လုံးပြူး မျက်ဆံပြူးကြီးဖြင့် ...

“အမလေး တော် ... တော်ပါ မောင်မောင်လင်းခက်ရယ် ... ကိုယ့်ဘာသာတစ်ယောက်တည်းပဲ အခန်းထဲမှာ စိတ်ကြိုက်ပြောပါနော်” ဟု တကိုယ်လုံးလှုပ်ခါဖြေနေသည်ကိုကြည့်ပြီး သူ ပြုံးနေမိသည်။

“ဘယ်နှယ့် ပြောမှပြောတော့လည်း နတ်သမီးဆိုတော်ရှာပေါ့ ...

---



www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာနတ်သမီးတဲ့ ... အပြင်မှာ တကယ်လည်းရှိတာမဟုတ်ဘဲနဲ့များ"

"ဟာ ... ရှိတာပေါ့ လိပ်ပြာနတ်သမီး"

"တော်စမ်းပါ လင်းခက်ရာ ... သူပဲ မြင်ဖူးတာကျနေတာပဲ ... ဟင်"

"ဟာ ... မြင်ဖူးတာပေါ့ ... အတောင်ပံတွေတောင်ပါသေးတယ်"

ဟိုက် ... သေစမ်း ... ရုတ်တရက် သူ့နှုတ်က လွှတ်ခနဲထွက်သွားမိသည်။ ကိုယ်က အပြင်မှာလိပ်ပြာနတ်သမီးဆိုတာ တကယ်ရှိကြောင်း ငြင်းခုံချင်ရုံသက်သက်ပါ။ အခုတော့ သွားပြီ။ အန်တီပွင့်က သူ့ကို မျက်လုံးကြီးပြူးပြီး မမြင်ဖူးသေးသူ တစ်ယောက်လို စိုက်ကြည့်နေချေပြီ မဟုတ်ပါလား။

သူလည်း ကိုယ့်အမှားအတွက် အနေရ အထိုင်ရခက်ဖြစ်ကာ ထမင်းတွေကိုသာ ငုံ့စားနေပစ်လိုက်သည်။ အတော်ကြာတော့ ဒေါ်ပွင့်ခက်က သူ့ကို ကြည့်ပြီး အူလှိုက်သဲလှိုက်ကြီး ရယ်ပါလေတော့၏။

"အဟားဟား ... လင်းခက် ... နင်က လိပ်ပြာနတ်သမီးကို မြင်ဖူးတယ်ပေါ့ အဟားဟား ... "

"ဟိုဟာ ... ကျွန်တော်ပုံပြင်ထဲက ဇာတ်ကောင်ကို မြင်ယောင်ပြီး ပြောတာလေ ... လိပ်ပြာနတ်သမီးဆိုမှတော့ အတောင်ပံတွေ ပါကိုပါရတော့မှာပေါ့ အန်တီရဲ့ ... "

"အမလေး ... အမလေး ဟုတ်ပါပြီ ဆရာကြီးရယ် ... ငါ ရယ်ရလွန်းလို့ ဗိုက်တောင်အောင့်လာပြီ ... တော်ပြီ တော်ပြီ ... ငါလည်း ဆိုင်ကို စောစောသွားရဦးမှာ ... " ဆိုပြီး ထသွား၏။

"ဟူး! ... တော်ပါသေးရဲ့ ... အလျှောက်ကောင်းလို့ ဘာမှမရိပ်မိလိုက်"

သူ အသံတိတ် ရေရွတ်လိုက်ပြီး ...

"အန်တီက ဘာလို့ ဒီနေ့မှ စောစောသွားရတာလဲ ... ဘယ်သူနဲ့ချိန်းထားတာရှိလို့လဲ ... "

"ဦးကိုကိုနဲ့လေ ... အဲ ... "

အန်တီပွင့်က လွှတ်ခနဲဖြေပြီးမှ လင်းခက်က ဦးကိုကိုကို သိပ်မကြည်တာကိုသိပြီး တို့လို့တန်းလန်းကြီး ဖြစ်သွားသေးသည်။ ပြီးမှ ... ဆိုင်ကပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



ချို့လာဝယ်မလို့တဲ့လေ ... အဲဒါ ... ”ဆိုပြီး လျှော့ချသွားသည်။

သူက ရပ်တည်ကြီးနှင့် စိုက်ကြည့်နေပြီး ...

“အဲဒီ ဦးကိုကိုကိုကြည့်လို့ကို မရဘူး ... ဘာအထာမှန်းကို မသိဘူး”

“ကောင်းရှာပါတယ်ကွယ် ... ”

“ဘာကောင်းတာလဲ!”

“အဲ ... ဟိုဟာ ... လေ ... ”

သူ ခပ်တည်တည်နှင့် ပိတ်ဟောက်ပစ်လိုက်တော့ အန်တီပွင့်တစ်ယောက် ဘာမဟုတ်တာတွေ လုပ်ထားတယ်မသိ။ ယောင်အအတွေပင် ဖြစ်နေသည်။ တစ်ချိန်လုံး ဒေါ်ပွင့်ခက်ကပဲ သူ့ကိုထိန်းကြောင်းလာခဲ့ရတယ်ဆိုသော်လည်း လင်းခက် စိတ်ဆိုး စိတ်တိုမှာကိုတော့ အသေကြောက်၏။

လင်းခက်ကလည်း လူတစ်မျိုး။ အနေအေးဆေးရှိသားပြီး ပျော်ပျော်နေတတ်သူ။ စိတ်သဘောထားဖြူစင်မွန်မြတ်သူ။ သို့သော် ... သူ ဒေါသထွက်လျှင်တော့ အာဠာဝကနှင့် နင်လား ငါလားဆိုတဲ့ လူစားမျိုးလည်းဖြစ်၏။

“တူလေး ... အန်တီပွင့် ဦးကိုကိုဆီကို ... အဲလေ ... ဆိုင်ကိုသွားတော့မယ်နော် ... ဝအောင်စားပြီးမှတော်နော် ... ”

“သွား ... သွား ... ”

သူ အော်ပြောလိုက်တော့ ဒေါ်ပွင့်ခက်တစ်ယောက် ခန္ဓာကိုယ်ကြီးနှင့် လိုက် မပြေးရုံတစ်မယ် ထွက်သွားသည်ကိုကြည့်ပြီးသူကြိတ်ပြုံးနေမိသည်။

အမှန်ဆို သူကလည်း ဒေါ်ပွင့်ခက်ကို အိမ်ကနေ မြန်မြန်ဆိုင်ကိုသွားစေချင်လှပါပြီ။ အကြောင်းက ဒီကနေ လိပ်ပြာလေးကို အဝတ်အစားအသုံးအဆောင်အချို့ လိုက်ဝယ်ပေးရင်း မြို့ထဲကို ခေါ်သွားဖို့ အစီအစဉ်ဆွဲထားသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

## Scene (12)

အပြင်ထွက်ရမည်ဆိုသည်ကြောင့် လိပ်ပြာမလေး သိပ်ကိုတက်ကြွပြီး ဖလန်း ဖလန်းထနေသည်။ လင်းခက်က သူမကို သူ့အဒေါ်အင်္ကျီတွေထဲ အဆင်ပြေရာတစ်စုံကိုရွေးပေးပြီး ဝတ်စေခဲ့၏။ မဆိုးပါ။ အနည်းငယ် အင် လေးပွနေသည်ကလွဲလျှင် သူမ တော်တော်လှပါသည်။ နဂိုရှိပြီးသူမို့ နကိုး ထွက်တာလည်း ပါမည်ထင်ပါသည်။

"လိပ်ပြာ ... "

"ရှင်!"

"ဒီခြေညှပ်ဖိနပ်လေးကို စီးခဲ့ ... "

"ဟုတ် ... ဒါနဲ့ ဘယ်လိုစီးရမှာလဲဟင်!"

သူမကို ဖိနပ်စင်မှ ဒေါ်ပွင့်ခက်၏ ကတ္တီပါဖိနပ်အပါးလေးတစ်ရံ ချလည်းပေး သူကိုယ်တိုင်လည်း ကတ္တီပါဖိနပ်တစ်ရံကို စီးပြလိုက်ပြီး ...

"ဒီမှာကြည့် ... ဒီလိုလေး စီးလိုက်ရုံပဲ ... တွေ့လား ... "

သူမက သူ့ပုံစံအတိုင်း ဖိနပ်ကလေးကို လျှိုလိုက်တော့ အိုကေ သည်။

"ဒါပဲ ... ဘာခက်တာမှတ်လို့ ... ဒီမှာခဏနေဦး၊ ကိုယ်ဂိုဒေါင်ထ ကားသွားထုတ်လိုက်ဦးမယ်"

"ကား ... ဟုတ်လား ... ဩော် ... တီဗွီတွေထဲမှာပါတဲ့ ဟိုလိုဗွေ



www.burmeseclassic.com

www.burmeseclassic.com



ညှည့်လှည့်ပြီး မောင်းရတဲ့ဟာကြီးလား"

"ဟုတ်တယ်ဟေ့ ... ဟုတ်တယ်ဟ ..."

သူလည်း ဖြေပေးပြီး ဂိုဒေါင်ရှိရာသို့ ထွက်ခဲ့သည်။ သူ့မကတော့ ဒိမ်ရှေ့ပေါ်တီကိုမှာစောင့်ရင်း ဖိနပ်ကလေးဖြင့် မလှမ်းတတ် လှမ်းတတ်ပုံစံဖြင့် ဟိုလျှောက်ဒီလျှောက်လုပ်နေရင်း သဘောကျနေ၏။

ထိုစဉ် လင်းခက်က ဟွန်းတီးသံတစ်ချက်နှင့်အတူ ကားကို ဝေါခနဲ မောင်းထွက်လာခဲ့တော့ သူမ ရုတ်တရက်လန့်သွားပုံရ၏။ အတောင်ပံတွေလည်း တဖျန်းဖျန်းထွက်လာပြီး မျက်လုံးလေး ကလယ် ကလယ်နှင့်ကားကြီးကို ငေးကြည့်နေသည်။

"တီတီ! ..."

"အမလေး ..."

တော်ပါသေးသည်။ ကိုယ့်ခြံကိုယ်ဝန်းထဲမှာမို့ အပြင်လူတွေမမြင်နိုင်။ မြို့ထဲမှာသာဆိုရင်တော့ ...

"လိပ်ပြာ ... ကိုယ်မှာထားတယ်လေ၊ ဒါဘာ့လန့်စရာရှိလဲ ... အတောင်တွေ အမြန်ပြန်ဖျောက်စမ်း ..."

"ဟုတ် ... ရုတ်တရက်ကြီးမို့ လိပ်ပြာ သတိလက်လွတ်ဖြစ်သွားတာနော်"

သူမက မျက်နှာငယ်လေးနှင့် ပြန်ဖြေနေတော့လည်း သူ့စိတ်ထဲမှာ ကောင်း။

"မြို့ထဲရောက်ရင် ဒါမျိုးဖြစ်လို့မရဘူးနော် လိပ်ပြာ ... လာ ... ကား ပေါ်တက် ..."

"ဟုတ် ..."

သူက မောင်းသူနေရာမှ တစ်ဖက်ကားတံခါးကို ဖွင့်ပေးလိုက်တော့ သူမက အလိုက်သင့် တက်ထိုင်လိုက်ပြီး ကားထဲကို ပတ်ကြည့်နေ၏။

"ဗွား:: ကားကြီးက မိုက်တယ်နော် ..."

သူ ဘာမှမဖြေတော့ဘဲ ကားကိုမောင်းထွက်လိုက်စဉ် 'အမလေး'ဆို ပြီး လန့်အော်ပါသေးသည်။ အတောင်ပံတွေတော့ ထွက်မလာပါ။ သူမ သတိ



www.burmeseclassic.com

www.burmeseclassic.com



ထားနေဆိုတဲ့အထာနှင့် တစ်ချက် စိုက်ကြည့်လိုက်တော့ သူမ ငြိမ်ကုတ်၍ သွား၏။

သူ ... ကားကို ခြံပြင်ထိမောင်းပြီး ခဏရပ်လိုက်သည်။ သူ ခြံတံခါး ဆင်းပိတ်ရပါဦးမည်။ မပိတ်သေးခင် သူမကို စိတ်မချသည်ကြောင့် ထိုင်ခုံခါး ပတ်ကို သူပတ်ပေးလိုက်၏။ နောက် ... တစ်စုံတစ်ခုကို သူမြင်သွားပြီး မျက်မှောင်တစ်ချက် ကုတ်သွား၏။

"ဟင် ... လိပ်ပြာ ..."

"ရှင် ..."

"မင်းကို အစောက ကိုယ်စီးခိုင်းထားတဲ့ ကတ္တီပါဖိနပ်လေးရော"

ဟုတ်ပါရဲ့ ... သူမ ခြေထောက်မှာ ဖိနပ်မှမပါဘဲ။

"ဟိုဟာ ... ဒီကားကြီးပေါ်တက်တုန်းက ချွတ်ထားခဲ့တာလေ"

"ဟာကွာ ... သေစမ်း ... !"

သူက ကိုယ့်နဖူးကိုကိုယ်ရိုက်ပြီး သက်ပြင်းတစ်ချက် ချလိုက်၏။

"ကိုလင်းခက် ... လိပ်ပြာ ဘာမှားလို့လဲဟင် ..."

"လိပ်ပြာ ဘာမှမမှားပါဘူး ကိုယ်မှားတာ ... ဒီမယ် သေချာမှတ်ထား ဘုန်းကြီးကျောင်းနဲ့ဘုရားပေါ်ကလွဲရင် ကိုယ်မပြောမချင်း လုံးဝ ဒီဖိနပ်ကို မချွတ်ရဘူး ... အိုကေနော် ..."

"အိုကေ ..."

"ဒါဆို ဒီမှာခဏစောင့် ... ကိုယ်ဖိနပ်သွားယူပေးမယ်"

"ဟုတ် ..."

သူ ကားပေါ်ကဆင်းပြီး ပေါ်တီကိုအောက်မှာ မိန့်မိန့်ကြီးရှိနေသော ဖိနပ်တစ်ရံကို ကောက်ကိုင်လိုက်ပြီး ပြန်ယူလာခဲ့သည်။

နောက် ... သူမကို ပြန်အစီးခိုင်း၊ ခြံတံခါးကို သေချာပြန်ပိတ်ကာ လင်းခက်တစ်ယောက် နတ်သမီးတစ်ပါးနှင့်အတူ ရွှေ့ပြောင်းထွက်လာခဲ့ပါတော့ ၏။



www.burmeseclassic.com

www.burmeseclassic.com

## Scene (13)

Shopping Mall တစ်ခု၏ Foodcenter လေးအတွင်းမှာဖြစ်သည်။ သက်လတ်ပိုင်းအရွယ်ကို ခပ်စွန်းစွန်းလေး လွန်နေသော အတွဲနှစ်တွဲသည် (အတွဲဟုတ်မဟုတ်တော့ မသေချာပါ) စားပွဲတစ်လုံးမှာ အအေးသောက်နေကြရင်း စကားလက်ဆုံကျနေကြ၏။

ထိုအတွဲသည် အခြားသူများမဟုတ်။ သဘော်သားအမည်ပေါက် ဦးကိုကိုနှင့် Fashion ဆိုင်ပိုင်ရှင် (ဝါ) လင်းခက်၏ တစ်ဦးတည်းသောအဒေါ်ဒေါ်ပွင့်ခက်တို့သာ ဖြစ်ပါသည်။

"ပွင့်က အရင်နှစ်တွေထက် ပိုနု ပိုလှပြီး ပိုဝလာတယ်နော်"

"အဟင်းဟင်း ... အချင်းချင်းတွေ အဲလောက်ကြီးမြှောက်နေစရာမလိုပါဘူး ဦးကိုကိုရယ် ... မပြောလည်း ဒီဝိုင်းကို ပွင့်ရှင်းမှာပါနော်"

"နိုး ... နိုး ... နိုး ... ကိုယ်က စားချင်လို့ တမင်မြှောက်ပြောနေတာမဟုတ်ဘူးနော်ပွင့် ... ကိုယ့်မျက်လုံးထဲမှာ မြင်တဲ့အတိုင်းကြီး ပြောချလိုက်တာပါ ... ကိုယ်နိုင်ငံပေါင်းစုံက အလှပဂေးပေါင်းများစွာကို မြင်ဖူးပါတယ် ပွင့်ရယ် ... ဒါပေမဲ့ ... ကိုယ့်ရင်ထဲကို ပွင့်အလှတရားကလွဲပြီး ဘာမှတိုးမပေါက်ခဲ့ပါဘူး ပွင့်ရယ် ..."

"ဟုတ်ရဲ့လား ဦးကိုကိုရယ် ... အဟင်းဟင်း ... ဟင်း ..."

"ဟုတ်တာပေါ့ ... ပွင့်လေးရယ် ... ဟုတ်တာမှ ..."



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သင်းကွဲအသံတစ်သံကြောင့် ကောင်းခန်းရောက်မှ မီးပျက်သလို ခံစားသွားကြရ၏။ မိန်းကလေးတစ်ယောက်၏ အသံပင် ဖြစ်၏။

"အန်ကယ်တီပွင့်ခက်မို့လားဟင်"

"ဟယ် ... ဟုတ်တာပေါ့ မေဇင်လင်းရယ် ... ဒီခန္ဓာကိုယ်နဲ့ဒီအလှတရားက လွဲစရာလား"

"သေချာအောင် မေးရတာပေါ့ အန်ကယ်တီရယ် ... FM ဖွင့်ပြီးကတည်းက အန်ကယ်တီပွင့်တို့အိမ် မရောက်ဖြစ်တာပဲ ကြာပေါ့ကို ..."

"ဟုတ်ပါ့ ... နင်တို့ကသာ မေ့နေတာပါ၊ အန်ကယ်တီပွင့်ကတော့ တူလေးသူငယ်ချင်းတွေအားလုံးကို သတိရပါ့ မေးပါ့ မျှော်ပါ့ ..."

ဟုတ်သော်ရှိ မဟုတ်သော်ရှိ ဒေါ်ပွင့်ခက်တို့က ကျွမ်းကျင်ပြီးသား။ ဈေးသည်ပါးစပ်ပဲမို့လား။ ဦးကိုကိုမှာတော့ သူမတို့နှစ်ယောက်ကိုကြည့်ပြီး ရယ်ရမလို ငိုရမလို ပုံစံကြီးဖြင့် ငြိမ်သာနားထောင်နေရ၏။

"ဒါနဲ့ ဒီကိုဘာလာဝယ်တာလဲ မေဇင်လင်းရဲ့ ..."

"အမလေး ... ဝယ်ဖို့လာတာ မဟုတ်ပါဘူး အန်ကယ်တီရယ် ... ဒီ Shopping Mall ထဲက electronic ဆိုင်တစ်ဆိုင်က မေဇင်တို့ Angel FM မှာ ကြော်ငြာထည့်ချင်တယ်ဆိုလို့ လူကိုယ်တိုင် လာဆွေးနွေးတာလေ"

"ဒါနဲ့ ... နင်တို့သူငယ်ချင်းတွေရော အားလုံးနေကောင်းကြလား၊ FM ရော အခြေနေကောင်းရဲ့လားကွဲ့"

"အားလုံးကောင်းပါတယ် ... FM အခြေနေကတော့ တော်တော်ကြီးကို အောင်မြင်လာတာ၊ ကြော်ငြာတွေလည်း တအားလာကမ်းလှမ်းကြတယ် ပြီးတော့ ... လင်းခက်ရဲ့ Story FM ကလည်း Angel FM ရဲ့ အဓိကဆွဲဆောင်မှုပဲ ... ပရိသတ်တွေက လင်းခက် ပုံပြင်အသစ်အဆန်းတွေကို စောင့်ပြီးတော့ကို တကူးတကနဲ့ အားပေးနားထောင်နေကြရတာ အန်ကယ်ပွင့်ခက်ရဲ့"

ဒေါ်ပွင့်ခက် မျက်နှာကြီးက တူလေးအတွက်နှင့် မှိုကောက်ရသလိုပြုံးဖြီးနေ၏။ ဦးကိုကိုကတော့ FM ဆို စိတ်အတော်နာနေပုံရသည်။ မျက်နှာလွှဲထားတာလား တခြားဝိုင်းက ကောင်မလေးတွေကို ငမ်းနေတာလား မသိ တစ်ဖက်သို့ လှည့်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ အန်တီပွင့် ... လင်းခက်ဆိုလို့ လင်းခက်တစ်ယောက် FM ရုံးကို လာတာ အတော်ကြာနေပြီ ... ပုံပြင်တွေကိုလည်း ရုံးကို Voice Mail နဲ့ပဲ ပို့ထားတယ် ... ခုတလော လင်းခက် ဘာဖြစ်နေတာလဲ"

"အဟွန်း! ... မပြောတတ်တော့ပါဘူးမေဓင်လင်းရယ် ... အန်တီမေး တော့လည်း အနားယူရင် အိမ်ထဲမှာပဲ ပုံပြင်အသစ်တွေရေးရတာ ပိုဖီးလ်တွေ လို့တဲ့ ... သူ့ဘာသာတစ်ယောက် သကောင်သနင်း ပုံပြင်တွေ ထရွတ်ရင်း စကားတွေပြောလို့ပြောနဲ့ ... ပြီးတော့ ဒီကလေး ခုတလော အသီးအနှံတွေ လည်း အရမ်းစားနေတယ် ... အဲအဲ ... စားတော့လည်း ဝါးပြီးအခွံတွေ ထွေး ထွေးထုတ်ထားတာကွဲ့ ... "

"ဟုတ်လား"

"ဟုတ်တယ် သမီးရေ ... ညည်းတို့သူငယ်ချင်းက အဲလိုလုပ်နေတာ"

"ဟုတ်မှာပါ ... လင်းခက်က လူတစ်မျိုးပဲကို ... မသိပါဘူး လင်းခက် ဘာ FM ကို ဘာကြောင့်မလာတာလဲ မေးတော့လည်း ဟိုလိုလို ဒီလိုလိုနဲ့ 'ဗျို့ ဝှက်ချက်'လို့လဲ မရေမရာဖြေထားလို့ ဒီကောင်တစ်ယောက်တည်း သမီး တို့မသိအောင် ဘာတွေများ ကြိတ်လုပ်နေသလဲလို့ ... "

"ဘာမှမလုပ်ဘူး သမီးလေး ... အိမ်တွင်းပုန်းကြီးလုပ်နေတာ၊ ဒြော် အဲ့ မေ့နေလိုက်တာ ... သမီးကိုမိတ်ဆက်ပေးရဦးမယ်၊ ဒါက အန်တီပွင့်ရဲ့ မိတ်ဆွေသူငယ်ချင်း ဦးကိုကိုလေ ... "

သို့မှ ဦးကိုကိုလည်း သွားအဖြီးသားဖြစ်သွားသည်။ လက်တစ်ဖက် ကိုလည်း ကမ်းပေးရင်းမှ ...

"Yes! My name is U Ko Ko ... Wellcome baby wellcome! "

ဟု ဘိုလိုမှုတ် နှုတ်ဆက်သည်ကို ရုတ်တရက်မို့ မေဓင်လင်း ကြောင်ကြည့်နေ သေးသည်။ ပြီးမှ သဘောပေါက်ကာ အလိုက်သင့် ပြန်လက်ကမ်းပေးပြီး နှုတ်ဆက်လိုက်ရသည်။

"ဟုတ်ကဲ့ ဦးကိုကို ... သမီးက မေဓင်လင်းပါ။ အန်တီပွင့်တူ လင်းခက် ရဲ့သူငယ်ချင်းတွေပါ ... Angel FM ရဲ့ ကြော်ငြာတာဝန်ခံပါ ဦး ... "

"အိုကေ ... ဦးက နိုင်ငံခြားသင်္ဘောသားပါ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... တွေ့ရတာ ဝမ်းသာပါတယ်. ဦး ... "

"Me too, Baby ... "

သူတို့နှစ်ယောက် စကားတွေကို ဒေါ်ပွင့်ခက်တစ်ယောက် မကြားနိုင်လောက်အောင် ဖြစ်သွားသည်။ အကြောင်းက ထူးဆန်းသောမြင်ကွင်းတစ်ခု၏ တရာကြောင့်ပင် ဖြစ်သည်။ ကိုယ့်မျက်စိကို ကိုယ်ပင်မယုံနိုင်။ ပြီးတော့ သေချာအတည်ပြုနိုင်ရေးအတွက်လည်း ဦးကိုကိုနှင့် မေဇင်လင်းတို့ကိုလည်း လက်ညှိုးထိုးပြလိုက်မိသည်။

"ဟဲ့ဟဲ့ ... ဟိုမှာကြည့်ပါဦး ... အဲဒါ ... "

အားလုံး၏ အကြည့်တွေက အရှေ့က Fashion ဆိုင်ထဲကို ဝပ်ပျံသွားသည်။

"ဟယ်! ... "

"ဟာ ... "

ရှေ့သွားနောက်လိုက်ညီသော ခေတ်လူငယ်အတွဲတစ်တွဲသာဖြစ်သည်။ ထိုစုံတွဲကတော့ သူတို့သုံးယောက်ကို မမြင်ပါ။ သူတို့မှာသာ ...



www.burmeseclassic.com

www.burmeseclassic.com

## Scene (14)

သူ ... လိပ်ပြာကို ပထမဦးဆုံး လေးဆူဓာတ်ပုံ ရွှေတိဂုံဘုရားကို အရင်ဆုံး လိုက်ပို့ပေးသည်။ နံနက်ခင်းပိုင်းမို့ ဘုရားပေါ်မှာ လူသိပ်မစည်သေး။ သူမကတော့ မြင်ကွင်းအထူးအဆန်းမို့ ဟိုငေးဒီငေး လုပ်နေ၏။ ဘုရားပေါ်တက်ကတည်းက သူ့လက်မောင်းတစ်ဖက်ကို လိပ်ပြာမလေးက မလွှတ်တမ်း ဆွဲကိုင်ထားသည်။ သူက ရှိန်းခနဲ ဖိန်းခနဲ ဖြစ်သွားပြီး ဘာဖြစ်လို့လဲမေးတော့ ကြောက်လို့ဟုပင် ခပ်တိုးတိုးလေး ဖြေပါသည်။

တကယ်တော့ သူမ၏ ပြုမူမှုကြောင့် သူ့ရင်တွင်း ဖြစ်စဉ်တစ်ခု ကျိုးပေါက်သွားခဲ့ရပြီဖြစ်သည်။ စိတ်ထဲမှာလည်း ကျေနပ်နေမိ၏။

အရှေ့အရပ်ဆီက နေလုံးကြီးကိုမြင်ရတော့ သူမက လက်ညှိုးထိုးပြီး

"ကိုလင်းခက် ... အဲဒါ ဘာကြီးလဲဟင် ... "

"နေလုံးလေ ... "

"အဲဒါက ဘာလုပ်ရတာလဲ ... "

သူ အဖြေရအတော်ခက်သွား၏။ ဟုတ်သည်ပဲ ... သူမနေထိုင်ခဲ့သည့်နန်းကမ္ဘာမှာက နေ့မရှိညမရှိ။ လေပြင်းမရှိ မိုးစက်မရှိ။ ရာသီဥတုက ပုံမှန်အတိုင်း တစ်သမတ်ထဲကြီးကိုး။

"အဲဒါက ဒီမြေကမ္ဘာကို အပူနဲ့အလင်းရောင်တွေပေးတဲ့အရာပေါ့"

"သြော် ... "



www.burmeseclassic.com

www.burmeseclassic.com



သူမက 'ဩော်'ဟူသာ တစ်လုံးတည်းဖြေပြီး နေမင်းကြီးကို စိုက်ကြည့်နေ၏။

"အား ... မျက်စိတွေ ကျိန်းလိုက်တာ"

"ဟဲ့ ... အဲလိုတွေ ကြည့်မနေနဲ့ မျက်စိကန်းသွားမှာပေါ့ ... ဒါတောင် စောနေသေးလို့ နေမြင့်လာရင် အဲလောက်တောင် လိပ်ပြာကြည့်လိုက်နိုင်မှာ မဟုတ်ဘူး"

"တကယ် ... ဒါဆိုရင် အဲဒီနေလုံးကြီးက ဒီအတိုင်းငြိမ်နေတာ မဟုတ်ဘူးပေါ့ ... ထပ်မြင့်လာဦးမှာပေါ့ ... "

သူမက တကယ်ကပ်သီးကပ်ဖွဲ့ မေးတတ်လွန်းသည်။ မေးပုံကလည်း ကလေးတစ်ယောက်လို ဖြူစင်မှုမျိုးဖြင့် ချစ်ဖို့ ကောင်းလွန်းပါ၏။

"ဒါပေါ့ ... ကိုယ်တို့ခေါင်းပေါ်တွေထိရောက်အောင် သူက ရွေ့လာဦးမှာလေ ... "

တကယ်ပါပဲ ... သူမအတွက်တော့ မြေကမ္ဘာမှာ တွေ့တွေ့သမျှ နေလကာအဆုံး အားလုံးဟာ အထူးအဆန်းတွေချည်းပါပဲ။

ပြီးတော့ ... သူမကို Game City တစ်ခုထဲခေါ်သွားပြီး တခြားသူတွေ ကစားနေတာကို ပြဖြစ်သည်။ သူမလည်း တခြားသူတွေ ပုံစံမျိုးစုံနှင့်ကစားတာတွေကို သဘောတကျကြည့်ပြီး လက်ခုပ်လက်ဝါးပင် တီးနေလိုက်ပါသေးသည်။

သူက ကစားပါလားဟု ခွင့်ပေးတော့ သူမက တိုက်ကားစီးချင်ကြောင်းပြော၍ သူ့ကိုပါ အစီးခိုင်းနေသည်။ သူမပါလျှင် မကစားဆို၍ သူလည်း မကြီးမငယ်နှင့် ဝင်ဆော့ပေးနေရသည်။ နောက်တော့လည်း သူပါ ဆယ့်နှစ်နှစ်သားလေးတစ်ယောက်လို ပျော်ရွှင်အူမြူးလာမိ၏။

Game City ထဲမှာ တွေ့တွေ့သမျှ လူတွေကတော့ သူမနှင့်သူ့ကို လိုက်ငေးကြည့်နေကြသည်။ သူမ၏ လှရက်နိုင်လွန်းမှုကြောင့်လား။ သူတို့ နှစ်ယောက်ကို လိုက်ဖက်ညီလှသည့် စုံတွဲတစ်တွဲအမြင်ကြောင့်လားမသိ။ ငေးကြည့်ကြသည်။ ကြာလာတော့ သူပင် ရှက်၍လာ၏။

သူမကတော့ လက်တစ်ဖက်က သူ့ကိုကိုင်ထားပြီး မြင်မြင်သမျှကို



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးတထိုးထိုး တငေးငေး။ သူ့ကိုလည်း တမေးမေးနှင့်သာ ရှိနေ၏။ သေချာသည်ကတော့ သူမ ပျော်ရွှင်နေပါသည်။ သူမ ပျော်ရွှင်မှုကြောင့် သူ ကြည်နူးရပါသည်။

"ကိုလင်းခက် ... ဒါကရော ဘာလုပ်တဲ့နေရာလဲ ... ဘယ်လိုကစားတာမျိုးလဲဟင်!"

"ဩော် ... ဒါက သရဲခြောက်တဲ့အိမ်ကြီးလေ ... ဘာလဲ ဝင်ကြည့်ချင်လို့လား"

"အင်း ... ဝင်ကြည့်ချင်တယ်၊ ဒါနဲ့ သရဲဆိုတာ ဘာလဲဟင်"

သူ ဖြေမနေတော့ဘဲ ...

"လာ ... အထဲကျမှ တွေ့လိမ့်မယ် ... " ဟုဆိုကာ နှစ်ယောက်သားဝင်ခဲ့ကြတော့၏။

အထဲကိုရောက်တော့ သူမက 'ဟွန်း မှောင်မဲနေတာပဲ" ဟု ခပ်တိုးတိုးညည်း၏။ လမ်းဆက်လျှောက်တော့ ခလုတ်တိုက်ပြီး လဲမလိုဖြစ်သွား၍ အချိန်မီ သူ ဖမ်းထိန်းလိုက်ရသေးသည်။

နောက်တော့ ပုံစံမျိုးဖြင့် ခြောက်လှန့်နေသော အရုပ်သရဲများကို တောင်တွေ့ရပါတော့သည်။ အသံတွေကလည်း အသည်းငယ်သူများအတွက် ကြွယ်သီးထချင်စရာပင်။

"ဟားဟား ဟားဟား ... "

"အမလေး!"

ရုတ်တရက် ထွက်ပေါ်လာသည့် အသံနှင့်ကြောက်စရာ သရဲကြီးကြောင့် သူမအတော် ထိတ်လန့်သွားပုံရသည်။ သူ့ကိုလည်း အတင်းကုပ်ဖက်တွယ်ထားနေ၏။ အတောင်ပံကြီးကလည်း ထွက်လာနေပြီဖြစ်သည်။ အစ်ချက်ကံကောင်းသည်က မှောင်မဲတိတ်ဆိတ်နေမှုရယ်၊ အခြားသူများ မရှိမှုရယ်ပင် ဖြစ်၏။

"လိပ်ပြာ ... ကိုယ်ရှိတယ်၊ ဘာမှကြောက်စရာမလိုဘူး၊ လူကိုဒီမှာ ... ထွယ်မပေးနိုင်ပါဘူး၊ စိတ်ကိုထိန်းမှပေါ့၊ အတောင်ပံတွေကို အမြန်ပြန်သိမ်းလေ ... ဩော် ... ဒုက္ခပါပဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"လိပ်ပြာ ကြောက်တယ် ..."

"ကိုယ်ရှိပါတယ်ကွာ ... ကဲ ဒီလိုလုပ် ... မျက်လုံးတွေကို မှိတ်ပြီးသာ လိုက်ခဲ့၊ ကိုယ်ဖက်ပြီး အပြင်ခေါ်ထုတ်ပေးမယ် ဟုတ်ပြီလား ... အတောင်ပံတွေတော့ အမြန်ဖျောက်တော့နော် ..."

"ဟုတ် ..."

သူမကို မျက်စိမှိတ်လိုက်စေပြီး သူက တစ်လမ်းလုံး ဖက်တွဲပြီးခေါ်ထုတ်လာခဲ့ရသည်။ ရင်ခုန်သံတချို့တဝက် မှုမမှန်တာတော့ နှစ်ယောက်စလုံး သတိထားမိပုံမပေါ်ပါ။

"ဟုတ်ပြီ ... အတောင်ပံတွေ ပျောက်သွားပြီ၊ ခဏနေ အပြင်ရောက်တော့မှာနော် လိပ်ပြာ ..."

"အင်း ..."

အချစ်သည် မည်သည့်အချိန်အခါ ...

မည်သည့်နေရာ ...

မည်သည့်ပုံစံမျိုးဖြင့် ဖြစ်တည်ရောက်ရှိလာတတ်ပါသလဲ။

သေချာတာကတော့ သူ့ရင်ထဲတွင် ထိုခဏမှာ မိုးကြီးသဲသဲမဲမဲ ရွာခဲ့လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## Scene (14-A)

Game City ကအပြန်မှ သူ့မအတွက် အသုံးအဆောင်ပစ္စည်းများ ဝင်ဝယ်ရမည်ဖြစ်သည်။ နှစ်ယောက်စလုံး ခြေထောက်တွေက ညောင်းနေကြသည်ကြောင့် Shopping မသွားသေးခင် နီးစပ်ရာ ပန်းခြံတစ်ခုထဲဝင်ပြီး သစ်ပင်ရိပ်က ခုံတန်းလျားလေးတစ်လုံးမှာ လေကောင်းလေသန့်ရှူရင်း ခဏနားဖြစ်ကြသည်။

ပန်းခြံဆိုသည့် ဂုဏ်ပုဒ်နှင့်အညီ ပန်းပင်များ၊ ချုံနွယ်ပင်များနှင့် စုံတွဲပေါင်းများစွာကို တွေ့ရ၏။ တချို့အတွဲက ခိုးခိုးခစ်ခစ် ရယ်မောနေကြသည်။ တချို့က တီတီတာတာ စကားပြောနေကြသည်။ တချို့ကတော့ စိတ်ကောက်စနောက်နေကြ၏။

"ကိုလင်းခက် ... အဲဒီနှစ်ယောက်တွဲ နှစ်ယောက်တွဲတွေက ဘာလာလုပ်နေကြတာလဲဟင် ... "

ဗုဒ္ဓေါ ... ဘယ်လိုဖြေပေးရပါ့ ...

"သူတို့က ချစ်သူတွေလေ ... တစ်ယောက်နဲ့တစ်ယောက် ချစ်နေကြလို့ ပန်းခြံထဲမှာ လာချိန်းတွေ့နေကြတာပေါ့ ကောင်မလေးရဲ့ ... "

"ချစ်သူတွေဆိုတာက ဒီလိုပန်းခြံထဲမှာ အတူလာတွေ့ရတာပေါ့နော်"

သူလည်း အရစ်ဆက်ရှည်နေမည်ဆိုသည်ကြောင့် အမြန်သာ ပြီးစေမည့် ဖြေပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး ... ဟုတ်တယ် လိပ်ပြာလေးရေ ..."

"ဒါဆို ... ကိုလင်းခက်နဲ့ လိပ်ပြာလေးကလည်း ချစ်သူတွေပဲပေါ့နော် ပန်းခြံထဲမှာဆိုတော့ ..."

" ... "

နှစ်ယောက်သား အကြည့်ချင်း ဆုံမိကြသည်။ သူ့ရင်ထဲမှာလည်း အိပ်ပျော်နေသော နှလုံးသားတစ်စုံက သူမ၏ဝါကျတစ်ခုကြောင့် ဖျတ်ခနဲ လန့်နိုးသွား၏။

ချစ်စရာကောင်းလိုက်တဲ့ နတ်သမီးလေးရယ် ... ငါ ဘယ်လိုငြင်းဆန်ရမှာလဲကွယ်။ ထိုစဉ် ...

"ကိုကို ... လိပ်ပြာလေးတွေ အများကြီးပဲနော် ချစ်စရာကောင်းတယ်"

"အင်း ... ဟုတ်တယ်နော် အသဲလေး ..."

စုံတွဲတစ်တွဲ လက်ချင်းကိုခိုင်ခိုင်တွဲရင်း ပန်းပွင့်လေးများအလယ်မှာ ကခုန်ပျော်မြူးနေသော လိပ်ပြာလေးတွေကို လက်ညှိုးတထိုးထိုးနဲ့ ပြောဆိုသွားကြ၏။

"ကိုကို ... အသဲကို လိပ်ပြာလှလှလေးတစ်ကောင်လောက် ဖမ်းပေးနော်"

"အိုကေ ..."

ကောင်မလေး၏ ပူဆာမှုကြောင့် ကောင်လေးက မငြင်းဆန်ဘဲ ပန်းပင်တွေကြားက လိပ်ပြာလေးတွေကို လိုက်ဖမ်းနေ၏။

သူတို့လည်း ထိုစုံတွဲကိုသာ ငေးကြည့်နေမိကြ၏။ မည်သည့်စကားမှ မပြောဖြစ်။ မကြာသောအချိန်တစ်ခုအတွင်းမှာပင် လိပ်ပြာလှလှလေးတစ်ကောင်ကို ဖမ်းမိသွားပြီဖြစ်သည်။ ကောင်မလေးကတော့ ချစ်သူကောင်လေး၏ စွမ်းဆောင်မှုအတွက် လက်ခုပ်လက်ဝါးတီးပြီး ဂုဏ်ပြုနေလေ၏။

"ဟယ် ... မိသွားပြီ၊ လိပ်ပြာလေး သနားပါတယ် ... အဟင့် ..."

"ဟင်!"

သူ ငေးကြည့်နေစဉ် သူမ၏အသံကြောင့် ငေးကြည့်မိ၏။ သူမ မျက်ဝန်းမှာ မျက်ရည်စတွေနှင့် အတော်ဝမ်းနည်း စိတ်မကောင်းဖြစ်နေပုံပင်။



www.burmeseclassic.com

www.burmeseclassic.com



"လိပ်ပြာလေး ... ဘာဖြစ်လို့လဲဟင် ... "

"ဟိုမှာ လိပ်ပြာလေး သေတော့မယ်"

ဟုတ်ပါရဲ့ ... သည်အတွဲကလည်း ကလေးမဟုတ် ကုလားမဟုတ်၊ လက်မငြိမ် ခြေမငြိမ်နှင့် လိပ်ပြာကိုမှ ဖမ်းကြရသတဲ့လား။

ဝမ်းနည်းမည်ဆိုလည်း ဝမ်းနည်းမည်ပေါ့။ သူမက ပန်းကမ္ဘာလေးက လိပ်ပြာနတ်သမီးလေးပဲ မဟုတ်လား။ သူမ မျက်စိရှေ့မှာ လိပ်ပြာလေးတစ်ကောင်ရဲ့ အဖြစ်ဆိုးကို ဘယ်လိုရင်ဘတ်မျိုးနဲ့ ကြည့်ရက်နိုင်မှာတဲ့လဲ။

"နေနေ လိပ်ပြာလေး ... ကိုယ် သူတို့လက်ထဲက လိပ်ပြာလေးကို ကယ်ပေးမယ်"

"တကယ် ... "

သူမ မျက်နှာနှင့်အသံက ချက်ချင်း တက်ကြွလာ၏။

ကိုယ့်ချစ်သူ ကိုယ်ချစ်ရတဲ့သူတစ်ယောက်ကို ဘယ်လိုလူမျိုးက စိတ်ဆင်းရဲ ဝမ်းနည်းနေတာကို မြင်ချင်မှာတဲ့လဲ။

သူ ... ထိုစုံတွဲရှိရာသို့သွားပြီး ...

"ညီလေးနဲ့ညီမလေးကို တစ်ခုလောက် အစ်ကို Request လုပ်ပါရစေ"

"ဗျာ ... ဘာများလဲ အစ်ကို ... "

"ဒီလိုပါ ... ညီလေးတို့ အပန်းမကြီးဘူးဆိုရင် ညီလေးတို့လက်ထဲက လိပ်ပြာလေးကို ပြန်လွှတ်ပေးလိုက်ပါလား"

"ဗျာ! ... ဘာဖြစ်လို့လဲ အစ်ကိုရဲ့ ... "

"ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုက လိပ်ပြာလေးတွေဆိုရင် ငယ်ငယ်ကတည်းက အရမ်းချစ်တတ်တာကွ ... အခု ကိုယ့်မျက်စိရှေ့မှာ ညီလေးတို့အတွဲက လိပ်ပြာလေးကို ဖမ်းထားတာတွေ့ရတော့ ရင်ထဲမှာတစ်မျိုးကြီးဖြစ်နေလို့ပါကွာ ... "

"ဪ! ... "

သူ့စကားကို ကောင်မလေးက ခေါင်းတညိတ်ညိတ်နှင့် လက်ခံပေး၏။

"ကိုယ့်ပျော်ရွှင်မှုလေးတစ်ခုအတွက်နဲ့ တစ်ပါးသူ ခံစားနာကျင်ရတာယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလည်း မကောင်းပါဘူး ညီလေးတို့ရာ ... လိပ်ပြာလေးမှာလည်း ကိုယ်တို့လိုပဲ အသက်ရှိနေတာပဲ မို့လား"

ကောင်မလေးက သူ့မလက်ထဲက လိပ်ပြာလေးကို တစ်ချက်ကြည့်ပြီး

"ဟုတ်ပါတယ် ... ညီမတို့ကလည်း လိပ်ပြာလေးကို နာကျင်ပါစေဆိုတဲ့ ရည်ရွယ်ချက်မပါပါဘူး အစ်ကိုရယ် ... ဆောရီးပါနော် ... ညီမတို့ ခုပဲ ပြန်လွှတ်ပေးလိုက်ပါ့မယ်"

"ကျေးဇူးပဲ ညီလေးနဲ့ညီမ ... "

"ရပါတယ် အစ်ကိုရာ ... ကျွန်တော်တို့လည်း ခဏနေ ပြန်ကြတော့မှာလေ"

ကောင်မလေးက လက်ထဲက လိပ်ပြာလေးကို ပြန်လွှတ်ပေးလိုက်တော့ ပန်းမန်တွေကြားကို အလျင်စလို ပြေးလွှားသွား၏။

"ကဲ ... အစ်ကို့ကို ခွင့်ပြုပါဦးကွာ ... "

"ဟုတ်ကဲ့ ... ညီလေးတို့ကိုလည်း ခွင့်ပြုပေးပါဦး ... "

သူ တစ်ဖက်ကို ကျောခိုင်းထွက်ခွာပြီး တစ်ဖက်ကို ဦးတည်လာခဲ့၏။ အခုတော့ သူ့လမင်းလေးက အပြည့်လင်းချင်းတောက်ပနေပြီ ဖြစ်သည်။

ထိုစုံတွဲလည်း ထွက်ခွာသွားခဲ့ပြီဖြစ်သည်။ သူမက သူပြန်ရောက်တော့

"ကျေးဇူးတင်လိုက်တာ ကိုလင်းခက်ရယ် ... "

"ရပါတယ် လိပ်ပြာရယ် ... "

"ခဏနေ ကိုလင်းခက် ... "

"အင်း ... "

သူမက ပြောပြောဆိုဆို မျက်လုံးကလေးကိုပိတ်ပြီး တစ်စုံတစ်ခုကို ဆုတောင်းသလို တီးတိုးရွတ်ဆိုနေ၏။ သူလည်း အသာငြိမ်ကြည့်နေမိသည်။ ထိုစဉ် ထူးခြားမှုတစ်ခုက စတင်လာခဲ့၏။ အံ့ဩဖို့လည်း ကောင်းပါသည်။

ပန်းပွင့်တွေအပေါ်မှာ ပြေးလွှားနေသော လိပ်ပြာကလေးများသည် သူမဆီကို ဦးတည်ပျံသန်းလာနေသောကြောင့်ပင် ဖြစ်၏။

"ဟာ ... "

အရောင်အသွေးစုံလင်လှသော လိပ်ပြာလေးများက သူမအပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



နားသူကနား သူမကို ဝဲပတ်ပျံသူကပျံနှင့် အတော်ကြည့်ကောင်းပါ၏။

"လိပ်ပြာလေး ခေါ်လိုက်တာလား၊ ဘယ်လိုလုပ်လိုက်တာလဲ"

"အင်း လိပ်ပြာခေါ်လိုက်တာ ... ကဲကဲ အားလုံးပဲ နှုတ်ဆက်တယ် နော်"

သူမ စကားအဆုံးမှာ လိပ်ပြာလေးတွေက နားလည်သည့်အလား ထပျံသွားကြ၏။ သူမတို့အဖြစ်ကို မည်သူမျှတော့ မတွေ့မြင်လိုက်ကြပါ။

သူကတော့ ...

"ဒီလိုဆိုတော့လည်း လိပ်ပြာလေးက အပတ်ပါလား"

"ဒီလောက်တော့ လိပ်ပြာလေးလည်း လုပ်ပြနိုင်ပါတယ်နော် ... ဒါတောင် မြေကမ္ဘာမှာမို့ ပန်းကမ္ဘာမှာဆို ကိုလင်းခက်ကို လိပ်ပြာက ဟိုးမိုး ပေါ်တောင် ပျံဝဲပြနိုင်သေးတယ်နော် ... "

သူမက ကြွားစိန်လုပ်နေသော နတ်သမီးငကြွားကို ချစ်စနိုးဖြင့် ခေါင်း ကလုပ်ကို ခပ်ဖွဖွ တစ်ချက်ပုတ်ကာ ...

"ဟုတ်ပါပြီ ... ကဲ အချိန်လေးရတုန်း အဝတ်အစားတွေ သွားဝယ်ကြ စို့ ... လာ ထ ... "

ချစ်သူတွေ မဟုတ်သော်ငြား တစ်ယောက်လက်ကိုတစ်ယောက်တွဲ လျှောက်လှမ်းထွက်ခဲ့ကြ၏။ ထိုစဉ် ... သူမက အလန့်တကြားဖြင့် ...

"ဟယ် ... ဟိုမှာ ကြည့်ဦး ... "

"ဘာလဲဟင် ... "

"ကိုလင်းခက်ပြောတာ မှန်တယ် ... နေလုံးကြီး အပေါ်နည်းနည်း ရောက်လာပြီလေ ... "

"ဩော် ... "

သူ ... ပြုံး၍သာ နေမိချေတော့သည်။ ရင်ထဲမှာတော့ ...

❀



www.burmeseclassic.com

www.burmeseclassic.com

## Scene (14-B)

ရန်ကုန်မြို့၏ နာမည်ကြီး *Shopping Mall* တစ်ခုမှာ သူမအတွက် လိုအပ်သည်များကို လိုက်ဝယ်ပေးဖြစ်သည်။ ဗိုက်ဆံကိုလည်းမသိ၊ ဘာဆို ဘာမှမသိသည့် သူမအတွက် အစအဆုံး သူကိုယ်တိုင်ပင် ဖတ်ဖတ်မောနေအောင် ပတ်ဝယ်ပေးဖြစ်သည်။

သူမကတော့ တငေးငေးနှင့်ပင်ရှိသည်။ မကြာခဏလည်း အငေးလွန်ပြီး ခလုတ်တိုက်၏။ သူ့မှာသာ ယောက်ျားကြီးတန်မဲ့ သူမအတွင်းခံအတွက်ပါ မိန်းကလေးသီးသန့်ဆိုင်တွေထဲအထိ မျက်နှာပူပူနှင့်လိုက်ဝယ်ပေးခဲ့ရသည်။

ဆိုင်ထဲက ကောင်မလေးက သူမ၏ရင်နံ့ပါတ်တောင်းတော့လည်း သူ့မှာ ခပ်ရှက်ရှက်နှင့်ပင် သူမကို တစ်ချက်ကြည့်ပြီး (၃၆)ဟုဖြေခဲ့ရပါသေးသည်။ လိပ်ပြာမလေးကတော့ ဘာကိုမှမသိ။ သူလုပ်သမျှကိုသာ တငေးငေးတမောမော။

ဆိုင်ထဲက ကောင်မလေးတွေဆို သူ့ကိုကြည့်ပြီး ပြုံးစိစိ။ မတတ်နိုင်တော့ ... တွေ့တွေ့သမျှ လူတွေကလည်း သူတို့နှစ်ယောက်ကို ညားခါစလင်မယားလိုလို သိပ်ချစ်ကြတဲ့ စုံတွဲတစ်တွဲလိုလို အထင်ရောက်နေကြပြီး လိုက်ငေးကြည့်နေကြသည်။

သို့အတွက် သူ့ရင်ထဲမှာ ကြည်နူးဆွတ်ပျံ့နေမိတာကိုတော့ ငြင်းခံပါသည်။ ဝယ်ခြမ်းပြီးတော့ နှစ်ယောက်သား ဗိုက်ချောင်သွားသည့်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



Food centre တစ်ခုမှာ ထိုင်ဖြစ်ကြပါသေးသည်။ သူမကတော့ စတော်ဘယ်ရီ တစ်ခွက်ကို အပီဆွဲပြီး လိမ္မော်ရည်တစ်ခွက်ကိုပါ ဆင့်သောက်လိုက်ပါသေးသည်။

တကယ်ဟန်ဆောင်မှုကင်းသော လိပ်ပြာမလေးဟု မှတ်ချက်ချနေမိသည်။ သူတို့ Food centre လေးထဲကထွက်တော့ နှစ်နာရီပင် ထိုးလုနေပြီ။

ပြဿနာက ဆိုင်ကဲ့ အထွက်မှာပင်ဖြစ်သည်။ နှစ်ယောက်သား ကားရပ်ထားရာနေရာသို့ လျှောက်လာစဉ်တွင် ...

"အား ... ပူတယ် ... "

"ဟင် ... "

သူမ၏ စူးရှရှအော်သံကြောင့် သူ လန့်သွားမိသည်။

"ဘာဖြစ်တာလဲဟင် ... "

သူ ... သူမ လက်တွေကို ခုမှသတိထားကြည့်မိသွားသည်။ နဝိုဖြူဝင်းသော အသားအရည်က နီညိုမဲညစ်သလိုတောင် ဖြစ်နေချေသည်။

"ပူတယ် ... ပူတယ် ... အား ... "

"လက် ... အရေပြားတွေအပေါ်မှာ အငွေ့တွေ ... အငွေ့တွေ ထွက်"

"ကိုလင်းခက် ... နေလုံးကြီးက ပူ ... ပူ ... အား ... "

သူ နေကိုတစ်ချက်ကြည့်ပြီး သဘောပေါက်သွားမိသည်။ သူမ အသားအရည်က နေရောင်ခြည်ခပ်ပြင်းပြင်းကို ခံနိုင်ရည်မရှိ။ သူ အလျင်အမြန်ပဲ သူမကို ဆွဲခေါ်ပြေးထွက်ခဲ့၏။

"လာ ... လိပ်ပြာလေး မြန်မြန်ပြေးခဲ့ ... ကားဆီရောက်အောင် အမြန်ပြေး ... လာ ... "

သူ ကားတံခါးကို အမြန်ပြေးဖွင့်ပြီး သူမကို ကားပေါ်အတင်းတက်ခိုင်းလိုက်သည်။ အနက်ရောင်မှန်တွေက သူမကို အလင်းရောင်တွေမှ ကယ်တင်နိုင်ပါသည်။

သူ ... ကားထဲကိုရောက်တော့ ...

"ပေးစမ်းလက် ... ကြည့်ရအောင် ... ကျွတ်ကျွတ်ကျွတ် ... တော် သေးတာပေါ့ ... နည်းနည်းပဲလောင်သွားလို့ ... အပြေးမြန်သွားလို့ပေါ့ကွား



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လို့ကတော့ မလွယ်ကြောပဲ ... ”

“အရမ်းပူလောင်နေတာပဲ ကိုလင်းခက်ရယ် ... ဘာဖြစ်ရတာလဲဟင်”

သူမ မျက်နှာလေးက ပကတိ သနားစဖွယ်။ သူက အဲကွန်းကို အမြင့်ဆုံးဖွင့်ပေးထားလိုက်သည်။ ပြီးမှ ...

“ဘာဖြစ်ရမှာလဲ ... လိပ်ပြာတို့ ပန်းကမ္ဘာမှာက နေမှမရှိတာ၊ ပြီးတော့ ကိုယ့်ဆီကိုရောက်လာတော့လည်း လိပ်ပြာက တစ်ချိန်လုံး အခန်းထဲမှာပဲ နေခဲ့ရတာ ... ပြဿနာမရှိဘူး ... မနက်ခင်း နေအေးချိန်နဲ့ Shopping Mall ထဲမှာလည်း အေးဆေးပဲ ... ခုလို နေပြင်းပြင်းမှာ ဒီအတိုင်းထွက်လိုက်တော့မှ ဒီလိုဖြစ်ရတာလေ ... နောက်ဆို သတိထားရတော့မယ်နော် ... အပြင်ကို ထွက်မယ်ဆိုရင် အင်္ကျီလက်ရှည် ခပ်ထူထူကိုပဲ ဝတ် ... ”

“ဟုတ်ကဲ့ ... ”

“ကိုယ် ... အရေပြား အပူလောင်တာပျောက်တဲ့ဆေး၊ ရေ့နှားကျ ဝယ်ပေးမယ် ... ဘာမှစိုးရိမ်မနေနဲ့ ... တစ်ရက် နှစ်ရက်ဆို အိုကေသွားလိမ့်မယ်”

သူ ကားကို စတင်မောင်းထွက်တော့ သူမက ဘာကြောင့်ရယ်မသိ လင်းခက်ကို ငေးကြည့်နေခဲ့လေ၏။ ထိုနေ့က လင်းခက်နှင့်လိပ်ပြာတို့သည် ဒေါ်ပွင့်ခက်တစ်ယောက် ဆိုင်ကပြန်မရောက်ခင် အိမ်ကိုအရင်ပြန်ရောက်ခဲ့ပါသည်။

သို့သော် ... များမကြာမီ အချိန်မှာပဲ ဒေါ်ပွင့်ခက်တစ်ယောက် ... ■



www.burmeseclassic.com

www.burmeseclassic.com

## Scene (15)

ဒေါ်ပွင့်ခက်တစ်ယောက် အိမ်ကိုပြန်ရောက်သည်နှင့် လက်ကိုင်အိတ်ကို ပစ်ချ၊ ရေခဲသေတ္တာထဲက ရေတစ်ခွက် ငှဲ့သောက်လိုက်၏။ ပြီးသည်နှင့် သူ့ကို အသံပြဲကြီးနှင့် အော်ခေါ်ပါလေတော့သည်။

"လင်းခက်ရေ ... လင်းခက် ... "

"ဗျာ ... အန်တီပွင့် ... "

"ဗျာကို နောက်ထား၊ ခုချက်ချင်း လူသာအရင်လာခဲ့ဟေ့ ... "

"ဟုတ် ... ဟုတ် ... "

သူက အခန်းထဲမှာ သူမကို ဆေးလိမ်းပေးနေရာမှ အောက်ကိုအမြန်ဆင်းလာခဲ့သည်။ အန်တီပွင့်တစ်ယောက် ဘာအရေးတကြီးများ ပြောစရာရှိနေပါလိမ့်။

အောက်ကိုရောက်တော့ အန်တီပွင့်က သူ့ကိုအသေအချာရှိုးပြီး ...

"ပြန်ရောက်တာ ကြာပြီလား လင်းခက် ... ထိုင်စမ်းပါဦး" ဟုဆိုလာသဖြင့် သူ့ဦးနှောက်ထဲ မေးခွန်းတွေ ပြေးလွှားသွားသည်။

အန်တီပွင့်က ငါအပြင်ထွက်တာကို ဘယ်လိုသိနေရတာလဲ။ နေပါဦး ငါအရင်အပြင်ထွက်တော့ရော ဘယ်တုန်းက အထူးအဆန်းလုပ်ပြီး မေးခဲ့လို့လဲ။ ခုမှ ... အင်း ... တစ်ခုခုတော့ ဖြစ်လာပုံပဲ။

"ဖြေဦးလေ ... မေးနေတာကို ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဒါနဲ့ ကျွန်တော့်ကို ... "

"တိတ်! ... ငါမေးတာကိုပဲဖြေ လင်းခက် ... "

"အင်!"

သည်ကနေ့ အန်တီပွင့်တစ်ယောက် ဘာဆေးတွေများ မှားစားခဲ့သည် မသိ။ မျက်နှာထားကလည်း သုန်မှုန်နေသေး၏။

"မင်း ခုတလော ရုံးမသွားဘဲ အိမ်တွင်းပုန်းနေရတဲ့အကြောင်းက ဘာလဲ"

သူ မျက်နှာ ကွက်ခနဲ တစ်ချက်ပျက်၍ သွားသည်။

"ပြီးတော့ ... ရုံးက မင်းသူငယ်ချင်းတွေကိုလည်း ပြောမပြဘဲ လျှို့ ဝှက်ချက်လို့ ဖြေထားတယ်မို့လား ... "

"အန်တီတော့ ကျွန်တော့်သူငယ်ချင်းတွေနဲ့ တွေ့လာပြီထင်တယ်၊ ဒီကောင်တွေ ဘာတွေနောက်လိုက်ပြန်ပြီလဲ"

သူက ရယ်ကျဲကျဲနှင့်ဆိုလာသော်လည်း ဒေါ်ပွင့်ခက်ကတော့ ခပ်တည် တည် အနေအထားမှာပင် ဖြစ်သည်။

"ဖြေလေ ... ငါမေးတာကို ... "

"ဟာ ... အန်တီပွင့်ကို ဟိုတစ်ခါ ဖြေထားပြီးပြီလေ ... ခုတလော အိမ်ထဲမှာပဲ ... "

"တော်စမ်းပါ လင်းခက်ရာ ... ဟုတ်ပြီလေ ... ဒီလိုဆိုတော့လည်း နောက်မေးခွန်းတစ်ခု ပြောင်းမေးကြည့်ရတာပေါ့ ... ကဲ ... ဒီကနေ့ရော ဘယ်တွေသွားပြီး ဘာတွေလုပ်သေးလဲ ... "

ထူးတော့ ထူးဆန်းနေချေပြီ။ အန်တီပွင့်တစ်ယောက် ချက်ချင်းလက် ငင်းကြီး ဘယ်လိုကနေ လူဝင်မှုကြီးကြပ်ရေးထဲကို ရောက်သွားပါလိမ့်။

"အန်တီပွင့် ကျွန်တော့်ကို ဘာလို့ ဒီလောက်စစ်ကြောရေးဝင်နေရတာ လဲ ... ကျွန်တော်က သာမန်အနုပညာသမားတစ်ယောက်ပါ၊ နိုင်ငံရေးသမား လည်း မဟုတ်ဘဲနဲ့ ... "

"ဘာမှ အပိုတွေလာပြောမနေနဲ့၊ ငါမေးတာကိုပဲ ဖြေစမ်းပါ ... "

"ဟုတ်ပြီဗျာ ... ဒါဆိုရင်လည်း မေး ... "



www.burmeseclassic.com

www.burmeseclassic.com



သူ တမင်ပဲ ရွဲ့ပြောပစ်လိုက်၏။ ဒေါ်ပွင့်ခက်ကတော့ တည့်တည့်ပဲ ပြန်မေးပါသည်။

"ဒီနေ့ ဘယ်ကိုသွားတာလဲ ... "

"ဘုရားကိုသွားတယ်"

ဒေါ်ပွင့်ခက်တစ်ယောက် မဲ့ပြုံး ပြုံးလိုက်သည်ဟု သူထင်ပါသည်။

"ပြီးတော့ရော ဘယ်ကိုသွားသေးလဲ ... "

"ပန်းခြံ ... "

"ပြီးတော့ရော ... "

"Shopping Mall ... "

"ဟုတ်ပြီ ... အဲဒီတွေကို ဘာသွားလုပ်တာလဲ"

တိန်! ...

သူ ဒေါ်ပွင့်ခက်ကို သေသေချာချာကြီးကို ဘုလှိုးလှိုးပစ်လိုက်သည်။ ဒိုက 'ဖြေ'ဆိုပြီး မေးဆတ်ပြသည်။

"ဘုရားက သွားဖူးတာ ပန်းခြံထဲက လေကောင်းလေသန့်ဝင်ရှူတာ၊ Shopping Mall ထဲက ဘာလေးညာလေး လျှောက်ကြည့်တာ၊ ကဲပြော ... ဘာသိချင်သေးလဲ အန်တီပွင့် ... "

"ဘယ်သူနဲ့သွားတာလဲ လင်းခက် ... "

တူရီးနှစ်ယောက် အကြည့်ချင်းဆုံသွားကြသည်။ မလုံတဲ့သူဘက်က အရင်အကြည့်ကို လွှဲသွား၏။ ဘုရား ... ဘုရား ... အန်တီပွင့် ငါတို့ကိုမြင်ခဲ့ တာများလား။ မဖြစ်နိုင်ပါဘူးလေ ...

သူ ခပ်တည်တည်ပဲ ဖြစ်ချင်ရာဖြစ် ဆက်လိမ်နေလိုက်မိသည်။

"ဟာ ... အန်တီပွင့်ကလည်း ကျွန်တော်က ဘယ်သူနဲ့သွားရမှာလဲ၊ တစ်ယောက်တည်းပေါ့ဗျ ... "

"သေချာလား"

"သေချာပါတယ်ဗျာ ... "

"ဟုတ်ပြီလေ ... ငါ့တူက ဖြောင့်ညာနေတော့လည်း ပြောရတော့တာ ပေါ့ ... နေ့ခင်းက Shopping Mall ထဲမှာ မင်းလက်ကို တွဲလျှောက်သွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ဘယ်သူလဲ ...”

“ဟင် ...”

သူ့မျက်နှာ သိသိသာသာကြီးပျက်သွားသည်။ ဒေါ်ပွင့်ခက်ကတော့ စစ်ပြန်တပ်ကြပ်ကြီးတစ်ယောက်လို ပြုံးနေ၏။ ဘုရား ... ဘုရား ... သူ့မနတ်သမီးအကြောင်းကို သိသွားလို့တော့ မဖြစ်ပါ။

“မဟုတ်တာ အန်တီပွင့်ရာ ... အန်တီပွင့် လူမှားတာနေမှာပါဗျာ”

“လင်းခက် ... ဒီမှာ ကြည့်စမ်း ... ရော့ ...”

ဒေါ်ပွင့်ခက်က Apple အမှတ်တံဆိပ် Handset ထဲမှာ ဓါတ်ပုံရိုက်ယူလာသည့် သူနှင့်နတ်သမီးတို့ပုံကို ပြ၏။ သွားပြီ ... သူငြင်းဆန်ဖို့ မဖြစ်နိုင်တော့ချေ။ သို့ကြောင့် ခေါင်းကိုသာ ငုံ့ထားမိသည်။

“နင်တို့အတွဲကို ငါတင်မဟုတ်ဘူး ဦးကိုကိုရော နှင့်သူငယ်ချင်း FM က မေဇင်လင်းရော မြင်တယ် ... နင် အိမ်တွင်းပုန်းပြီး ရုံးမသွားဘဲ လျှို့ဝှက်ကြံစည်နေတယ်ဆိုတာ ဒီကောင်မလေးကိစ္စလား”

ပြဿနာက လမ်းကြောင်းနည်းနည်းတော့ လွဲချော်နေပြီဆိုတာကို သူ သဘောပေါက်လိုက်သည်။ သို့ကြောင့် ... သူလည်း အခြေအနေအရ ချော်လဲရောထိုင်သာ လုပ်ပစ်လိုက်ရပါသည်။

“ကောင်မလေးကတော့ မဆိုးပါဘူး တော်တော်လေးကိုလှပါတယ် မင်းကိုလည်း သိပ်ချစ်မယ့်ပုံပါပဲ ... လက်ကကို မလွှတ်တမ်း တွဲထားတာ မင်းကလည်း အတော်ဂရုစိုက်ပုံပဲ ... အတွင်းခံတွေ ဘာတွေထိတောင် လိုက်ဝယ်ပေးနေတာဆိုတော့လေ ...”

“အာ ... အန်တီပွင့်ကလဲ ...”

“ဘာလဲ ... ငါပြောတာ မဟုတ်လို့လား”

သူ အတော်ကလေးရှက်ပြီး မျက်နှာပူနေမိသည်။ ငြင်းပြဖို့ကလည်း မလွယ်။

“ဒါနဲ့ ကောင်မလေးက ဘယ်ကလဲ ... မိဘတွေကရော မင်းနဲ့ ဘယ်တုန်းက စချစ်ကြတာလဲ”

“ဘာတွေ လျှောက်မေးနေတာလဲဗျာ ...”



www.burmeseclassic.com

www.burmeseclassic.com



"မေးရမယ်ဟဲ့ ... ငါက ဒီအချိန်မှာ နင့်ရဲ့ အုပ်ထိန်းသူလေ လင်းခက်ရဲ့ ဖြေမှာသာရဲရဲဖြေစမ်းပါ၊ ငါက နင်နဲ့အဲဒီကောင်မလေးနဲ့ သဘောမတူလို့ နင့်ကို ဆူဖို့လည်း မဟုတ်ဘူး ... တကယ်ဆို ငါက နင့်ကိုတောင်မြန်မြန်အိမ်ထောင်ကျစေချင်နေတာပါ ... အခု ငါစိတ်တိုနေတာက ငါ့ကိုဘာမှမပြောဘဲနဲ့ လျှောက်ညာနေလို့ ဖုနေတာ ... "

"တော်ပြီ အန်တီရာ ... ကျွန်တော် နောက်မှသေချာရှင်းပြတော့မယ်"

"လင်းခက် ... နင် ဘာဖြစ်နေတာလဲ ဖြေမှာသာဖြေစမ်းပါ ... နာမည် ကရော ဘာတဲ့လဲ ... ကြားပါတယ်ဟာ၊ လာမယ့် ဆန်းဒေးကျ အိမ်သာခေါ်ခဲ့စမ်းပါ ... မိန်းမချင်းတွေ့ပြီးမှပဲ ငါမေးတော့မယ်"

သူ အတော်လေး စိတ်ပျက်လက်ပျက်ဖြစ်နေစဉ် သူ့အခန်းထဲမှ သူ့ Handset ကလေးထဲ Ringtone သံသဲ့သဲ့ကို ကြားလိုက်ရသည်။ ဒါဟာ သူ့အတွက် အကွက်ပဲဖြစ်သည်။

"ဟာ ... အရေးတကြီးကိစ္စ ဖုန်းချိန်းထားတာရှိတယ်၊ ခုလာနေပြီ ကျွန်တော် သွားပြောလိုက်ဦးမယ် ... "

"ဟဲ့ ... ကလေးမနာမည်လေးတော့ ပြောခဲ့ပါဦးဟ ... "

ဒေါ်ပွင့်ခက်က လင်းခက်ထသွားမည်လုပ်စဉ် လက်ကိုဖမ်းဆွဲထားသည့်ကြောင့် လင်းခက်လည်း ...

"လိပ်ပြာဗျာ ... လိပ်ပြာ ... " ဟု ဖြေပြီး အပေါ်ထပ်သို့ တက်သွားခဲ့လေတော့သည်။

"လိပ်ပြာတဲ့ ... နာမည်လေးက လှသားပဲ ... "

ဒေါ်ပွင့်ခက်ကတော့ တစ်ယောက်တည်းတွေးရင်း ကျန်ခဲ့လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်းလေးထဲမှာကား ...

"ဟားဟား ... ဟားဟား ... "

ကိုလင်းခက် ဖုန်းမြည်သံကြောင့် အောက်က တူရိုးနှစ်ယောက် စကား
ပြောနေတာကို ခိုးနားထောင်နေသော သူမ ဆတ်ခနဲ တွန့်သွားသည်။

ဟိုအရင်တုန်းကလိုတော့ သူမ မကြောက်တော့။ ပြီးတော့ ကိုလင်း
ခက် ဖုန်းပြောတာကိုလည်း သူမ အကြိမ်ပေါင်းများစွာ မြင်ဖူးနေကြမို့လား

ဖုန်း Ringtone သံက အခန်းထဲမှာ ပြေးလွှားဆူညံနေပါသည်။ သူ
ဘာလုပ်ရမည်နည်း။ အောက်မှာလည်း ကိုလင်းခက်တစ်ယောက် စကားပြေ
နေသည်မဟုတ်ပါလား။ သူမ ကိုလင်းခက်ကို တတ်နိုင်တာလေးတွေ
ကူညီပေးချင်ပါသည်။

"ဟားဟား ... ဟားဟား ... "

သူ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီး ဖုန်းကို ကောက်ကိုင်လိုက်
သည်။ နောက် ... လင်းခက်နှိပ်နေကျ အစိမ်းရောင်လေးကို အသာဖိလိုက်
ပြီး နားနားမှာ ကပ်လိုက်သည်။

"ဟလို ... "

"ဘာတွေလုပ်နေလို့ ဖုန်းကို ချက်ချင်းမကိုင်ရတာလဲ လင်းခက်"

"ဟုတ်ဘူး ... ကျွန်မက လိပ်ပြာ ... "

"ဟင် ... ဘယ်ကလိပ်ပြာလဲ ... "

"ဟို ... ဟို ... "

ထိုစဉ် လင်းခက်တစ်ယောက်ရောက်လာပြီး သူမလက်ထဲက ဖုန်း
ဆတ်ခနဲ ဆွဲယူလိုက်ပြီး ...

"လိပ်ပြာ မင်းဘာတွေလျှောက်လုပ်နေတာလဲ ... ဒီမှာ အောက်
ပြဿနာက ရှင်းလို့မပြီးသေးဘူး။ နောက်ထပ် ပြဿနာ မရှာချင်စမ်းပါနဲ့ ကို
ဘာသာ အေးဆေးနေပါဟာ ... "

သူက စိတ်ပျက်လက်ပျက်ပုံစံဖြင့် ပြောတော့ သူမ အတော်ဝမ်းနည်း
သွားပုံရသည်။ ချက်ချင်း မျက်နှာလေးက ညှိုးသွားပြီး ...

"လိပ်ပြာ ပြဿနာရှာတာ မဟုတ်ပါဘူး ကိုလင်းခက်ရယ် ... ကို



www.burmeseclassic.com

www.burmeseclassic.com



တ် အနံ့တီပွင့်နဲ့အောက်မှာ စကားပြောနေလို့ မအားဘူးဆိုပြီး လိပ်ပြာက ညီပေးမိတာပါ … ကိုလင်းခက် မကြိုက်ရင် လိပ်ပြာနောက်မကိုင်တော့ပါ ူး” ဟု ဆိုကာ အခန်းထောင့်လေးမှာ သွားထိုင်နေ၏။

သည်လိုဆိုပြန်တော့လည်း သူ့ရင်ထဲမှာ မကောင်းလှ။ ပြောပြီးမှတော့ တတ်နိုင်တော့။ လက်ထဲက ဖုန်းထဲမှလည်း လင်းလင်းထိုက်၏အသံက ပွစိ ထွက်နေသည်ကြောင့် သူ ပြောလိုက်ရသည်။

“ဟိတ်ကောင် … ဟိတ်ကောင် … လင်းထက် … ဖုန်းကိုင်ဦးလေ၊ ဘာလုပ်နေတာလဲ … ဘာတွေဖြစ်နေတာလဲ အဲဒီမှာ …”

“လင်းလင်းထိုက် ပြော … ငါရယ် …”

“အေး … အစက ငါမယုံခဲ့ဘူး၊ မေဇင်လင်းက မင်းမှာချစ်သူရနေပြီ ့နဲ့ Shopping Mall ထဲမှာ မင်းတို့စုံတွဲကို မြင်ခဲ့တွေ့ခဲ့တယ်ဆိုတာကို မင်း ာက်တော်နေနိုင်တဲ့ကောင် … ငါတို့ကိုတောင် လျှို့ထားတယ်၊ ဒါကြောင့် ို့ဖုက်ချက်ဆိုပြီး ရုံးမတက်ဘဲ လန်းနေတာပေါ့လေ … မင်းကောင်မလေး ာ တော်တော်လန်းတယ်လို့တော့ပြောပါတယ် … ငါတို့နဲ့လည်း မိတ်ဆက် ဦးလေကွာ … ဒါနဲ့ စောစောက ဖုန်းပြောတာ မင်းကောင်မလေးလား။ ခည်တောင် လိပ်ပြာဆိုလား ဘာလား … ငါကြားလိုက်ပါတယ်”

“ကျွတ်! … မဟုတ်ပါဘူးကွာ၊ ငါနောက်မှ အေးအေးဆေးဆေး ရှင်းပြ ုစေ … ခု ငါစိတ်ရှုပ်နေလို့ ဖုန်းချလိုက်တော့မယ်ကွာ … ”

“ဟာ … ဟိတ်ကောင် နေဦး … ငါပြောစရာတစ်ခု ကျန်နေသေး ယ်”

“ဘာလဲ … ပြော … ”

“မင်းကောင်မလေးပဲ ထားပါဦး … ဒီအချိန်ကြီးကို ဘယ်လိုလုပ် မင်း ခန်းထဲရောက်နေရတာလဲ … ဧကန္တ မဟုတ်မှလွဲရော ဟိတ်ကောင် လင်း တ် … မင်း … ”

သူ ဘယ်လိုဆက်ဖြေရတော့မည် မသိတော့သည်ကြောင့် ချက်ချင်းပဲ ူကွက်ကိုသာ နှင်းပစ်လိုက်သည်။

“ဟိတ်ကောင် ငါနောက်မှပြောမယ်ကွာ … ဒီမှာ ငါ့ကို အနံ့တီပွင့်



www.burmeseclassic.com

www.burmeseclassic.com



အောက်ကနေခေါ်နေလို့ သွားလိုက်ဦးမယ် … ဒါပဲကွာ … ဒါပဲ … ”

“ဟာ … လင်းခက် နေဦးလေ … ဟိတ်ကောင် … တီတီ … တီ”

တစ်ဖက်က လင်းလင်းထိုက်တစ်ယောက် အတော်ကြီးအတွေးပွား သွားသည်။ အန်တီပွင့်လည်း အိမ်မှာရှိတယ်။ ဒါဆို … ဒီကောင်မလေးက ဘယ်လိုလုပ် ဒီကောင့်အခန်းထဲကို ရောက်နေရတာလဲ။ ဖုန်းတွေဘာတွေ တောင် ပေးကိုင်ထားပြီဆိုကတည်းက အခြေနေကတော့ အတော်ခရီး ရောက်နေကြပြီ။ ဒါဆို … အန်တီပွင့်က သဘောတူခွင့်ပြုထားတာများလား မဖြစ်နိုင် … နေ့ခင်းက မေဇင်လင်းပြောပုံအရ အန်တီပွင့်တောင် အံ့ဩနေတာ ဆိုတော့ အင်း … ဒီလိုဆို၊ ခု … အိပ်ခန်းထဲရောက်နေတဲ့ ကောင်မလေးက နောက်တစ်ယောက်လား။ မဟုတ်သေးပါဘူး … လင်းခက်က အဲလိုမျက်နှာ များတဲ့ကောင်မျိုးလဲ မဟုတ်ပါဘူး။

ဒါဆို … ဘာလဲ … လင်းလင်းထိုက်တစ်ယောက် ခေါင်းတွေပင်မူး နောက်သွားသည်။ နောက်ဆုံးမှာတော့ လင်းလင်းထိုက်တစ်ယောက် အကောင်းဆုံးအဖြေတစ်ခုကို ရသွားပြီ ဖြစ်ပါသည်။

ဖုန်းစာရင်းထဲမှ ဖုန်းနံပါတ်တစ်ခုကိုရွေးပြီး ဖုန်းခေါ်လိုက်သည်။ လိုင်း ဝင်သံကို ကြားပြီး မကြာမီမှာပင် တစ်ဖက်က ဖုန်းကိုင်ပါသည်။

“ဟဲလို အန်တီပွင့်လား … ကျွန်တော် လင်းခက်သူငယ်ချင်း လင်း လင်းထိုက်ပါ … ”

“ … ”

“ဟုတ်တယ် အဲဒါနဲ့ ခုလေ … ”

“ … ”

“ … ”



www.burmeseclassic.com

www.burmeseclassic.com

## Scene (15-A)

သူ ဖုန်းကို စိတ်ပျက်လက်ပျက်နှင့် အိပ်ရာပေါ်သို့ ပစ်တင်လိုက်ပြီး သက်ပြင်းရှည်ကြီးတစ်ချက်ကို ပီပီပြင်ပြင်ချသည်။

အတော်ကလေးကြာတော့မှ အခန်းထောင့်မှ ငြိမ်ကုတ်နေသော သူမကို သတိထားမိသွားသည်။ သူ အစောက အော်လိုက်တာကို သူမ စိတ်ကောက်နေတာများလား။

နတ်သမီးတွေ စိတ်ကောက် မကောက်ကိုတော့ သူတပ်အပ်မပြောတတ်။ သို့ပေမဲ့ ... တစ်ချိန်လုံး ပြုံးရွှင်နေတတ်သည့် သူမကို ယခုလိုပုံစံမျိုး ကြီးမြင်နေရတာကိုတော့ သူ့ရင်ထဲ မကောင်းတာတော့ သေချာသည်။ သို့ဖြင့် သူ သူမအနားသို့ တိုးကပ်သွားပြီး သူမရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သည်။

"ဆောရီး လိပ်ပြာလေးရယ် ... ကိုယ် စောစောက စိတ်တွေရှုပ်ထွေးနေလို့ အော်မိသလိုဖြစ်သွားတာပါ"

" ... "

သူမက မျက်နှာကိုတစ်ဖက်သို့ လွှဲသွားသည်။ သူမ စိတ်ကောက်ပုံက ကလေးလေးတစ်ယောက်နှင့် တူသည်ဟု တွေးမိပြီး စိတ်ရှုပ်နေသည့်ကြားမှ သူ ပြုံးနေမိသေးသည်။

သူမသည် စိတ်ကောက်နေလျှင်လည်း အင်မတန် ချောမောလှပနေခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ဒါ စိတ်ကောက်နေတာပေါ့လေ ... ကိုယ် တကယ် တောင်းပန်ပါတယ်ကွာ ... ခဏနေရင်လေ ကိုယ်တို့ နွေခင်းကဝယ်လာခဲ့တဲ့ အင်္ကျီတွေကိုဝတ်ပြီး ပြပါဦး ... လိပ်ပြာနဲ့တော်မတော် ကြည့်ချင်လို့ ..."

"..."

သူမက သူ့ကိုတစ်ချက်ငဲ့ကြည့်ပြီး မျက်နှာပြန်လွှဲသွားပြန်သည်။ နှုတ်ခမ်းကိုပင် စူထားလိုက်သေးသည်။ ထိုပုံစံလေးကိုကြည့်ပြီး သူ့ရင်ထဲမှာလည်း ကျလိ ကျလိဖြစ်သွားပြီး သူမပါးလေးကို ခပ်ဖွဖွ လိမ်ဆွဲလိုက်၏။

"ဟာ ... မိုက်တယ်ကွာ ... နှုတ်ခမ်းထော်ထော် နတ်သမီးလေး"

"ကိုလင်းခက်နော် ... ဖယ်ပါ ... ခုမှ လူကို အော်တုန်းကအော်လွှတ်ပြီးတော့များ ..."

"ကိုယ်မှားပါတယ် လိပ်ပြာလေးရယ် ... နောက်တစ်ခါ မဖြစ်စေရပါဘူး ဟုတ်ပြီလား ..."

"ကတိ ..."

"အိုကေ ... ကိုယ် ကတိပေးတယ်ကွာ ... ကျေနပ်ပြီလား"

"အင်း"

သူမက ခေါင်းတစ်ချက် ညိတ်ပြီး ကြည်ကြည်စင်စင်ကြီး ပြုံးရယ်နေပြီဖြစ်သည်။ ထိုစဉ် မထင်မှတ်သောအဖြစ်အပျက်တစ်ခုသည် ခုန်ပေါက်ဝင်ရောက်လာခဲ့လေတော့၏။

"ဩော် ... သိပ်ပျော်နေကြတာပေါ့လေ ... ဟုတ်လား"

"ဟင်!"

"အန်တီပွင့် ..."

အန်တီပွင့်က လက်ကိုခါးမှာထောက်ပြီး တံခါးဝမှာ ဟန်ပါပါနှင့်ရပ်ကာ သူ့ကို စူးစူးရှရှစိုက်ကြည့်နေ၏။ ပုံမှန်အားဖြင့် သူ့အခန်းထဲကို ဒေါ်ပွင့်ခက်က ဝင်မလာတတ်ပါ။ ခုမှ ဘယ်လိုဖြစ်သည်မသိ။ ပြီးတော့ တူကြီးနှစ်ယောက်ပဲ ရှိတာမှန်သော်လည်း ယယ်ကတည်းက အခန်းတံခါးကို လော့ခ်ချပြီးမှ စိတ်ချလက်ချ နေတတ်တာ လင်းခက် ... အခုတော့ လင်းလင်းထိုက်မိုန်းကိစ္စနှင့် သူ သတိတစ်ချက်လွှတ်ပြီး တံခါးလော့ခ်ချဖို့ မေ့သွားခဲ့ရသည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



သတိတစ်ချက်က ခုတော့ သူ့ကိုကောင်းကောင်းကြီး ဒုက္ခပေးခဲ့ပြီဖြစ်သည်။ သူမကတော့ မျက်လုံးကလေး အဝိုင်းသားဖြင့် အန်တီပွင့်ကို ကြောင်ငေး ကြည့်နေလေ၏။

"ငါ အစက မင်းသူငယ်ချင်း လင်းလင်းထိုက်က နေ့ခင်းကကိစ္စကို အကြောင်းပြုပြီး ငါ့ကိုတမင်သက်သက် ဖုန်းနဲ့လှမ်းနှောက်နေတယ်ထင်ထားတာ ... ပြီးတော့ ညဘက်တွေမှာ မင်းအခန်းထဲက စကားပြောသံလိုလို ဘာလိုလိုတွေ ငါကြားကြားနေတာလည်း မသင်္ကာဖြစ်နေတာကြာပြီ ... ပြောစမ်းပါဦး မောင်လင်းခက် ... ငါ့တူလေး ရိုးလှအေးလှနဲ့ ခုတော့ အခေါ်ဖြစ်သူက မင်းကောင်မလေးကို စကားပြောကြည့်ရအောင်လို့ ပြောရုံရှိသေးတယ်၊ မင်းက အခန်းထဲတောင်ခေါ်သွင်းထားပြီးပြီပဲ ... ပြောစမ်းပါဦး လင်းခက်ရဲ့"

"အား ... ဒီကောင် လင်းထိုက်ကွာ ... ဘာမှလည်းမသိဘဲနဲ့ မဟုတ်ဘူး အန်တီ ... အန်တီတို့ထင်ထားသလို မဟုတ်သေးဘူး၊ အာ ... ဘယ်လိုပြောရမလဲဗျာ"

သူ့စကားလုံးတွေ စိတ်ရှုပ်ထွေးမှုကြောင့် အထားအသိုတွေ လွဲမှားကုန်၏။

"လင်းခက် ... မင်းက ယောကျ်ားပါ၊ ယောကျ်ားပီပီ ဝန်ခံလိုက်စမ်းပါ ဘာလဲ ... မင်းက ဒီအခြေနေကြီးရောက်မှ မဟုတ်ပါဘူး ငြင်းချင်သေးတာလား ... ဘယ်နှယ့်ကွယ် ... ချစ်သူရှိရင်လည်းရှိတယ်၊ မိန်းမလိုချင်ပြီဆိုလည်း လိုချင်ပြီ ... ပွင့်ပွင့်လင်းလင်း ငါ့ကိုပြောပေါ့ ... အုပ်ထိန်းသူတစ်ယောက်ပီပီ ငါလိုက်တောင်းပေးမှာပေါ့ ... ခုတော့ လူကြားလို့မှမတင့်တယ်၊ လူမသိ သူမသိ ခေါ်ထားရတယ်လို့ ... ပြောစမ်း ပြောစမ်း ... ဒီကောင်မလေး မင်းအခန်းထဲကိုလာနေတာ ဘယ်လောက်ကြာနေပြီလဲ ... "

"အန်တီထင်သလို မဟုတ်ဘူး ... ကျွန်တော် ရှင်းပြတာလေးကို နားထောင်ပါဦး"

"ဒါဆိုလည်း အကျိုးအကြောင်းခိုင်လုံအောင် ရှင်းစမ်းပါဦး ... ငါ့ပြင် ဆရာကြီး"

ဒေါ်ပွင့်ခက်က ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်ပြီး မေးငေါ့ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူလည်း မတတ်သာတော့သည့်အဆုံးမှ အမှန်အတိုင်းပြောပြရန်သာ ဆုံးဖြတ်ချက်ချပစ်လိုက်သည်။

"ဒီလို အန်တီ ... လိပ်ပြာက အန်တီတို့ထင်သလို ကျွန်တော့်ရည်းစားလည်းမဟုတ်ပါဘူး။ တိတ်တိတ်ပုန်း ခေါ်ထားတဲ့ ပုံစံမျိုးလည်း မဟုတ်ရပါဘူး၊ တကယ်တော့ ... လိပ်ပြာလေးက လူသားစင်စစ်တစ်ယောက် မဟုတ်ပါဘူး အန်တီပွင့်ရယ် ..."

"ဘာရယ်လင်းခက် ... ဒီဟာမလေးက လူမဟုတ်လို့ သရဲလား"

ဒေါ်ပွင့်ခက်လည်း အတော်ဒေါပွသွားပုံရသည်။

"စကားကို ဆုံးအောင်နားထောင်ပါဦး၊ လိပ်ပြာက လူမဟုတ်ဘူး နတ်သမီး ... လိပ်ပြာနတ်သမီး၊ သူနေထိုင်ရာ ပန်းကမ္ဘာလေးထဲကနေ ကျွန်တော့်အခန်းထဲကို ပြီးခဲ့တဲ့ တန်ဆောင်မုန်းလပြည့်ည သန်းခေါင်ယံအချိန်မှာ နက္ခတ်မှားပြီး ရုတ်တရက် ရောက်လာခဲ့တာပါ ..."

"ဩော် ... ဟုတ်လား ..."

ဒေါ်ပွင့်ခက်အသံက သရော်လှောင်ပြောင်သလို သူ့နှင့်သူမလည်း အကြည့်ချင်း ဆုံမိကြသည်။

"ဆက်ပြောစမ်းပါဦး ... အဲဒီပန်းကမ္ဘာကနေ ဒီအခန်းထဲကိုမှရွေးပြီး ဘယ်လိုဘယ်ပုံမျိုးနဲ့ ရောက်ရှိလာခဲ့သလဲဆိုတာလေးကိုပါ အမိန့်ရှိပါဦး ကိုလင်းခက် ..."

သူက စားပွဲမှာရှိသည့် Angel Magzine စာအုပ်ကို ယူပြလိုက်ပြီး ...

"ဒီထဲကနေ ထွက်လာခဲ့တာပါ ... အန်တီပွင့် ... မယုံရင် သူ့ကိုမေးကြည့်ပါ အန်တီ ..."

"ဘယ်သူ့ကိုမှ မေးကြည့်နေစရာ မလိုဘူးထင်တယ်၊ ငါ မင်းပြောတာကို နားထောင်ကောင်းလို့ နားထောင်နေတယ်များထင်နေသလား၊ အလကား အဲမိပွာယ်မရှိတဲ့ဟာတွေ လျှောက်ပြောမနေနဲ့ ... ရူးတယ်ဆိုလည်း ထမင်းလွတ်သာ ရူးတော့ လင်းခက် ..."

"ကျွန်တော် တကယ်ပြောနေတာပါ အန်တီပွင့်ရယ် ... သူ တကယ်ပဲ အဲဒီညမှာ အဲဒီစာအုပ်ထဲကနေ ထွက်လာခဲ့တဲ့ လိပ်ပြာနတ်သမီးလေးပါ"

"ဒါ ... နောက်ကထပ်ရေးထားတဲ့ နတ်သမီးပုံပြင်အသစ်တစ်ပုဒ်လား



www.burmeseclassic.com

www.burmeseclassic.com



လင်းခက် ... နားထောင်လို့တော့ အကောင်းသားပဲ ... အေး ... ဒါပေမဲ့ မင်းပြောသမျှကို မျက်စိစုံမှိတ်ပြီး လိုက်ယုံပေးနေရအောင် ငါမရူးသေးဘူး လင်းခက် ... ပြော ... ခုကိစ္စကို မင်းဘယ်လိုလုပ်မှာလဲ ... ဘယ်လိုရှင်းမှာလဲ လင်းခက် ... "

"မသိတော့ဘူး ... မပြောတတ်တော့ဘူး အန်တီပွင့်ခက်ရာ ... ခု ကျွန်တော်ပြောခဲ့တဲ့အရာတွေအားလုံးက အမှန်တရားတွေပဲ၊ မယုံလည်း ကျွန်တော် မတတ်နိုင်တော့ဘူးဗျာ"

"ဘယ်တတ်နိုင်ပါတော့မလဲ ... မင်းစိတ်ထင်တိုင်း လျှောက်လုပ်ခဲ့ပြီး ပြီပဲ ... ဒီစကားတွေကို အခြားအချိန်မှာဆိုရင်တော့ ငါယုံခဲ့မှာပါ။ ဒါပေမဲ့ ခုတော့ မင်းပြောတာတွေအားလုံးကို ငါ့မျက်မြင်အနေအထားအရ ဘယ်လိုမှ လက်ခံပေးလို့မရတော့ဘူး ... ငါ့တူတစ်ယောက်လို ငါ့သားတစ်ယောက်လို ပြုစုစောင့်ရှောက်ခဲ့တယ် ... ပြီးတော့ မင်းကို ငါအထင်ကြီးလေးစားခဲ့တယ် ဒါပေမဲ့ ... ဒီလိုအောက်တန်းကျတဲ့ အလုပ်မျိုးတော့ မင်းလုပ်လာလိမ့်မယ်လို့ ငါတွေးတောင် မတွေးခဲ့ဖူးဘူး လင်းခက် ... "

"မ ... မဟုတ်ဘူး အန်တီပွင့် ... "

တူအရီးနှစ်ယောက် သူမအတွက်နှင့် ပြဿနာတွေ တက်နေတာကို ကြည့်ပြီး သူမရင်ထဲမှာ နင့်ခနဲ ခံစားနေရသည်။ သူမအတွက်နှင့် ယခုလို လင်းခက်တစ်ယောက် စိတ်ဆင်းရဲဝမ်းနည်းနေတာကိုလည်း မကြည့်ရက်နိုင်ပါ။ တကယ်ဆို ... လင်းခက် ပျော်ရွှင်ရယ်မောနေတာကိုပဲ သူမတစ်ချိန်လုံး ထိုင်ငေးကြည့်ခဲ့ချင်သူပဲ မဟုတ်ပါလား။

"လူငယ်တစ်ယောက်အနေနဲ့ အမှားအယွင်းလုပ်မိခဲ့တယ်ပဲထားဦး ငါ ခွင့်လွှတ်နားလည်ပေးလို့ရတယ် ... ခုဟာက လက်ပူးလက်ကြပ်မိနေတာ တောင် စိုက်ကန်ငြင်းနေတဲ့ မင်းကို ငါအံ့သြတယ် လင်းခက် ... ယောကျ်ားပီပီ ဝန်ခံရဲတဲ့ သတ္တိလည်းမရှိဘူး၊ မင်း အလကားကောင် လင်းခက် ... မင်းကို ငါ့တူလို့ ပြောရမှာတောင် ငါရှက်တယ် လင်းခက် ... နင် နားလည်ရဲ့လား"

"အဟင့် ... ဟင့် ... ကိုလင်းခက်ပြောတာတွေ အားလုံးဟာ အမှန် တွေပါပဲရှင် ... ကျွန်မက တကယ်ပဲ လိပ်ပြာနတ်သမီးပါ ... ပန်းကမ္ဘာကနေ"

မီးဝင်းဝင်းတောက်နေသည့် ဒေါ်ပွင့်ခက်တစ်ယောက် လိပ်ပြာထံကို



www.burmeseclassic.com

www.burmeseclassic.com



အကြည့်တွေရောက်သွားပြီး သူမပြောစကားမဆုံးခင် ဖြတ်ပြောပစ်လိုက်သည်။

"တော် ... တိတ်! ... ငါတို့တူရီးနှစ်ယောက်ကြားကို နင်ဝင်ပါစရာ မလိုဘူးကောင်မ ... ရုပ်ကလေး သနားကမားနဲ့ အရှက်မရှိတဲ့ဟာမ ... ယောကျ်ားလေးတစ်ယောက်ရဲ့ အိပ်ခန်းထဲကို လိုက်အိပ်ရဲတဲ့အထိတောင် နင် အတင့်ရဲနေရအောင် နင့်အဆင့်အတန်းက ဘာလဲ ... ဘယ်လိုမျိုးရိုးက များ ဆင်းသက်လာခဲ့တယ်မသိဘူး၊ လိုက်လည်းလိုက်ပါပေတယ် ... ဒင်းကပါ သူ့ကိုယ်သူ နတ်သမီးပါဆိုပြီး ပလီချင်ကြသေးတယ်၊ အဟွန်း ... နင့်ဘာသာ ဘာကောင်မပဲဖြစ်ဖြစ် ငါဂရုမစိုက်ဘူး၊ ဒီလို စရိုက်နဲ့မိန်းကလေးမျိုးကိုလည်း အဲထင်မကြီးဘူး၊ အသိအမှတ်လဲ မပြုနိုင်ဘူး ... နားလည်လား ကောင်မ"

"အဟင့် ... အဟင့် ... မဟုတ်ရပါဘူး အန်တီရယ် ... "

သူမက လက်ဝါးနှစ်ဖက်ကို မျက်နှာမှာအုပ်ပြီး ငိုကြွေးနေတော့ သူ မနေသာတော့ချေ။

"တော်ပါတော့ အန်တီပွင့်ရယ် ... ကျွန်တော် တောင်းပန်ပါတယ်၊ လူကြားလို့လည်း မကောင်းပါဘူး"

"ဩော် ... မင်းက မင်းဟာမကိုထိတော့ နာသပေါ့လေ ... လက် မထပ်ရသေးဘဲ ယောကျ်ားတစ်ယောက်အခန်းထဲထိ လိုက်နေတဲ့ကိစ္စကျ လူ ကြားလို့ ကောင်းသပေါ့လေ ... ဟုတ်လား လင်းခက် ... "

"ဟာဗျာ ... ကျွန်တော် သေသာ သေချင်တော့တာပဲဗျာ ... "

"ဒီမယ် လင်းခက် ... မင်းဘာမှ ထပ်မပြောနဲ့တော့၊ ဒီကိစ္စကို ငါကိုယ် တိုင်ရှင်းမယ် ... ဟဲ့ ကောင်မ ... ငါ့ကို တည့်တည့်ကြည့်စမ်း၊ ခုမှ မျက်ရည်စံ ထိုးပြမနေနဲ့ ... "

ဒေါ်ပွင့်ခက်က သူမကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောလိုက်၏။ သူမကိုယ်ပေါ်က အင်္ကျီအဝတ်အစားတွေကို သတိထားမိပြီး ...

"အမလေး ... ကြည့်စမ်းပါဦး၊ ရာရာစစ နင်က ငါ့အင်္ကျီအဝတ်အစား တွေကိုတောင် ပိုင်ပိုင်နိုင်နိုင် ယူသုံးနေတာပါလား ကောင်မ ... ခုချွတ်စမ်း"

"ဟာ ... အန်တီပွင့် အဲဒါတွေက၊ ကျွန်တော် ယူပေးထားတာပါ၊ လိပ်ပြာက နတ်သမီးဆိုတော့ ဝတ်စရာဘာ ... "

"ငါ ဘာမှမကြားချင်ဘူး၊ အင်္ကျီတောင် ဝတ်စရာမရှိဘူးတဲ့ နင် ဘယ် လိုနေရာက လာခဲ့တာလဲ ... သွား ... နင် ခုချက်ချင်း ငါတို့အိမ်ပေါ်ကဆင်း

www.burmeseclassic.com



သွား ...”

“မ ... မလုပ်ပါနဲ့ အန်တီရယ် ... အဟင့် ... ဟင့် ... ကျွန်မ ဒီမှာမှ မနေရရင် နေစရာနေရာလည်း အဟင့် ... မရှိပါဘူးရှင် ...”

“ဟင်!”

ဒေါ်ပွင့်ခက် ပို၍ ပို၍ပင် ဒေါသတွေထွက်လာလေတော့သည်။ လက်ညှိုးငေါက်ငေါက်ထိုးထားရုံနှင့် အားမရတော့ဘဲ အနားက အလွယ်တွေ့သည့် ခွခေါင်းအုံးကြီးကို ကောက်ကိုင်လိုက်ပြီး ...

“အိမ်ခြေရာခြေတောင်မရှိတဲ့ ကဝေကဝကို နင်ဘာတွေများ မက်နေခဲ့တာလဲလင်းခက် ... ငါ တကယ်ရင်နာတယ်၊ ကောင်မ ဘာလုပ်နေတာလဲ၊ ခုထွက်သွား ... မသွားရင် ငါ ထုလိုက်မှာနော် ...”

“မလုပ်ပါနဲ့ အန်တီရယ် ... အဟင့် ... ကျွန်မ ...”

“ဒီလောက်တောင် ပြောမရတဲ့ဟာမ ... ကဲဟယ် ...”

“ဟာ ... အန်တီ ...”

“အို ...”

“ဟင်!”

ဒေါ်ပွင့်ခက်က ပြောပြောဆိုဆိုဖြင့် ခေါင်းအုံးနှင့်သူမကို ထုလိုက်ချိန်မှာတော့ ကမ္ဘာတစ်ခုလုံး ချက်ချင်းတိတ်ဆိတ်သွားသလို ခံစားလိုက်ရသည်။ လင်းခက်လည်း မြန်ဆန်လွန်းသည့် အခြေနေတစ်ရပ်ကြောင့် ဘာလုပ်ရမည်မသိတော့။

ဒေါ်ပွင့်ခက်တစ်ယောက်လည်း ပါးစပ်အဟောင်းသား မျက်လုံးလေးအဝိုင်းသားဖြင့် ကျောက်ရုပ်တစ်ရုပ်လို ဖြစ်သွား၏။ အကြောင်းက ဒေါ်ပွင့်ခက် ခေါင်းအုံးကြီးနှင့် ထုလိုက်သည်ကို လိပ်ပြာက ကြောက်လန့်ပြီး သူမ၏ အတောင်ကြီးတွေနှင့် ကာကွယ်လိုက်သောကြောင့်ပင် ဖြစ်လေတော့၏။

“ဟယ် ... ဘာ ... ဘာကြီးလဲ ... အမလေး သရဲ ... သရဲ ... ဂစ်ဂစ် ... ဂစ် ...”

ဒေါ်ပွင့်ခက်တစ်ယောက် သူမ၏အတောင်တွေကိုမြင်ပြီး ချက်ချင်းသတိလစ်သွားခဲ့လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## Scene (16)

ပြဿနာက ထင်သလောက် မကြီးကျယ်ခဲ့။

ဒေါ်ပွင့်ခက် သတိရတော့ အဖြစ်အပျက်အားလုံးကို နှစ်ယောက်သား အသေးစိပ် ပိုင်းဝန်းရှင်းပြပေးခဲ့၏။ ဒေါ်ပွင့်ခက်က သည်အခါမှာတော့ လုံး ဥသုံ ယုံကြည်ခဲ့ပါပြီ။

ယခုတော့လည်း ဒေါ်ပွင့်ခက်က လိပ်ပြာကို သမီး သမီးနှင့် ပါးစပ် များကကို မချတော့။ ပြီးတော့ ... အသဲနှသည့် ဒေါ်ပွင့်ခက်က သူမကို သနား စိတ်ဝင်ကာ လိုတာထက်ကို ပိုဂရုစိုက်ပါသည်။ သည်အတွက်တော့ သူ တကယ်ပဲ စိတ်ချမ်းသာခဲ့ရ၏။ အရင်လိုလည်း အခန်းထဲမှာပဲ အောင်းနေစရာ မလိုတော့။ တစ်အိမ်လုံးကို သူမ လွတ်လွတ်လပ်လပ်သွားလို့ ရနေချေပြီ။

သူမအကြောင်းအတော်များများကိုလည်း ဒေါ်ပွင့်ခက် သိနားလည်နေ ပြီဖြစ်သည်။ ပြီးတော့ ... သူမအကြောင်းတွေကိုလည်း နှုတ်ဖွာသည့် ဒေါ်ပွင့် ခက်ကို သူ ဘယ်သူကိုမှ မပြောမိဖို့အတွက် အသေအချာ မှာထားရပါသေး သည်။

ခက်သည်က ဒေါ်ပွင့်ခက်က သူမအတောင်တွေကို လှလွန်း ချစ်စရာ ကောင်းလွန်းလို့ဆိုပြီး မကြာခဏ သူမကို ထုတ်ထုတ်ပြခိုင်းနေသည့်ကိစ္စ သူမကလည်း ခိုင်းတိုင်းလုပ်၏။ သည်အချက်ကလွဲရင် သူ့အတွက် အားလုံး အဆင်ပြေပါသည်။ ခုတလော ... ဒေါ်ပွင့်ခက်ကလည်း ဟိုတစ်ခါ သတိလစ်



www.burmeseclassic.com

www.burmeseclassic.com



တာကို အကြောင်းပြပြီး ဖင်နာတယ်၊ ဒူးနာတယ်၊ ခေါင်းကိုက်တယ်စသဖြင့် အကြောင်းပြကာ ဆိုင်ကိုပင် မသွားတော့။ မန်နေဂျာနှင့်သာ လွှဲထားသည်။ စိတ်ချရသည့် မန်နေဂျာမို့ ပြဿနာ အထူးအထွေတော့မရှိ။ လိုအပ်မှသာ ဆိုင်ကို ကိုယ်တိုင်သွားတော့၏။

သူ့အတွက်တော့ ပိုကောင်းသည်ဟု ပြော၍ရသည်။ အိမ်မှာ လိပ်ပြာကို စိတ်ချလက်ချ ထား၍ရပြီဖြစ်သည်။ သို့မှ သူလည်း FM ရုံးကို ပိုနေမြဲ ကျားနေမြဲ သွားလာလှုပ်ရှားလို့ ရတော့သည်။

ရုံးက သူငယ်ချင်းတွေကိုလည်း သူမတတ်နိုင်တော့တဲ့အခြေနေကို ယုံယုံကြည်ကြည် အားလုံးကို ရှင်းပြပေးရတော့သည်။ သို့သော် စကားပြော ကောင်းလွန်းသော သူ့စကားကို ဘယ်သူမျှ မယုံကြည်ကြပါ။ သူပြောနေကြ ပုံပြင်တွေဟုပင် အားလုံးက ထင်မှတ်ထားကြသည်။ ဒါဟာလည်းသူ့ကုသိုလ်နှင့်သူပင်ဖြစ်သည်။ သူကလည်း ဒင်းတို့ကို ကျောင်းမှာကတည်းက ကြုံရင်ကြုံသလို ပုံပြင်မျိုးစုံကို လုပ်ကြံပြောလာခဲ့တာ မဟုတ်ပါလား။ အခု မယုံတော့တာလည်း မထူးဆန်းတော့ပါ။

သို့ကြောင့် FM က ဘော်ဒါတွေကို အိမ်ခေါ်ပြီး သူမအတောင်ပံတွေကိုသာ ထုတ်ပြခိုင်းလိုက်တော့သည်။ သို့မှ အားလုံးလည်း ရင်သပ်ရှုမောနှင့် အံ့သြတကြီးမြင်ကာ လက်ခံယုံကြည်သွားကြသည်။ မည်သူ့ကိုမျှ မပြောပြမိဖို့နှင့် သူမပန်းကမ္ဘာသို့ ပြန်နိုင်ရေးအတွက်လည်း ပြောပြအကူအညီတောင်းထားရသေးသည်။ အားလုံးကလည်း တက်တက်ကြွကြွပင် ကူညီ၍ ရသမျှကို ကူညီမည်ဟု ကတိပေးထားကြသည်။

ဒေါ်ပွင့်ခက်ကတော့ သူမကို အတော်သံယောဇဉ် ဖြစ်နေပုံပင်။

"အို ... အလုပ်ရှုပ်လို့လိပ်ပြာရယ် ... ဒီအိမ်မှာ တစ်သက်လုံးနေသွားလည်း ရတာပဲကို ... ဒါမှမဟုတ် လင်းခက်နဲ့လက်ထပ်လိုက်လည်း အန်တီ သဘောတူတယ်နော် ... ပြော ... နှစ်ယောက်စလုံး ဘယ်လိုလဲဟင်"

ထိုအချိန်တုန်းကတော့ သူရောသူမပါ ခေါင်းကြီးကိုသာ ငုံ့ထားခဲ့မိသည်။ နောက် ...

"ဒါပဲနော် ... ငါမသိဘဲနဲ့တော့ လိပ်ပြာကို ဘာမှမလုပ်ကြနဲ့ ... "ဟု



www.burmeseclassic.com

www.burmeseclassic.com



လည်း မသိမသာ ရာဇသံလှလှလေးကိုလည်း ပေးထားခဲ့သေးသည်။

ပြီးတော့ ... သူ့ရင်ထဲမှာလည်း တစ်စုံတစ်ခုအတွက် ခိုးလို့ခုလုဖြစ်နေ တာ အတော်ကြာပြီဖြစ်သည်။ ည ... ည အိပ်မရတာဘဲ အချိန်တွေ ဘယ် လောက်ကြာခဲ့ပြီလဲ။ မှတ်မှတ်ရရ ... အနံ့တီပွင့်ခက်က သူမကို သူ့အခန်းထဲ မှာ အတူအိပ်တာ မသင့်တော်ဟုဆိုကာ သူမကို သူနှင့်အတူ ခေါ်အိပ်သွား သည့် ညကတည်းကပင် ဖြစ်၏။

ဘာကြောင့်ရယ်မသိ။ သူမ အိပ်နေကျ Dreambed ကလေးကို ဖေး ဖေးပြီး သက်ပြင်းချခဲ့ရတာ အခါခါ။ သည်အခန်းလေးထဲမှာ သူမ မရှိဘူးဆိုတဲ့ ခံစားချက်က သူ့ရင်ကို ရိုခနဲ တိခနဲ ဆွေးနေစေခဲ့ပါသည်။ သည် ... သည်လို အချိန်နေ့ရက်တွေက တစ်ရက်ပြီး တစ်ရက် ... ။



www.burmeseclassic.com

www.burmeseclassic.com

## Scene (17)

"ပွင့်ရေ ..."

အိမ်ရှေ့က ခေါ်သံကြောင့် ဒေါ်ပွင့်ခက်နှင့်လိပ်ပြာတို့ မီးဖိုခန်းထဲမှ ထွက်လာခဲ့ကြ၏။ လင်းခက်ကတော့ အိမ်မှာမရှိ။ FM အတွက် တာဝန်ပျက်ကွက်မှုအချို့ကို အတိုးချ လုပ်ပေးနေရသည်။

"ဟယ် ... ဦးကိုကိုပါလား ... ထိုင်လေ ..." ဟုဆိုကာ ဒေါ်ပွင့်ခက်က သူမခန္ဓာကိုယ်ဝဝကြီးဖြင့် ထိုင်ခုံမှာ အရင်ဝင်ထိုင်၏။

"ဆိုင်ကိုတောင် ရောက်ခဲ့သေးတယ် ပွင့်ရဲ့ ... ပွင့် ဆိုင်ကို နေကောင်းလို့ မလာတာ အတော်ကြာပြီဆိုလို့ ကိုယ်စိုးရိမ်ပြီး လိုက်လာခဲ့တာ၊ တော်သေးတာပေါ့ ... ထူထူထောင်ထောင်ဖြစ်နေလို့ ..."

"ဟုတ်တယ် ... ဟိုရက်က ပွင့်ကျန်းမာရေး သိပ်မကောင်းဘူးလေ၊ အဲဒါနဲ့ နားလက်စနဲ့ ဆက်နားနေတာ ..."

"အဲဒါပြောတာပေါ့ ကျန်းမာရေးကိုလည်း ဂရုစိုက်မှပေါ့ ... ပြီးတော့ ကိုယ်က ငယ်တော့တာလည်း မဟုတ်တော့ဘူး၊ ဆေးပေးမီးယူဆိုတာ ဒီလိုအချိန်တွေမှာ သိပ်လိုအပ်တာပေါ့ ပွင့်ရယ် ..."

ဦးကိုကိုက လိုရာဆွဲပြောသည်ကို ဒေါ်ပွင့်ခက်က ရှက်ရယ်ရယ်ပြီး လိပ်ပြာကို ...,

"အဟင်းဟင်း လိပ်ပြာရေ ... အအေးလေးတစ်ခွက်လောက် ဖျော်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေဦးကွယ်"

"ဟုတ်ကဲ့ အန်တီလေး ..."

သူမ ထွက်သွားတော့ ဦးကိုကိုက ...

"မောင်လင်းခက် တစ်ယောက်လည်း မမြင်ပါလား၊ ပွင့် ... ဒါနဲ့ စော စောက ကောင်မလေးက ဘယ်သူလဲ ... အရင် မမြင်ပါဘူး" ဟု စတင်စပ် ၏။

"လင်းခက်က FM ရုံးမှာ အစီစဉ်သစ်တစ်ခု ထပ်တိုးဖို့ အစည်းအဝေး ဆိုလား ဘာလားသွားတယ်၊ လိပ်ပြာက နယ်ကလေ ... လင်းခက်ရဲ့ညီမ ဝမ်းကွဲပေါ့ ... ရန်ကုန်ကို ခဏအလည်ရောက်နေတာ"

ဦးကိုကိုက ကမ္ဘာပတ်နေသည့် သင်္ဘောသားပီပီ အကင်းတော့ပါး သည်။ ဒေါ်ပွင့်ခက်ကို တည့်တည့်စိုက်ကြည့်ပြီး ...

"မဖြစ်နိုင်တာ ပွင့်ရယ် ... ပွင့်တို့ တူကြီးနှစ်ယောက်မှာ နယ်က လင်း ခက်မိဘ၊ အဲ ... ပွင့်ရဲ့အစ်မ လင်မယားကလွဲလို့ အခြားဆွေမျိုးတွေမှ မရှိ တော့တာဘဲ ... အချင်းချင်းတွေ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါပွင့်ရာ"

ဒေါ်ပွင့်ခက်က နှုတ်ဖွာသူပီပီ ငိုချင်ရက် လက်တို့ဖြစ်နေ၏။ သို့သော် လင်းခက်ကိုလည်း ပြန်မြင်ယောင်နေမိသည်။ ပြီးတော့ ... ပြောပြချင်တာလဲ နှုတ်က ယားနေ၏။

"ပြော ... ပြောလို့မဖြစ်လို့ပါ၊ ဒီအကြောင်းက လူသိခံလို့မကောင်းတဲ့ ကိစ္စမျိုးမို့ပါ ဦးကိုကိုရယ် ..."

"ဘယ်လိုကိစ္စမျိုးမို့ လူသိမခံချင်ရတာလဲ ... ထားပါတော့ ပွင့်ကမှ ကိုယ့်ကို အယုံအကြည်မရှိတာ ... ကိုယ့်မှာတော့ တစ်ကောင်ကြွက်ဆိုပြီး ပွင့်တို့ကို မိသားစုလို သဘောထားပြီး ခင်တွယ်လိုက်ရတာ၊ ပွင့်တို့က သူစိမ်း လို့ဆက်ဆံနေတာတော့ ကိုယ်တကယ် စိတ်မကောင်းဘူး၊ ကဲကဲ ... ကိုယ် လည်း ခဏနေပြန်တော့မှာ၊ ပွင့်ကိုလည်း နှုတ်ဆက်စကားပြောချင်လို့လေ ဒီအပတ်ထဲပဲ ... ကိုယ် ယူအေကို သင်္ဘောပြန်ထွက်ရတော့မှာ ... ဒီတစ်ခေါက် တော်တော်ကြာဦးမယ်ပွင့် ..."

ဦးကိုကို၏ ပြောစကားတွေက ဒေါ်ပွင့်ခက် နှလုံးသားရဲ့ Target တည့်တည့်ကို ထိသွား၏။

"ပွင့်သဘောအရဆို ပြောပါတယ် ... ခုဟာက တူမလေးက သေချာမှာ



www.burmeseclassic.com

www.burmeseclassic.com



ထားလို့ပါ ဦးကိုကိုရယ် ... ပြီးတော့ လူများများသိလို့လည်း မကောင်းတဲ့ကိစ္စ မို့ပါ ... ”

“ကိုယ်က လူ့တကာကို လျှောက်ပြောတတ်တဲ့ လူစားမျိုးလား။ ပွင့် သုပ်တာနဲ့ ကိုယ်သိချင်စိတ်တွေ အရမ်းများနေပြီ ... ပြောစမ်းပါ ပွင့်ရယ်”

ဒေါ်ပွင့်ခက်က သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင်ချပြီး ဦးကိုကို ထတိတစ်ခု တောင်းလိုက်သည်။

“ဟူး! ... ပွင့် ဦးကိုကိုကို ယုံလို့ပြောပြမှာနော်၊ ဘယ်သူ့ကိုမှ ပြန်မပြော ပါဘူးလို့ ကတိပေး ... ”

“ပရောမစ်ကွာ ... ပရောမစ်”

“တကယ်တော့ လိပ်ပြာက လူသားစင်စစ် မဟုတ်ဘူးလေ ... ... ... ... ... ... ... ... ... ... ... ... ... ... ... ”

ဒေါ်ပွင့်ခက်တစ်ယောက် လိပ်ပြာအကြောင်းကို အကျဉ်းချုပ်ပြောပြ လိုက်ချိန်မှာတော့ ဦးကိုကိုတစ်ယောက် မျက်လုံးကြီးပင် ပြူးထွက်နေ၏။ အံ့ဩလွန်း၍ အသံတွေ စကားတွေပင် ထစ်ကုန်သည်။

“တ ... တကယ်လား ပွင့်ပွင့် ... ”

“အင်း”

“ဒါ ... ဒါဆို သူက နတ်သမီးပေါ့၊ အတောင်ပံတွေလည်း မတွေ့ပါ လား”

“မတွေ့ဆို ဖျောက်ထားလို့ရတယ်လေ ... ဒါပေမဲ့ ရတ်တရက် ဖြုန်းခနဲ သူလန့်ဖျတ်သွားရင်တော့ အတောင်တွေ ချက်ချင်းထွက်လာတတ်တယ်လေ၊ ဒါပဲနော် ... ကတိပေးထားပြီး ဘယ်သူ့ကိုမှ မပြောမိပါစေနဲ့၊ ပြောမိလို့က တော့ ပွင့်နဲ့အတွေ့ပဲ ... ”

ဒေါ်ပွင့်ခက်က မျက်စောင်းကလေးကို ဝင့်ခနဲ တစ်ချက်ထိုးပြီးပြော တော့ ဦးကိုကိုက ‘စိတ်ချပါ ပွင့်’ ဟုပြောပြီး တစ်စုံတစ်ခုကို မျက်ခုံးကြော ကြီးများ တွန့်ကွေးပြီး တွေးတောနေ၏။

ထိုအချိန်မှာပင် လိပ်ပြာတစ်ယောက် အအေးတစ်ခွက်ကိုကိုင်ပြီး ရောက်ရှိလာခဲ့သည်။

“အန်တီပွင့် ... အအေးရပြီ ... ”

“ဩော် ... သမီး၊ ဦးကိုကိုရှေ့မှာ ချလိုက်လေ ... ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ..."

ဦးကိုကိုက လိပ်ပြာကို အသေအချာကြည့်ပြီး တွေးနေပြန်၏။

ရုပ်ရည်ကတော့ နတ်သမီးတမျှ ခမ်းနားမှုန်း ရိပ်စားမိပါသည်။ သို့သော် သေချာမှု တစ်ခုကို အတည်ပြုနိုင်ရန် ဦးကိုကိုတစ်ယောက် မိန်းမ ဥာဏ် သုံးလိုက်လေတော့၏။

ဦးကိုကိုက လိပ်ပြာရှေ့ကိုတိုးပြီး အအေးခွက်လာချစဉ်မှာ တမင်ပဲ မသိမသာ/မတော်တဆ ပုံစံမျိုးဖြင့် ခြေထိုးခံလိုက်၏။

"အင့်"

"အို ...."

"ဆောရီး ..."

"ခွမ်း!"

အအေးခွက်လေးက ကြမ်းပြင်မှာ အေးချမ်းမေ သီချင်းကို ပုလဲခပြီး သီဆိုနေခဲ့ချေပြီ။ သူမလည်း ရုတ်တရက် အထိတ်တလန့် ဖြစ်စဉ်တစ်ခု ကြောင့် ထိန်းထားတဲ့သတိတွေ ကျိုးပေါက်၍သွားသည်။

ဦးကိုကိုတစ်ယောက် မျက်တောင်မခတ်အားတော့။ အဘယ်ကြောင့် ဆိုသော် လိပ်ပြာ၏အတောင်ပံ တဖွားဖွားကို မျက်မြင်ကိုယ်တွေ့ တွေ့မြင်နေ ရပြီ မဟုတ်ပါလား။

မကြာခင်မှာပဲ ပါးနပ်လွန်းသည့် ဦးကိုကိုက မည်သို့မျှသိပ်မထူးခြား လေဟန်ဖြင့် ...

"ဆောရီး သမီး ... ဦးကို ဘာမှမကြောက်ပါနဲ့၊ မတော်တဆဖြစ်သွား တာပါကွယ် ... သမီးအတော်လန့်သွားတယ်ထင်တယ်၊ အတောင်ပံတွေ တောင်ထွက်နေတယ် ... ဩော် ... သမီးက လိပ်ပြာနတ်သမီးလေးဆိုတာ ဦးက သိပြီးသားပါ ... ဘာကိုမှ စိုးရိမ်မနေနဲ့နော် ... ဦးဘယ်သူ့ကိုမှ မပြော ဘူးနော် ... အိုကေ ... ဟုတ်ပြီလား"

ထိုနေ့က မြေကမ္ဘာပေါ်တွင် နတ်သမီးတစ်ပါး ရှိနေကြောင်းကို သိ သော လူတစ်ယောက် ထပ်မံတိုးပွားခဲ့လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## Scene (18)

Angel FM ၏ အစည်းအဝေးခန်းငယ်လေးထဲတွင် ဖြစ်သည်။ လူငါးယောက် ထိုင်နောကသည်။

(၁) လင်းခက်

(၂) သက်စိုးဦး

(၃) မေဇင်လင်း

(၄) လင်းလင်းထိုက်နှင့်

(၅) ရှုလိုင်ဖြိုးတို့ သူငယ်ချင်း ငါးယောက်ဖြစ်ကြသည်။

စကားအဆုံးမှာ ငူငူငိုင်ငိုင်ကလေး ဖြစ်သွားသည့်သူ့ကို အားလုံးက အံ့သြသလို ဝိုင်းငေးကြည့်နေကြသည်။ သူကတော့ အတွေးတွေဖြင့် လေလွင့်နေ၏။ ဘာကိုမှ သတိထားမိပုံ မရတော့။

"ဟေ့ကောင်း လင်းခက် ... မင်းပျော်ရမှာလေ ... လိပ်ပြာလေး ပန်းကမ္ဘာကို ပြန်လို့ရမယ့် နည်းလမ်းကို ငါတို့ရှာလို့တွေ့ပြီလေကွာ"

"ဟုတ်ပါ့ ... ခုမှ ရုပ်ကြီးက ဘာဖြစ်သွားတာလဲဟ"

သို့မှ သူအသိပြန်ဝင်သွားပြီး 'ငါအပျော်လွန်ပြီး တွေးမိသွားလို့ပါ' ဟု အသံသြရှရှနှင့် ဖြေ၏။ အမှန်က ယခု သူတို့ပြောပြသောနည်းလမ်းကို သူ အင်တာနက်မှာ ရှာဖွေတွေ့ရှိထားတာကြာပြီ ဖြစ်သည်။ သူ မည်သူ့ကိုမျှ အသိ မပေးဘဲ ရင်ထဲမှာပဲ သိုဝှက်သိမ်းဆည်းထားမိတာကတော့ သူ၏ရိုးသားသော

www.burmeseclassic.com



မရှိးသားမှုဟုသာ သတ်မှတ်ထားလိုက်ကြပါစို့။

သည်လိုကိစ္စမျိုးတွေမှာဆို သဘောပေါက်လွယ်သည့် ရှုလိုင်ဖြိုး က ...

"ဘာလဲ လင်းခက် ... နင် လိပ်ပြာ ပန်းကမ္ဘာကို ပြန်သွားမှာကို တွေးမိပြီး ဆွေးသွားတာမို့လား"

ဟု သူ့ကို တည့်တည့်ကြည့်ပြီး မေးလာခဲ့၏။

ထိုမေးခွန်းက သူ့ရင်ဝကို တည့်တည့်ထိမှန်ပါသည်။ မျက်နှာ ကွက်ခနဲ တစ်ချက် ပျက်သွား၏။

"မငြင်းချင်ပါနဲ့ လင်းခက်ရာ ... မင်းရင်ထဲမှာ ဘာတွေဖြစ်နေတယ် ဆိုတာကို ငါတို့အားလုံး နားလည်ပေးနိုင်ပါတယ် ... ဖြစ်လည်းဖြစ်သင့်ပါ တယ်၊ မကြာခင်ကမှ သိရတဲ့ ငါတို့တွေတောင် လိပ်ပြာလေးကို ဒီလောက် သံယောဇဉ်ရှိနေမိတာ၊ အချိန်အကြာကြီး အတူနေခဲ့ရတဲ့မင်းအတွက် ငါတို့ စာနာနိုင်ပါတယ်"

"အား ... မဟုတ်ပါဘူးကွာ ... မင်းတို့ကလဲ"

သူ့စကားက ရှက်ရွံ့စိတ်နှင့်အတူ တိုးရှုအက်ကွဲနေသလို အသက်မဲ့ကာ နေ၏။

"ဒီကိစ္စကို အေးဆေးအချိန်ယူပြီး စဉ်းစားပေါ့ကွာ ... အချိန်တွေ လို သေးတာပဲ ... မင်းရဲ့ကိုယ်ရေးကိုယ်တာကိစ္စကို ငါတို့လည်း ဝင်မစွက်ဖက်ချင် ပါဘူး၊ အကောင်းဆုံးဖြစ်အောင် မင်းဆုံးဖြတ်ပေါ့ ... "

ထိုနေ့ညက သူ အိပ်မပျော်ပါ။ (ထို့ကြောင့် သင့်အနေဖြင့် အခြားနေ့ တွေက အိပ်ပျော်သည်ဟုလည်း မထင်မြင်စေလိုပါ)။ အဘယ်ကြောင့်ဆိုသော် သူမ အခန်းပြောင်းအိပ်ကတည်းက သူကောင်းကောင်းအိပ်လို့ မပျော်တော့ တာပဲ ဖြစ်သည်။

အခုတော့ ပို၍ဆိုးပြီပေါ့။ လိပ်ပြာလေး ပြန်လို့ရမယ့်နည်းလမ်းကိုလည်း ရှာတွေ့၍ထားချေပြီ။ မကြာခင်မှာ သူမ ဌာနေကို ပြန်ချိန်ရောက်တော့မည်။ သူဘာလုပ်ရမည်နည်း။ ခွင့်ပြုလိုက်ရမည်လား။ တားဆီးပိတ်ပင်ရမည်လား ခက်တော့နေသည်။ သူမကို တားဆီးပိတ်ပင်ရအောင် သူ့မှာ့နှင့်သူ့ရဲ့အနေ



www.burmeseclassic.com

www.burmeseclassic.com



အထားက ဘာလဲ။ ပြီးတော့ ... သူမ စိတ်ဆန္ဒကရော အသို့ရှိမည်နည်း။

အဆုံးမှာတော့ သူ့အခန်းလေးထဲမှာ သက်ပြင်းရှိုက်သံနှင့်အတူရောင် အခိုးငွေ့တို့သာ မွှန်းကျပ်ပိတ်လှောင်နေခဲ့သည်။ ခေါင်းထဲမှာလည်း ဒွိဟ မေး ခွန်းတွေနှင့် ဝိရောဓိ ခံစားချက်တွေ ထုနှင့်ထည်။

ရိုးရိုးသားသားဝန်ခံရပါသော် သူ ... လိပ်ပြာလေးကို မခွဲနိုင်ဆိုသည့် ခေါင်းစဉ်တစ်ခုကိုသာ ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ခွင့်ရခဲ့၏။

သည်လိုဆိုပါလျှင် သူဘာလုပ်ရမလဲ ...

ဘာလုပ်သင့်ပါသလဲ ...

သူ ... အခန်းလေးထဲမှာ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်ပါသည်။ နာရီတွေ တစ်ပတ်ပြီးတစ်ပတ် ရစ်ပတ်ကျော်လွန်ခဲ့၍ ညသန်းခေါင်ပင် ကျော် နေပြီ။ သူ ခုထိ အိပ်၍မရသေး။ သူမအကြောင်းကိုတစ်လှည့်၊ စားပွဲပေါ်က Angle Magzine လေးကိုတစ်လှည့် တွေးလိုက် ငေးလိုက်နှင့်သာရှိနေပါသည်။ မျက်လုံးထဲမှာလည်း သူမရှိစဉ်က ဟန်ပန်လေးများကိုသာ မြင်ယောင်နေမိ ၏။

အဆုံးမှာတော့ ခေါင်းစဉ်တပ်ရခက်သည့် ဝေဒနာကြောင့် သူ့အခန်းထဲ ကထွက်ပြီး စိတ်ပြေလက်ပျောက် အိမ်ရှေ့က ပန်းခြံလေးထဲကိုသာ ဆင်းလာ ခဲ့မိသည်။

ည၏ တိတ်ဆိတ်မှု၊ ပန်းရနံ့တို့၏ သင်းပျံ့မှု၊ ကြယ်ရောင် လရောင်တို့ ၏ ပွံ့ဖိုးမှု၊ ခံစားချက်၏ စေ့ဆော်မှုတို့ကြောင့် ရင်ထဲက ဝေဒနာက ပိုမိုလောင် မြိုက်၍လာ၏။

ရှုးတော့မှာပဲ လိပ်ပြာမလေးရေ ...

"ဟင်!"

ပန်းခြံထဲက ခုံတန်းလေးနားအရောက်မှာတော့ သူ့ခြေလှမ်းတို့နှင့် အတူ အတွေးစတို့ တခဲနဲ ရပ်တန့်၍သွားသည်။ အကြောင်းက ခုံတန်းလေး ပေါ်မှာ မလှုပ်မယှက် ငြိမ်သက်ထိုင်နေသည့် လူရိပ်တစ်ရိပ်ကြောင့်ပင် ဖြစ် သည်။

သူ ခြေသံကို လုံအောင်ထိန်းပြီး ခုံတန်းနားကို တိုးကပ်သွားလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟင် ... လိပ်ပြာပါလား၊ ဒီအချိန်ကြီး တစ်ယောက်တည်းဘာထိုင်လုပ်နေပါလိမ့် ... "

သူ အတွေးနှင့်အတူ သူမကို ခဏငေးကြည့်မိသည်။ သူမကတော့ ဘာကိုမှ သတိထားမိပုံမပေါ်ဘဲ ကောင်းကင်ရဲက ကြယ်တွေကိုသာ ငေးမော နေပုံရသည်။

သူမ အိမ်ကိုလွမ်းနေတာများလား။ ဒါမှမဟုတ် ပန်းကမ္ဘာမှာ ကျန်ခဲ့သည့် သူမ ချစ်ရသူ တစ်ယောက်ယောက်ကို သတိရနေတာများလားဆိုသည့် အတွေးက သူ့ရင်ကို စူးခနဲ အောင့်မြက်နာကျင်ရစေပါသည်။

"လိပ်ပြာ ... "

"ရှင်!"

ရုတ်တရက် သူ့အသံကိုကြားပြီး ဆတ်ခနဲ တစ်ချက်တွန့်သွားရုံကလွဲပြီး သူမ သိပ်ထူးခြားမသွားပါ။

"လိပ်ပြာ ... ဘာဖြစ်လို့ ဒီမှာတစ်ယောက်တည်း ဆင်းထိုင်နေတာလဲ၊ အန်တီပွင့်ကရော ညဥ့်တောင်အတော်နက်နေပြီလေ ... "

"ဒါနဲ့ ကိုလင်းခက်ကရော ... ခြံထဲကိုဘာဆင်းလုပ်တာလဲ ... ဩော် လာထိုင်ဦးလေ ကိုလင်းခက်ရဲ့ ... "

သူမက မိုးတိုးမတ်တတ်ကြီးဖြစ်နေသော သူ့ကို တစ်လက်စထဲ နေရာရွှေ့ပေးရင်းပြောသည်။ သူလည်း ဘေးမှာဝင်ထိုင်ရင်း သူမကိုတစ်ချက် ပြုံးကြည့်လိုက်ပြီး ...

"ကိုယ်လည်း ဟိုဟိုဒီဒီတွေးရင်း အိပ်မပျော်တာနဲ့ ခြံထဲကို အညောင်းပြေ အညာပြေ ဆင်းလမ်းလျှောက်တာပါ ... "

"ဩော် ... လိပ်ပြာလည်း ကိုလင်းခက်လိုပါပဲ ... အိပ်မပျော်တာနဲ့ ထွက်ထိုင်နေတာလေ ... အန်တီပွင့်ကတော့ တစ်ခူးခူးတခေါခေါနဲ့ အိပ်နေပြီလေ"

"အင်း"

" ... "



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ နှစ်ယောက်သား ပြောစရာစကားမရှိတော့သလို ဆွံ့အ တိတ်ဆိတ်သွားကြပြန်ပါသည်။ ည ပိုးမွှားလေးတို့၏ အော်မြည်သံတွေကိုသာ ကြားနေရ၏။

"ကိုယ် ... လိပ်ပြာကို ဝမ်းသာစရာသတင်း ပြောစရာရှိတယ်သိလား"

"ဟုတ်လား"

သူမက အထက်ပါအတိုင်း မေးပြီး သူ့ကို ငေးစိုက်ကြည့်နေ၏။ သူက လည်း ပြန်ငေးကြည့်နေမိသည်။ လရောင်အောင်မှာ ဝင်းမွတ်လင်းလက်နေ သော သူမ၏ အလှတရားကို သူတကယ်ရင်ခုန်ပါသည်။ တစ်ယောက် ပင့် သက်ကိုတစ်ယောက် ကောင်းကောင်းကြီးကြားနေနိုင်သော အနေအထားမို့ ကိုယ်စီရင်ထဲမှာ နှလုံးစည်းချက်တို့ တဒုတ်ဒုတ်။

"ဘာလို့ အဲလိုမေးရတာလဲ လိပ်ပြာရဲ့ ..."

"ဝမ်းသာစရာ သတင်းပြောမယ့်လူက သိပ်ဝမ်းမသာသလို ဖြစ်နေ သလိုကြီးမို့လို့ ..."

"ဪ ..."

သူ့ရင်ထဲမှာ ခါးသက်ရှိန်းမြ၍သွားသည်။ မင်းရင်ထဲမှာ ပူဏ္ဏားဝင်နေ လေသလား။

"ကိုလင်းခက်ရဲ့ ဝမ်းသာစရာသတင်းဆိုတာကို မပြောချင်လည်း မပြောပါနဲ့လေ ... ရပါတယ် ..."

"မဟုတ်ဘူးလေ ... ကိုယ်အခု လိပ်ပြာကို ပြောပြမလို့လေ"

"မပြောပါနဲ့တော့ ကိုလင်းခက်ရယ် ..."

"ဟင်!"

ဒီကောင်မလေး ငါ့ကိုနောက်နေတာများလား။ မဟုတ် ... သူမ မျက် နှာက ပကတိတည်ကြည်နေပါသည်။

"တကယ် မပြောရဘူးလား၊ လိပ်ပြာ ပန်းကမ္ဘာလေးကိုပြန်လို့ရမယ့် နည်းလမ်းအကြောင်းကို ပြောပြမလို့နော် ... မသိချင်ဘူးလား"

သူမက ခပ်လေးလေး ခေါင်းရမ်းပြတော့ သူတကယ်ပဲ အံ့ဩရပါသည်။ သူ ထင်မြင်ခဲ့သည်က သည်သတင်းကိုသာ သူမကြားပါက ထခုန်တော့မတတ်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာသွားမည်ဟု။ အခုတော့ ... အခြေနေတွေက တခြားစီ။ သူမ မျက်နှာမှာ ပျော်ရွှင်ဝမ်းမြောက်ရမှုကို မတွေ့ရ။

"နေပါဦး ... လိပ်ပြာက တကယ်ပဲ မသိချင်ဘူးလား၊ ပြီးတော့ရော ဘာကြောင့် မသိချင်တော့ရတာလဲ ... ကိုယ်နားလည်အောင် ရှင်းစမ်းပါဦး"

သူမက သူ့မျက်နှာကို မက်မက်စက်စက်ကြီး ငေးကြည့်ကာ တိုးတိုးလျှလျှလေး ဖြေရှာပါသည်။

"ဘာဖြစ်လို့ မသိချင်တော့တာလဲဆိုတော့ လိပ်ပြာ ပြန်လို့ရတဲ့နည်းလမ်းကို ဒီကိုရောက်ပြီး တစ်ပတ်ကြာတဲ့အချိန်မှာကတည်းက လိပ်ပြာမိဘတွေက အိပ်မက်ပေးပြီး ပြောပြထားပြီးသားမို့ပါပဲ ... "

"ဟာမ်!"

သူ တကယ်ပဲ အံ့သြတုန်လှုပ်သွားမိသည်။

"ဒါ ... ဒါဆို လိပ်ပြာက ပန်းကမ္ဘာကို ပြန်လို့ရမယ့်နည်းလမ်းကို အစောကြီးကတည်းက ကြိုသိထားခဲ့တာပေါ့ ... ကိုယ့်ကို အစောကဘာလို့ မပြောပြခဲ့တာလဲ လိပ်ပြာရယ် ... ကိုယ့်မှာ လိပ်ပြာလေး ပြန်လို့ရမယ့်နည်းလမ်းကို အသည်းအသန် ရှာဖွေလေ့လာနေခဲ့တာကို သိရဲ့သားနဲ့လိပ်ပြာရာ"

"လိပ်ပြာ ... ကိုလင်းခက်ကို ဘာကြောင့်အသိမပေးခဲ့ရတာလဲဆိုတော့ ... "

သူမက စကားစကို ခဏဖြတ်ထားပြီးမှ တိုးလျှနွမ်းအစွာ ဖြေလာခဲ့၏။

"လိပ်ပြာ ... ပန်းကမ္ဘာကို မပြန်ချင်တော့လို့ပါပဲ ... "

"ဟင်!"

မျက်ဝန်းချင်း လင်းခနဲ ဆုံသည်။ ရင်ခုန်သံချင်း ချိတ်ဆက်ကုန်၏။

"တကယ်ဆို လိပ်ပြာက ကိုလင်းခက် နည်းလမ်းရှာတွေ့မှာကို တွေးကြောက်နေခဲ့တာပါ ... "

သူ ရင်ထဲမှ သိပ်သည်းဆ ပြင်းပြစွာ ထိရှ၍သွားပါသည်။

"ဩော် ... ဒုက္ခရှာလို့ လိပ်ပြာလေးရယ်၊ မြေကမ္ဘာမှာ အနေခက်းရဲ့ အစားဆင်းရဲ ပြီးတော့ ... အသွားအခက် အလာခက်နဲ့ဟာကို"



www.burmeseclassic.com

www.burmeseclassic.com



"လိပ်ပြာ ဘာလို့ ဒီလောက်ထိ ဒုက္ခခံနေခဲ့တာလဲ သိရဲ့လားဟင်"

စကားလုံးတို့ ပျောက်ရှကုန်သည်။ ကြယ်တွေ အသိုက်လိုက် ကခုန်ကုန်ကြသည်။ ခံစားမှုက လေထုထဲမှာ မျောလွင့်နေသလိုလို။

သူ့ ရင်ထဲမှာ ကြည်နူးမှုတို့ စီးဝင်၍ကုန်၏။ နှုတ်ခမ်းများတို့ ပြုံးမြဲ၍ သွားပြီ။

"ကိုယ် ... သိတာပေါ့ လိပ်ပြာမလေးရယ် ... "ဟုဆိုကာ ကမ္ဘာမြေ၏ ချစ်ခြင်းအသစ်တို့ လင်းဝေ၍ သွားတော့သည်။ တကယ်ဆို သူကလည်း ခွဲခွာရမည်ကိုတွေးပြီး ကြိုတင်ဆွေးနေခဲ့ရသူပဲမို့လား။

ကြယ်ရောင်အောက်က ညလေးထဲမှာ ကောင်လေးတစ်ယောက်က နတ်သမီးလေးတစ်ပါးကို ယုယမှုများစွာဖြင့် ထွေးပွေ့၍ထားသည်ကို အိမ်အပေါက်ဝမှ ပြုံးပြုံးကြီး ငေးကြည့်ပြီး လှည့်ပြန်သွားသော ခပ်ဝဝ မိန်းမတစ်ယောက်ကိုတော့ မည်သူမျှ မြင်လိုက်ကြမည် မထင်ပါ။

ထိုညက အချစ်စကား တစ်ခွန်းမှ မပါဝင်ပါဘဲ အချစ်စစ်တို့ဖြင့် ပြည့်လျှံသွားသော ပုံပြင်တစ်ပုဒ်ကို လမင်းကြီးက ကြယ်အပေါင်းကို ပြောပြနေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## Scene (19)

နံနက်ခင်း စားပွဲမှာ ဖြစ်သည်။

အန်တီပွင့်၊ လင်းခက်နှင့်လိပ်ပြာလေးတို့ ထိုင်နေကြသည်။ လိပ်ပြာလေးက ဖျော်ရည်တစ်ခွက်ကို သောက်နေ၏။ လင်းခက်ကတော့ မုန့်ဟင်းခါး တစ်ပွဲကို စားနေ၏။

သူနှင့်သူမတို့ မကြာခဏ ခိုးကြည့်ပြီး မကြာခဏ ပြုံးရယ်ပြနေကြ၏။ ဒါသည်ပင် ထူးခြားသော အရသာတစ်ခု ဖြစ်နေပုံရ၏။

ဒေါ်ပွင့်ခက်ကတော့ ကော်ဖီနှင့်မုန့်ကိုစားရင်း 'အဟွတ်! အဟွတ်' ဖြင့် လုပ်ချောင်းတစ်ခုကိုသာ မကြာခဏ လုပ်ဆိုးနေသည်။ အတော်ကြာ တော့မှ ဒေါ်ပွင့်ခက်က ...

"ငါ ... ညက ထူးထူးဆန်းဆန်းအိပ်မက်တစ်ခု မက်တယ်သိလား" ဟု အစချီလာပါသည်။

"ဟုတ်လားဗျ ... ဘယ်လိုအိပ်မက်မျိုးမို့လဲ"

သူ တကယ်စိတ်ဝင်တစား မေးလိုက်သည်။ လိပ်ပြာကလည်း ဒေါ်ပွင့် ခက်အဖြေကို နားစွင့်ထား၏။

"ဘယ်လိုအိပ်မက်မျိုးလဲဆိုတော့ ညကြီးအချိန်မတော်ထဲမှာ ငါတို့ အိမ်ရှေ့က ပန်းခြံလေးထဲကို နတ်သမီးတစ်ပါးနဲ့ လူသားကောင်လေးတစ် ယောက်တို့ ချိန်းတွေ့နေကြတယ်လို့ မက်တာဟ ... "



www.burmeseclassic.com

www.burmeseclassic.com



"အပွတ်! ပွတ်!"

ထိုစကားကြောင့် လင်းခက်တစ်ယောက် မုန့်ဟင်းခါး သီးသွားသလို သူမလည်း မျက်လုံးပြူးသွားမိ၏။

"ဟဲ့ ဟဲ့ ... ဘယ်လိုဖြစ်တာလဲဟ ... ဖြည်းဖြည်းစားလဲ ရပါတယ်၊ တကယ်တည်း ဒီမှာ အိပ်မက်အကြောင်းလေး ဆက်ပြောမလို့ရှိသေးတယ်"

"ဆောရီး အန်တီရေ ... ခုမှသတိရတယ်၊ FM ရုံးကို ဒီနေ့စောစော သွားစရာကိစ္စတစ်ခုရှိနေတာကို မေ့တော့မလို့ ... နောက်မှပြောတော့ အန်တီရာ ... ကျွန်တော် ဒိုးပြီ ..."

လင်းခက်တစ်ယောက် မုန့်ဟင်းခါးပင် ဆက်မစားနိုင်တော့ တချိုးတည်း လစ်တော့သည်။ သူမလည်း ကုန်နေပြီဖြစ်တဲ့ ဖျော်ရည်ကိုသာ အတင်းပိုက်နှင့်ငုံ့စုပ်နေလေတော့၏။

သူ ... သူမနှင့်ညစဉ် ပန်းခြံလေးထဲက ခုံတန်းလျားလေးပေါ်မှာ ချိန်းတွေ့ဖြစ်သည်။ ဒေါ်ပွင့်ခက်က သိသော်ငြားလည်း လူငယ်တွေ အနေမခက်စေရန် မသိဟန်ဆောင်ပေးထား၏။

သို့သော် ... မကြာခင် အချိန်မှာပဲ သူတို့နှစ်ယောက်က ဒေါ်ပွင့်ခက်ကို ချစ်သူတွေဖြစ်နေကြကြောင်း တရားဝင် အသိပေးဖြစ်ခဲ့၏။

ဒေါ်ပွင့်ခက်က ထူးထွေပြောစရာမရှိ။ သူနှင့်သူမတို့ကို သဘောတူကြည်ဖြူပါသည်။ သို့ဖြင့် ... သူသည် အပျော်တွေကို ရင်ဝယ်ပိုက်ကာ ရုံးက သူငယ်ချင်းတွေကိုပါ အသိပေးရန် ထွက်လာခဲ့၏။

အိမ်မှာတော့ လိပ်ပြာနှင့်အန်တီပွင့်တို့ စကားတပြောပြောနှင့် ချက်ပြုတ်နေကြလေသည်။ ထိုစဉ် အန်တီပွင့်လက်ကိုင်ဖုန်းက မြည်လာသဖြင့် စကားစ ပြတ်သွားကြသည်။

"ဟဲလို စပယ်ဖြူပြော ..."

" "

...



www.burmeseclassic.com

www.burmeseclassic.com



“ဘာ!”

“ … ”

“အဲဒီပစ္စည်းဖိုးတွေက ဟိုတစ်ရက်က ငါရှင်းပေးပြီးပြီလေ”

“ … ”

“အခု သူဆိုင်မှာရှိနေသေးလား စပယ်ဖြူ … ”

“ … ”

“ဟုတ်ပြီ … ဒါဆို သူ့ကို ဆိုင်မှာခဏစောင့်ခိုင်းထားလိုက်၊ ဒီကိစ္စကို ငါကိုယ်တိုင် လာရှင်းပေးမယ်”

“ … ”

သူ ဖုန်းချလိုက်တော့ လိပ်ပြာက …

“ဘာဖြစ်လို့လဲဟင်”

“ဆိုင်မှာ ပြဿနာနည်းနည်းတက်နေလို့ အန်တီပွင့် ခဏသွားလိုက်ဦးမယ်”

“ဟုတ်ကဲ့ … ဟုတ်ကဲ့ … လိပ်ပြာ ချက်တက်နေပါပြီ စိတ်ချသွားပါ”

ဒေါ်ပွင့်ခက်တစ်ယောက် ရေးကြီးသုတ်ပြာ ပုံစံဖြင့် ဂိုဒေါင်ထဲက ကားကို ထုတ်ကာ ထွက်သွားလေတော့၏။

“ကွန်ဂရက်ကျူရေးရှင်းလင်းခက် … ဒီကမ္ဘာပေါ်မှာ နတ်သမီးတစ်ယောက်ရဲ့ချစ်သူ ဖြစ်ခွင့်ရတာ သုမနမင်းသားနဲ့မင်းပဲ ရှိသေးတယ်”

သက်စိုးဦး စကားအဆုံးမှာ လင်းလင်းထိုက်က …

“ဘာပဲဖြစ်ဖြစ် ငါဝမ်းသာပါတယ် … ဘုရားက မင်းမစွမ်းမှန်းသိလို့ နတ်သမီးတစ်ပါးကို အိမ်တိုင်ရာရောက် လိုက်ပို့ပေးလိုက်တာ နေမှာပေါ့ကွာ”

“ဟားဟား … ”

“ … ”

“မင်းတို့ကတော့ ပြောရှော့မယ် … ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲ ... ချစ်သူရတဲ့ အထိမ်းအမှတ်အနေနဲ့ ဒီနေ့ တို့အားလုံးကို မုန့်လိုက်ကျွေးရမယ် ... "

မေဇင်လင်းက ချက်ချင်းလက်ငင်း အဆိုတင်သွင်းတော့ နုလိုင်ပြီးအလည်း ထောက်ခံသမျှ ပြုနေပါသည်။

"ဟုတ်တယ် ... ဒီနေ့ FM မှာလည်း သာမန် အစီအစဉ်တွေပဲရှိတော့တာ ... ငါတို့အလုပ်မကျန်တော့ဘူး၊ ဝန်ထမ်းတွေနဲ့ ထားခဲ့လို့ရတယ်ဆိုတော့ အခု လိပ်ပြာကိုပါ တစ်ခါတည်း ခေါ်ပြီး ဆိုင်တစ်ဆိုင်ဆိုင်ကိုသွားကြမယ် အိုကေ ... "

"ဒီအစီအစဉ် အမိုက်ဆုံးပဲ ... တစ်ခါတည်း အန်တီပွင့်ကြီးကိုပါခေါ်ခဲ့ကွာ ... "

"လာထားလေ ... ကြာသလားလို့ ... ငါတို့တွေလည်း ဒီလိုအတူထွက်မစားရတာကြာပြီ ... ဒိုးကြမယ်ဟေ့ ... "

အားလုံးက တက်တက်ကြွကြွကြီး ထောက်ခံနေကြတော့ သူ မငြင်းသာတော့ချေ။ သို့သော် ...

"မဖြစ်သေးဘူးနဲ့တော့ တူတယ်နော် ... အန်တီပွင့်ကတော့ ပြဿနာမရှိဘူး"

"ဘာကိုလဲဟ လင်းခက်ရ ... "

"အေးလေ ... "

အားလုံးက သူ့ကို ကြည့်နေကြသည်။

"လိပ်ပြာက နေရောင်ခြည်ခပ်ပြင်းပြင်းကိုမှ အထိမခံနိုင်တာ၊ ဘယ်လိုလုပ် အပြင်ထွက်လို့ရမှာလဲ ... မင်းတို့လည်း သိရဲ့သားနဲ့ သူ့အသားအရည်အကြောင်းကို ... "

အားလုံး တိတ်ဆိတ်သွားကြသည်။ ဟုတ်သည်ပဲ ... လိပ်ပြာကမှ နေရောင်ခပ်ပြင်းပြင်းထဲကို အကြာကြီးနေလို့မှ မရတာဘဲ။

ခဏနေတော့ လင်းလင်းထိုက်က ...

"Don't worry my friend ... " ဟု ဆိုလာ၏။

"ဘာလို့ မစိုးရိမ်ရမှာလဲဟ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စလောက်ကတော့ကွာ ... လင်းလင်းထိုက်တာဝန်ထားလိုက်စမ်းပါ ... "

ဆရာကြီးအထာနှင့် အပိုင်ပြောနေသည့် လင်းလင်းထိုက်ကို အားလုံးက အမြင်ကတ်ကတ်နှင့်ပင် ခဲယယ မေးကြရလေတော့၏။

"မင်းကို ဘယ်လိုတာဝန်ယူမှာလဲ ... "

"ဟုတ်တယ် ... ငါတို့တွေလည်း သိချင်တယ်"

"ဒါကလွယ်ပါတယ် ... ခု ငါတို့တွေ ဒီကနေထွက်ရင် လင်းခက်အိမ်ကို မသွားခင် Super Market တစ်ခုခုကို အရင်ဆုံးဝင်ကြမယ် ... "

"ဘာဝင်လုပ်ဖို့လဲ ... "

"ဝယ်စရာလေးတွေရှိလို့ပေါ့ ... ဒီလိုကွာ ... ငါက မိန်းကလေးဆောင်းခမောက်ဦးထုပ်တစ်လုံး ဝယ်မယ် ... သက်စိုးဦးက နေကာမျက်မှန်ခပ်ကြီးကြီးတစ်လက်ဝယ် ... မေဇင်လင်းက မိုးကာအင်္ကျီလက်ရှည်တစ်ထည်ဝယ်ရမယ် ... ရူလိုင်ဖြိုးက လည်သာဖိနပ်အရှည်ကြီးတစ်ရံဝယ် ... လင်းခက်ကတော့ မာဖလာနဲ့ ဘောင်းဘီရှည်တစ်ထည် ဝယ်ရမယ်"

ရုတ်တရက် အားလုံးကြောင်နေကြသည်။ လင်းခက်ကပင် 'ဆောင်းတွင်းလည်းမဟုတ် ဘာမဟုတ်' ဟု အထွန့်တက်လိုက်မိသေးသည်။ ကျန်သူတွေကလည်း ...

"နေပါဦး ... ငါတို့က အဲဒါတွေဝယ်ပြီး ဘာလုပ်ရမှာလဲ ... "

"အေးလေ ... ငါ့မှာလည်း ဖိနပ်ရှိပြီးသားကြီးကို ... အဲလို ဖိနပ်အရှည်ကြီးကို ဝိုင်းစုခိုင်သိန်း စီးတာ တွေ့ကတည်းက ငါသဘောကျပြီး ဝယ်ထားတာလေ ... မြွေပါးကင်းပါး မကြောက်ရဘူးပေါ့ ... "

အရေးထဲ ကြော်ငြာဝင်ပြီး မြို့လည်ခေါင်မှာ မြွေတွေကင်းတွေကို ကြောက်နေရသေးသည်။ လင်းလင်းထိုက်က အားလုံးကို အထင်သေးသလို တစ်ချက် ဝေ့ကြည့်ပြီး ...

"မင်းတို့တွေ ငါနဲ့ပေါင်းပြီး အတော်ဝေးကြတာပဲ ... အခု ငါဝယ်နိုင်းတဲ့ပစ္စည်းတွေအားလုံးကို လိပ်ပြာကို အဝတ်ခိုင်းလိုက်မယ်ဆိုရင် ... "

သို့မှ အားလုံးသဘောပေါက်သွားကြသည်။ ဟုတ်တာပေါ့ ... ဒီပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



တွေ အသုံးအဆောင်တွေသာ လိပ်ပြာကို ဆင်ပေးလိုက်ရင် အားလုံးအိုကေမှာ စိုပြေပြီပေါ့။

တခြားလူတွေအမြင်မှာ သူမပုံစံက တစ်မျိုးထင်ချင်စရာ ဖြစ်ကောင်းတော့ ဖြစ်နေနိုင်ပါသည်။ နေပူကျဲကျဲမှာ အင်္ကျီလက်ရှည် ဘောင်းဘီရှည်နဲ့ ဖိနပ်အရှည်ကြီးကို စီးထားရမှာမို့လား။ ထားတော့ ... အပေါ်ယံအမြင်တွေက သူ့အတွက် ထင်သလောက် အသုံးမတည့်လှပါ။

လိုရမယ်ရ ထီးခပ်ကြီးကြီးတစ်လက်ကိုပါ ထပ်ဝယ်ဖို့ကို သူတွေးထားလိုက်သေးသည်။

ခုတော့လည်း သူငယ်ချင်းငါးယောက် ရယ်ရယ်မောမောဖြင့် သူ့ကားလေးကိုစီးကာ နီးစပ်ရာ Super Market တစ်ခုသို့ ဦးတည်မောင်းနှင်လာခဲ့ပြီ ဖြစ်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

# Scene (20)

လိပ်ပြာတစ်ယောက် မီးဖိုခန်းထဲမှာ အလုပ်ရှုပ်နေစဉ် အိမ်ရှေ့မှခေါ် သံကြောင့် အပြေးကလေး ထွက်သွားလိုက်၏။

"ပွင့်ရေ ... ပွင့် ... ဩော် ... သမီး လိပ်ပြာလေးပါလား"

"ဟုတ်ကဲ့ ဦး ... ထိုင်ပါဦး၊ အန်တီပွင့်ကတော့ စောစောလေးကတင် ဆိုင်ကိုအရေးကြီးကိစ္စတစ်ခုနဲ့ ထွက်သွားပါတယ် ... သမီး အအေးသွားဖျော် လိုက်ဦးမယ်"

"ဟာ ... အဲဒါမှ ပြဿနာပဲ ... အရေးကြီးပြီဆိုမှ ... ဒါဆို ခုအိမ်မှာ သမီးတစ်ယောက်တည်းပေါ့"

သူမက ဦးကိုကိုကိုလည်း တစ်ခါနှစ်ခါ စကားပြောဖူးပြီး မစိမ်းတော့ သည်ကြောင့် ခပ်ရဲရဲပင် မေးလိုက်ပါသည်။

"အင်း ... ဟုတ်တယ် ... ဒါနဲ့ ဦးဘာကိစ္စများရှိလို့လဲ မသိဘူး"

"မောင်လင်းခက်တစ်ယောက် လမ်းမှာကားတိုက်လို့ ခုဆေးရုံပေါ်မှာ သေမလား ရှင်မလားလည်း မသိသေးဘူး ... အဲဒါကြောင့် ပွင့်ကို အရေး တကြီးလာခေါ်တာ ... ပြဿနာပဲ ... "

"ရှင် ... "

သူမ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

ကိုလင်းခက် ဘာမှမဖြစ်ပါစေနဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဦး ... ကိုလင်းခက်ဆီကို သမီးလိုက်ခဲ့ပါရစေ ... သမီး လိုက်ပါရစေနော်"

"အေးလေ ... ဘယ်သူမှာမှမရှိတာ၊ သမီးလိုက်ခဲ့ပေါ့ ... လာလာ ဒါဆိုလည်း သွားကြရအောင် အချိန်မရှိတော့ဘူး သမီး ... "

"ဟုတ် ... ဟုတ်ကဲ့ ဦး ... "

ဦးကိုကိုက သူမကို ကားတံခါးဖွင့်ပေးပြီး တက်စေသည်။ နောက်မှ သူက ဘေးဘီဝဲယာကို တစ်ချက်ကြည့်ပြီး ခြံထဲမှ ဝူးခနဲ ကားကိုမောင်းထွက်ခဲ့လေတော့၏။

အိမ်ထဲမှာတော့ ဦးကိုကိုတစ်ယောက် သူသုံးနေကျ လက်ကိုင်ပဝါလေးတစ်ထည် ဘောင်းဘီအိတ်ထဲကနေ ပြုတ်ကျကျန်နေခဲ့တာကို သတိမထားမိခဲ့ပါချေ။

သူတို့သူငယ်ချင်းငါးယောက် ဝယ်စရာရှိတာတွေကို ဝင်ဝယ်ပြီး အိမ်သို့ ပြန်လာကြစဉ် အိမ်ခြံနားကိုရောက်စဉ် ခြံထဲမှ ကားတစ်စီး မောင်းထွက်သွားတာကို မြင်လိုက်ရ၏။

"လင်းခက် ... မင်းတို့ခြံထဲက ကားတစ်စီး ထွက်သွားပါလား"

"အေး ... ဒီကားကို ငါမြင်ဖူးသလိုပဲကွ"

"အန်တီပွင့်သူငယ်ချင်းတွေ ညှော်သည်တွေလာပြီး ပြန်သွားတာနေမှာပါ"

"ငါသိပြီ ... ဒါ ဦးကိုကိုရဲ့ကားပဲ ... "

"မင်း အန်တီပွင့်ကို လာမွှန်နေတဲ့ ဟိုသဘော်သားဆိုတာကြီးလား"

"ဟုတ်တယ် ... နေဦးကွာ ... ဒါပေမဲ့ ဦးကိုကိုက ပြီးခဲ့တဲ့အပတ်က သင်္ဘောပြန်တက်သွားပြီလို့ ငါ့ကိုပြောဖူးတယ်"

"ကဲပါကွာ ... ခြံထဲကိုသာ အရင်ရောက်အောင် မောင်းဝင်လိုက်စမ်းပါ ... သူ မဟုတ်လည်း အခြားတစ်ယောက်ယောက်နေမှာပေါ့ လင်းခက်ရာ။"



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်မှာ ဒီလိုပုံစံတူကားတွေ အများကြီးပဲဥစ္စာ ... "

သို့ဖြင့် ... သူ ကားကို မောင်းဝင်လိုက်ပြီး အိမ်ရှေ့ပေါ်တီကိုအောက်မှာ ရပ်လိုက်ပြီး အားလုံးအိမ်ထဲကို ဝင်လိုက်ကြသည်။

"အန်တီပွင့်ရေ ... "

" ... "

"လိပ်ပြာရေ ... "

" ... "

"ဟာ ... တစ်ယောက်မှ အသံမကြားပါလား၊ မီးဖိုထဲမှာ ဘာတွေများ လက်စွမ်းပြနေတယ်မသိဘူး၊ မင်းတို့ထိုင်ကြဦးကွာ ... ငါသွားခေါ်လိုက်ဦးမယ်"

လင်းခက်က မီးဖိုခန်းအပါအဝင် နေရာအတော်များများကိုရှာပြီး ပြန်ထွက်လာ၏။

"တစ်ယောက်မှ မရှိဘူးဟေ့ ... ဘယ်သွားကြလဲ မသိဘူး"

"အစောက ကားနဲ့များ အန်တီပွင့်နဲ့လိပ်ပြာတို့အပြင်ကို လိုက်သွားတာများလား"

"ဒါဆို ခြံတံခါးပိတ်သွားမှာပေါ့ ... ပြီးတော့ လိပ်ပြာ နေရောင်ထိမခံနိုင်တာကို အန်တီပွင့်လည်း သိနေတာပဲဟာကို ... ဒါနဲ့ လင်းလင်းထိုက်မင်း ခြေထောက်အောက်မှာနင်းထားတာ ဘာကြီးလဲ ... "

သူကပြောရင်းမှ လင်းလင်းထိုက် ခြေထောက်အောက်ကိုမြင်သွားပြီးမေးလိုက်တော့ လင်းလင်းထိုက်က ကောက်ကိုင်လိုက်ပြီး 'လက်ကိုင်ပဝါလေးကွ' ဟု ဖြေသည်။

မေဇင်လင်းက ...

"ရှင်းသွားအောင် အန်တီပွင့်ခက်ကို ဖုန်းခေါ်လိုက်လေဟာ" ဟု အကြံပြုသည်။ နောက်တော့ သူ ဖုန်းပြောဖြစ်သည်။

"ဟုတ်တယ် ... ခုအိမ်မှာ ... "

" ... "

"ဗျာ ... "



www.burmeseclassic.com

www.burmeseclassic.com



"ခု … လိပ်ပြာမရှိဘူး"

" … "

"အာ … သူမှ အပြင်ထွက်လို့မရတာဘဲ … နေဦး ကားတစ်စီးခြံထဲက ထွက်သွားတာတော့ မြင်လိုက်တယ် … ဦးကိုကို ကားနဲ့တော့ ပုံစံတူတယ်"

" … "

"သင်္ဘောတက်သွားတာ သေချာလို့လား"

" … "

ထိုစဉ် လင်းလင်းထိုက်က အလန့်တကြား ဝင်ပြော၏။

"ဦးကိုကို ဖြစ်နိုင်တယ် … ဒီလက်ကိုင်ပုဝါလေးမှာ အင်္ဂလိပ်လို ကိုကို လို့ရေးထားတယ် … ဒါ အစောက သူကျကျန်ခဲ့တာပဲ ဖြစ်ရမယ်"

"ဟင် … "

"ဟာ … "

"ဒါဆို … "

သေချာပြီ။ ဦးကိုကို လက်ကိုင်ပုဝါဆောင်တတ်တာကို သူစေ့စေ့တွေးပြီး ရေးရေးပေါ်လာခဲ့သည်။ သို့ဖြင့် သူသေချာအောင် အန်တီပွင့်ကို ဖုန်းနှင့် ဆပ်မေးလိုက်သည်။

ရင်ထဲမှာတော့ အပူမီးတွေ ခေါင်းထဲမှာတော့ မေးခွန်းတွေ။

"အန်တီ … လိပ်ပြာအကြောင်းကို ဦးကိုကို ပြောမိသေးလား"

" … "

"ခု လိပ်ပြာမရှိတော့ဘူး … အရေးကြီးတယ် မြန်မြန်နဲ့အမှန်ဆုံးကို ဖြေပါ"

" … "

"ဟာ … "

သေချာပြီ။ ဦးကိုကိုတစ်ယောက် တစ်နပ်စားဉာဏ်နှင့် ယုတ်မာခဲ့ချေပြီ။

"လင်းခက် … ဘာတဲ့လဲ … "

"ဒီလူကြီး လိပ်ပြာကိုခေါ်သွားတာ သေချာတယ် … မိုက်မိုက်ရိုင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာကွာ"

"ဒါဆိုလည်း ငါတို့လိုက်ကြရအောင်လေ ... အချိန်မီနိုင်သေးတယ်။ ကြာရင် လိပ်ပြာအတွက် အန္တရာယ်ပိုရှိတယ်"

လင်းလင်းထိုက်စကားကို သက်စိုးဦးကလည်း ထောက်ခံ၏။

"ဟုတ်တယ် လင်းခက် ... ငါတို့ အချိန်မီလိုက်သွားကြရအောင်၊ နင်တို့ မိန်းကလေးနှစ်ယောက် ဒီမှာ အန်တီပွင့်ကို စောင့်ရင်းနေခဲ့ ... ငါတို့ သုံးယောက် လိုက်သွားမယ် ... ရဲစခန်းကိုပါ အကြောင်းကြားထားလိုက်ကြဟာ"

သုံးယောက်သား ကားပေါ်ကိုတက်ကာ သင်္ဘောကျင်းရှိရာသို့ဦးတည်ပြီး လီဗာကုန် နင်းခဲ့ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## Scene (20-A)

လမ်းမကြီးတစ်ခုအပေါ်မှာ ကားလေးတစ်စီးက ပြေးလွှားနေပါသည်။ ကားထဲမှာတော့ လူနှစ်ယောက်။ မောင်းသူကတော့ အသက်ခပ်လတ်လတ် အရွယ် ... ကျန်တစ်ယောက်ကတော့ ရှေ့တူရူကို အားယူငေးကြည့်နေသော မိန်းမချောလေးတစ်ယောက်ပင် ဖြစ်သည်။

ကားက ဘယ်နေရာတွေ ရောက်နေပြီလဲ သူမ မသိပါ။ နေရောင်ထဲမှာမို့ သူမ အမြင်အာရုံတွေ ဝေဝါးနေပါသည်။ မြင်မြင်သမျှက ဖြူဖြူလင်းလင်းကြီးတွေချည်း။ ချစ်ရသူဇော်နှင့်မို့သာ ထလိုက်လာခဲ့ရသည်။ သူမမှာ နေရောင်ခြည်ကို ကာကွယ်နိုင်သည့် လုံလောက်သော အဝတ်အထည်ဘာတစ်ခုမှ မပါခဲ့။ အိမ်နေရင်းသာမန်အဝတ်အစားကလေးနှင့်သာ ဖြစ်သည်။

"ဦး ... ဆေးရုံက မရောက်သေးဘူးလားဟင် ... "

"ရောက်တော့မှာပါ ... ခဏပဲစောင့် ... တအောင့်ဆိုရောက်ပြီ"

ဦးကိုကိုက သင်္ဘောပေါ်တင်မည့် ကွန်တိန်နာပုံးကြီးတွေထားရာ ဂိုဒေါင်ကြီးတစ်ခုအတွင်းသို့ ကားကို မောင်းဝင်လိုက်သည်။

"ရောက်ပြီ ... ကားပေါ်ကဆင်းတော့ အထဲမှာ လင်းခက်ရှိနေတယ်"

"ဟုတ်ကဲ့ ... ဦးကိုကို ... "

သူမက အလျင်စလိုပဲ ကားတံခါးကို ဖွင့်ဆင်းလိုက်၏။ ကားအောက်က ထွက်လိုက်သည်နှင့် အတားအဆီးမဲ့သော နေရောင်ခြည် ခပ်ပြင်းပြင်းတွေက


www.burmeseclassic.com

www.burmeseclassic.com



သူမ ခန္ဓာကိုယ်အနှံ့အပြားပေါ်သို့ ထိုးဆိုက်ကျဆင်းလာ၏။

"အို ..."

သူမ တစ်ချက်ညည်းညူလိုက်ပြီး အားတင်းကာ ဆက်လျှောက်လာခဲ့သည်။ ခြေလှမ်းကိုလည်း မပြေးရုံတမယ် မြှင့်လိုက်သည်။

ကားရပ်ထားရာနေရာနှင့် ဂိုဒေါင်နှင့်က ကိုက်တစ်ရာကျော်ခန့် ကွာဝေးပါသည်။

"အထဲမှာ ... သမီး ..."

"ဟုတ်ကဲ့ ... ဦး ..."

လမ်းတစ်ဝက် အရောက်မှာတော့ သူမ ခေါင်းတွေ မူးနောက်၍ဝင်လာနေ၏။ အရေပြားပေါ်က ပူလောင်ကျွမ်းမှုကလည်း မခံမရပ်နိုင်အောင်ဖြစ်လာနေ၏။

"ဟင် ... လိပ်ပြာ ... သမီးလက်တွေက အငွေ့တွေထွက်လာနေတယ်"

သို့မှ သူမလည်း လက်ကိုကြည့်လိုက်မိသည်။ မကြာခင်မှာပင် သူမလက်တွေပေါ်မှာ နီညိုညိုအကွက်တွေ မီးလောင်ကျွမ်းထားသလို ပေါ်လာပေတော့မည်။

"ဟုတ်တယ် ... ကျွန်မက နေရောင်ခြည် ကြာကြာထိလို့မရဘူး"

"ဟာ ... ဒါဆိုရင် ဂိုဒေါင်ထဲကို ရောက်အောင် မြန်မြန်ပြေး"

နှစ်ယောက်သား ဂိုဒေါင်အဝထိအောင် ပြေးလိုက်ကြသည်။ အရိပ်ထဲကိုရောက်မှသာ သူမ စိတ်အေးသွားသည်။ သို့မှ နာကျင်မှု၊ မူးနောက်မှုတို့လည်း သက်သာလာပြီး နေသာထိုင်သာရှိသွားသည်။ အမြင်အာရုံတွေလည်း အရိပ်ထဲရောက်မှ ပြန်လည်ကြည်လင်လာ၏။

သူမ ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်တော့ ... ကုန်ပစ္စည်းပုံများနှင့် အစောင့်ဖြစ်ဟန်တူသော ရုပ်ဆိုးဆိုး လူလေးငါးယောက်ကိုသာ တွေ့ရသည်။

ဦးကိုကိုက ဂိုဒေါင်တံခါးဝမှာ ရပ်စောင့်နေသော လူနှစ်ယောက်တို့

"အားလုံးအဆင်သင့်ပဲလားဟေ့ ... "ဟုမေးတော့ အစောင့်တစ်ယောက်က ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာ ..." ဟုဖြေကာ ဂိုဒေါင်တံခါးမကြီးကို ကွဲခနဲနေအောင် ဆွဲဖွင့်၍ပေးသည်။ ပြီးမှ ဦးကိုကိုက ...

"အားလုံး သတိဝီရိယနဲ့နေကြပေါ့ ... လူစိမ်း လုံးဝအဝင်မခံနဲ့တော့၊ ဒီနေ့တစ်ည ဒီမှာအောင်းပြီးဟာနဲ့ မနက်ဖြန် ငါတို့အားလုံး သင်္ဘောနဲ့လစ်ကြမယ် ... နားလည်တယ်နော် ... ဒီမှာ ငါ ငွေထုပ်ကြီးကောက်ရထားပြီးပြီ"

"ဟုတ်ကဲ့ ... စိတ်ချပါ ဆရာ ..."

အထက်ပါစကားတွေကို နားထောင်ပြီး သူမရင်ထဲ တစ်မျိုးတော့ဖြစ်သွားသည်။ သို့ပေမဲ့ ... လင်းခက်အပေါ် စိတ်ရောက်နေသည်ကြောင့် မည်သို့မှ မမေးမိဘဲ ဦးကိုကိုခေါ်ရာသို့သာ လိုက်လာခဲ့မိသည်။

ဦးကိုကိုက ဂိုဒေါင်နောက်ထဲရှိ အခန်းတံခါးတစ်ခုကို ဆွဲဖွင့်လိုက်၏။ အခန်းက ခပ်ကျဉ်းကျဉ်းပင်ဖြစ်သည်။ ထိုင်စရာ ခုံတစ်လုံးကလွဲပြီး ဘာပစ္စည်းမှမရှိ၊ ရေသန့်ဗူး သုံးဗူးနဲ့ သစ်သီးဝလံအချို့ကို ပုံထားတာကိုလည်း တွေ့ရ၏။

"ကဲ ... လိပ်ပြာ ဒီထဲမှာ အေးအေးဆေးဆေး ခဏနေဦး ..."

"ဟင် ... ကိုလင်းခက်ကရော ... ကျွန်မ ကိုလင်းခက်နဲ့တွေ့မှဖြစ်မယ်၊ ဘယ်မှာလဲ ဦး ..."

ဦးကိုကိုက သူမမေးပုံကို သဘောတကျဖြင့် တဟားဟားအော်ရယ်ကာ သူမကို ထိုအခန်းထဲသို့ တွန်းပို့ပစ်လိုက်သည်။

"အင့်!"

"ဟိတ်ကောင်တွေ လာကြစမ်း!"

မကြာခင်မှာပဲ ရုပ်ဆိုးဆိုး လူနှစ်ယောက် ရောက်လာ၏။

"ဒီအခန်းရှေ့မှာ သေသေချာချာစောင့်ကြ ... ဘာအကြောင်းနဲ့မှ တံခါးကို ဖွင့်မပေးနဲ့ ကြားလား ..."

"ဟုတ်ကဲ့ပါ ဆရာ ..."

အခြေနေကို ကောင်းစွာသဘောပေါက်သွားသည့် သူမက ဦးကိုအတင်းတွန်းထွက်ဖို့ ကြိုးစားလိုက်၏။ မရ။ ယောကျ်ားအားနှင့်ပြန်စောင့်တွန်းလိုက်သည်ကြောင့် သူမ ဖင်ထိုင်လျက် လဲကျသွားသည်။

"ရှင် ... ဒါဘာလုပ်တာလဲ ... ကျွန်မ ကိုလင်းခက်ဆီကိုသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအထိတောင် အေးအေးဆေးဆေးလိုက်လာခဲ့ပြီးပြီ ... အေးအေး ဆေးဆေး နေစမ်းပါ"

"ဒါဆို ... ရှင် ကျွန်မကို ညာခေါ်လာခဲ့တာပေါ့လေ"

သူမ စကားကို ဦးကိုကိုတင်မကတော့ သူ့တပည့်နှစ်ယောက်က တဟားဟားနှင့် အော်ရယ်ကြ၏။

"ဟား ... ခုမှသိတာလား လိပ်ပြာရယ် ... အဟွန်း ... လက်စသတ် တော့ နတ်သမီးငတုံးမလေးပဲ ... ညာလို့ညာမှန်းလည်းမသိ၊ ဖမ်းလာလို့ ဖမ်း လာမှန်းလည်းမသိ ... ဟား ဟား ..."

သူမ အတော်ထိတ်လန့်သွားမိသည်။

"ကျွန်မကို ဘာကြောင့်ဖမ်းရတာလဲ ... ကျွန်မမှာ ဘာအပြစ်ရှိလို့ ... ကျေးဇူးပြုပြီး ကျွန်မကို ကိုလင်းခက်ဆီကို ပြန်လိုက်ပို့ပေးပါနော်"

"မင်းမှာ ဘာအပြစ်မှတော့ မရှိပါဘူး ... ဒါပေမဲ့ မင်းက လိပ်ပြာနတ် သမီးဖြစ်နေတာကိုး ..."

"ဟင် ..."

ဦးကိုကို ဆိုလိုရင်းကို သဘောမပေါက်နိုင်ပါ။

"ဒီမယ် ... ဒီအခန်းထဲမှာ မင်းအတွက် စားစရာ သောက်စရာ... လည်းပါတယ် ... ဒီတစ်ည အေးအေးဆေးဆေးနဲ့နေပါ ... မဟုတ်ရင်တော့ ဒီမှာတွေ့လား ..."

ဦးကိုကိုက ခါးကြားမှ သေနတ်တစ်လက်ကို ထုတ်ပြတော့ သူမ အတော်ကလေး ကြောက်လန့်သွားပြီး အတောင်ပံတွေပင် စွံ့ကားထွက်... လာခဲ့၏။ သူမက တီဗွီတွေထဲမှာ သေနတ်နှင့်ပစ်သတ်သည့် ဇာတ်ဝင်ခန်းတွေ ကို မြင်ဖူးထားသူမို့ သေနတ်အကြောင်းကိုသိ၏။ ပစ်လိုက်လျှင် သေတတ် သည်ဆိုတာကိုပေါ့။

"သိပ်ကြောက်သွားပုံပဲ ... ကြိုက်တယ် ... အဲဒီအတောင်ပံလှလှလေး တွေကိုကြိုက်တာ ... မင်းကိုသာ နိုင်ငံခြားက ငှါအဆက်အသွယ်တွေလက်ထဲ ကို ထည့်လိုက်ရင် ငှါအတွက် ဒေါ်လာတွေ ... ဟား ဟား ..."

သူ့တပည့်တွေက သူမကို ခုမှမြင်ဖူးတာမို့ နတ်သမီးတစ်ပါးကိုလေ...



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး အားလုံး အံ့သြဆွံ့အနေကြ၏။

"ဟိတ်ကောင်တွေ ဘာကြောင်ကြည့်နေတာလဲ ... တံခါးကို သေချာ ပိတ်ပြီး စောင့်နေကြတော့ မင်းတို့မြင်တယ်နော် ... ဒီနတ်သမီးက ဘယ် လောက်တန်ဖိုးကြီးတယ်ဆိုတာ ..."

"ဟုတ် ... ဟုတ်ကဲ့ပါ ဆရာ ... ကျွန်တော်တို့သေချာစောင့်ပါ့မယ်"

"ဂျိမ်း!"

အခန်းတံခါးကို ပိတ်လိုက်ပြီးချိန်မှာတော့ သူမ ချုံးပွဲချ၍ငိုသော၏။



www.burmeseclassic.com

www.burmeseclassic.com

## Scene (20-B)

လင်းခက်တို့သူငယ်ချင်း(၃)ယောက်လည်း ကားတစ်စီးဖြင့် ဦးကို အသုံးပြုရာ ဂိုဒေါင်ဘက်သို့ မောင်းလာခဲ့သည်။ သင်္ဘောပေါ်တင်မည့်ပစ္စည်း များကို သည်ဂိုဒေါင်မှာသာ ထားတတ်ကြောင်း လင်းခက်သိထား၏။ ဦးကို တစ်ယောက် ထိုနေရာကလွဲ၍ အခြားမသွားနိုင်ဟု သူအပိုင်တွက်၍ ဖွ လာခဲ့သည်။

ထင်သည့်အတိုင်းပင် မြစ်၏ ခြံဝန်းရှေ့မှာ အစောင့်နှစ်ယောက် တွေ့ရသည်။ ရုပ်ပေါက်တွေကတော့ မိုက်ကမ်းကမ်းပုံစံတွေပင်။ သူတို့က ကို ရပ်ဖို့လက်ပြနေ၏။

တံခါး တစ်ဖက်ချက်စီကို မေးထောက်ပြီး ...

"ဘာကိစ္စရှိလို့လဲ ..." ဟု မေးသည်။ လင်းခက်က ဘေးမှ လင်းလင်း ထိုက်ကို မေးဆတ်ပြလိုက်ပြီး ...

"ဦးကိုကိုနဲ့တွေ့ချင်လို့ လာခဲ့တာ"

"ဟုတ်လား ... ငါတို့ဆရာက ခုမအားဘူး၊ ပြီးတော့ ... ဒီနေ့ လူစိမ်း တွေ လုံးဝအဝင်မခံဖို့ စောစောကတင် မှာထားခဲ့လို့ ဆောရီးပါ ညီလေး ရာ ..."

လင်းခက်က လင်းလင်းထိုက်ကို မျက်နှာရိပ်ထပ်ပြပြီး

"အရေးကြီးကိစ္စရှိနေလို့ပါ ... ဝင်တွေ့ခွင့်ပြုပါဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကောင်လေးတွေ ... ငါတို့အေးအေးဆေးဆေးပြောနေတုန်း လှည့်မြန်လိုက်တာ ကောင်းမယ်ထင်တယ် ..." ဟု နောက်တစ်ယောက်က ဝင်ပြော၏။

"ဒါဆိုလည်း ရတဲ့နည်းနဲ့ ဝင်ကြရတာပေါ့ဗျာ ... ကဲကွာ ..."

"ခွပ်!"

"အင့်!"

"ဝုန်း!"

လင်းခက်နှင့် လင်းလင်းထိုက်တို့က ပြိုင်တူဆိုသလို ကားတံခါးကို ဆောင့်တွန်းဖွင့်လိုက်သည်ကြောင့် နှစ်ယောက်သား အငိုက်မိသွားပြီး တံခါးနှင့် ရိုက်မိသွားပြီး ပက်လက်လန်ကျသွားသည်။ ရလာသည့် အခွင့်အရေးကို အက်လွှတ်မခံဘဲ ကားကို ခြံတံခါးမှတစ်ဆင့် ဂိုဒေါင်ဝအထိ ထိုးတိုက်ပြီး အရကြမ်း မောင်းဝင်ပစ်လိုက်၏။

ဂိုဒေါင်အဝက အစောင့်နှစ်ယောက်ကလည်း သူတို့ကားကို ရိပ်မိသွားပြီး နီးစပ်ရာ တုတ်တစ်ချောင်းစီ ဆွဲကာပြေးဝင်လာ၏။ သူတို့သုံးယောက်သည်း ကားပေါ်မှ အလျင်အမြန်ဆင်းကာ တိုက်ခိုက်ကြရတော့သည်။

သုံးယောက် နှစ်ယောက် ချကြရသည်ဆိုသော်ငြားလည်း လင်းခက်တို့က သာမန်လူငယ်တွေမို့ တိုက်ခိုက်ရေးမှာ လူဆိုးတွေလောက် မကျွမ်းကျင်။ ပြီးတော့ ... တစ်ဖက်က တုတ်တွေနှင့်။ သူတို့မှာက လက်ဗလာ။ အချိန်အတော်ကြာ တိုက်ခိုက်ပြီးချိန်မှာတော့ လင်းခက်တို့ဘက်က အသာစီးရလိုက်ပါသည်။ သို့သော် ... လင်းခက် ဦးခေါင်းမှာက သွေးအချို့စီးကျနေပြီး လင်းလင်းထိုက်နှင့်သက်စိုးဦးတို့မှာလည်း မျက်နှာတွေဖူးယောင်နေ၏။

သူတို့ ဂိုဒေါင်တံခါးကို ဖွင့်ဝင်လိုက်စဉ် အနောက်ကနေ ထွက်လာသော ဦးကိုကိုနှင့် တည့်တည့်တိုးပါတော့သည်။ ရုတ်တရက် ဦးကိုကိုက ကြောင်ကြည့်နေစဉ် လင်းခက်က ချစ်ရသူအတွက် ဒေါသနှင့် ဖြောင့်လက်သီး တစ်လုံးကို အလျင်စလို ချကြွေးပစ်လိုက်သည်။

"လူယုတ်မာကောင် ... ကဲကွာ ..."

"ခွပ်!"



www.burmeseclassic.com

www.burmeseclassic.com



ဦးကိုကိုတစ်ယောက် အငိုက်မိသွားပြီးမှ သတိပြန်ဝင်ကာ အနောက် ဘက်သို့ဝင်ပြေးလေ၏။ သူတို့လည်း ချက်ချင်းပြေးလိုက်ကြရသည်။

"ဟိတ်ကောင်တွေ ... ဘယ်ရောက်နေလဲ ... လာကြစမ်း"

ဦးကိုကို ခေါ်သံကြောင့် လိပ်ပြာကို စောင့်ကြပ်နေသော အစောင့် နှစ်ယောက် ပြေးဝင်လာသည်။ ဦးကိုကိုကတော့ ပြေးစရာမရှိတော့သဖြင့် လိပ်ပြာအခန်းတံခါးရှေ့မှာသာ ရပ်ကြည့်နေ၏။

လင်းလင်းထိုက်နှင့်သက်စိုးဦးတို့က အစောကလူဆိုးတွေ၏ တုတ်ကို ယူလာခဲ့သည်ကြောင့် အတော်အဆင်ပြေသည်။ လူဆိုးနှစ်ယောက် မှောက် သွားကြပြီဖြစ်သည်။

အခုတော့ ... ဦးကိုကိုတစ်ယောက်တည်းသာ ကျန်တော့၏။

"ဘယ်မှာလဲ ... လိပ်ပြာ ... "

"မင်းတို့ ရှေ့တိုးမလာနဲ့နော် ... ဒီမှာတွေ့လား ငါပစ်ထည့်လိုက်မယ်"

ဦးကိုကိုက ခါးကြားက သေနတ်ကို ထုတ်ပြီးပြောနေ၏။

"ကျုပ်မေးနေတယ်နော် ... လိပ်ပြာ ဘယ်မှာလဲ ... "

အခန်းထဲက လိပ်ပြာက လင်းခက်အသံကို ကြားသွားပြီး အခန်းထဲ ကနေ အသံပြုနေ၏။

"ကို ... ကိုလင်းခက်လားဟင် ... လိပ်ပြာ ဒီအခန်းထဲမှာပါ၊ လိပ်ပြာ ကို ကယ်ပါဦး အဟင့်ဟင့် ... "

"လိပ်ပြာ အဆင်ပြေလား ... ကိုယ်ရောက်လာပြီ၊ ဘာမှမစိုးရိမ်နဲ့နော်"

ထိုစဉ် ဦးကိုကိုက ရုတ်တရက် အခန်းတံခါးကို ဆွဲဖွင့်လိုက်ပြီး သူမ ကို အနောက်ကနေ သိုင်းဖက်၍ နားထင်ကို သေနတ်နှင့်ထောက်ကာ ဓား စာခံ လုပ်ပစ်လိုက်သည်။

"ဒီမှာတွေ့လား လင်းခက် ... မင်းရဲ့နတ်သမီးလေး ... ဟားဟား"

"ဒီမှာ ... ခင်ဗျား လိပ်ပြာကို အေးအေးဆေးဆေး ပြန်လွှတ်ပေး"

လင်းလင်းထိုက်ကပါ "ဟုတ်ပါတယ်ဗျာ ... ဒါဟာ တရားဥပဒေ လည်း မညီညွတ်ပါဘူး"

"ဟားဟား ... ဘာလဲ ဥပဒေ ... ဥပဒေဆိုတာ ငွေပဲကွ ဒီမှာ ငါ့



www.burmeseclassic.com

www.burmeseclassic.com



ဘာမှတရားလာချမနေနဲ့ ... ဒီကောင်မလေးကို စဖမ်းကတည်းက ပြန်လွှတ်ပေးဖို့မှမဟုတ်တာ ... နိုင်ငံခြားမှာ ငါ သူ့ကိုရောင်းဖို့ပြောထားပြီးပြီကွ။ ဒေါ်လာတွေ သန်းချီရမှာ နားလည်လား ... မင်းတို့ လာရာလမ်းအတိုင်း လှည့်ပြန်ကြ ... မဟုတ်ရင်တော့ ငါတကယ် ပစ်သတ်လိုက်မှာနော်"

လိပ်ပြာလည်း အတော်ထိတ်လန့်နေ၏။ ဦးကိုကိုမှာလည်း သူမ၏ အတောင်ပံတွေပေါ်ကနေ သိုင်းဖက်ထားရသည်ကြောင့် ဦးကိုကိုကို စက်ဆုပ်သလို စိုက်ကြည့်နေ၏။

"မင်းကြိုက်တာပြော ... ငါ ဂရုမစိုက်ဘူး ကောင်လေး ... ငါ ဒီအခွင့်အရေးကိုရဖို့အတွက် သင်္ဘောတစ်ခေါက်ကိုမလိုက်ဘဲ လက်လွှတ်ထားခဲ့ရတာ။ အခု မနက်ဖြန်ထွက်မယ့် သင်္ဘောနောက်တစ်စင်းနဲ့ သူ့ကိုပါ အပါခေါ်သွားဖို့ အားလုံးစီစဉ်ထားပြီးပြီ ... ငါ့အစီအစဉ်ကိုတော့ ဘယ်နည်းနဲ့မှ အပျက်မခံနိုင်ဘူးကွ ..."

သူတို့သုံးယောက်လည်း ဘာဆက်လုပ်ရမည်မသိ ဖြစ်နေသည်။ လိပ်ပြာအသက်က သူ့လက်ထဲမှာမို့လား။ ပြီးတော့ ... ဦးကိုကိုပုံစံက အလျှော့ပေးမည့်ပုံမရှိ။ မိုက်တီမိုက်ကန်း ရှေ့ဆက်တိုးမည့်ပုံပင်။ ဦးကိုကိုက သူမကို တွန်းပြီး ရှေ့သို့တဖြည်းဖြည်း တိုးကပ်လာနေ၍ သူတို့လည်း တဖြည်းဖြည်း နောက်ဆုတ်ပေးနေရ၏။

"ကိုလင်းခက် ... အဟင့် ... လိပ်ပြာကို ကယ်ပါဦး ... အဟင့်ဟင့်"

"ကောင်မ ပါးစပ်ကို ပိတ်ထားစမ်း!"

ထိုစဉ် ဂိုဒေါင်ရှေ့ဘက်မှ အန်တီပွင့်တို့အသံကို ကြားလိုက်ရ၏။

"လင်းခက် ... လိပ်ပြာ ... အန်တီပွင့်တို့ ရဲတွေနဲ့အတူရောက်လာခဲ့ပြီ ... ဘယ်နေရာမှာလဲ"

"ဟင် ..."

ဦးကိုကိုတစ်ယောက် ထိုအသံကြောင့် တစ်ချက်တွေဝေသွားသည်။ ရဲဆိုသည့်အသံကြောင့် လန့်သွားပုံရသည်။ သိတယ်မို့လား ... ရဲတွေကလည်း ရဲဆိုတဲ့အတိုင်း ရဲကြတယ် မဟုတ်လား။

ထိုအခွင့်အရေးကို လိပ်ပြာက အမိအရအသုံးချပြီး ဦးကိုကိုသတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ကနေ အတင်းရုန်းထွက်ပစ်လိုက်သည်။

"ဒိုင်း!"

"ဟာ ... "

ဦးကိုကိုကို လင်းခက်က ဝင်လုံးပစ်လိုက်သည်။ တော်ပါသေးသည်။ ကညွှန်ဆံက လင်းခက်လက်မောင်းကို ရှပ်၍ထိသွား၏။ တစ်လက်စတည်းမှ လင်းခက်က လိပ်ပြာအန္တရာယ်ကင်းရှင်းရေးအတွက် အဆောက အခန်းထဲကို တွန်းပစ်လိုက်သည်။

"ကိုလင်းခက် ... "

"ခွပ်!"

ရဲတွေကလည်း သေနတ်သံကြားသည်ကြောင့် အပြေးအလွှားရောက်လာကြသည်။ လင်းခက်က ဦးကိုကိုကို ထိုးပစ်လိုက်သည်။ လင်းလင်းထိုက်နှင့်သက်စိုးဦးက ဦးကိုကိုလက်ထဲမှ သေနတ်ကို ဝိုင်းလုနေကြစဉ် ရဲများနှင့်အတူ ရှုလိုင်ဖြိုး၊ မေဇင်လင်းနှင့် အန်တီပွင့်တို့ ရောက်လာလေ၏။

"ဦးကိုကို လက်နက်ချလိုက်ပါ ... ခင်ဗျားကို တရားမဝင်ပစ္စည်းတွေ မှောင်ခိုကုန်သွယ်မှု၊ ပြန်ပေးဆွဲမှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးမှုတွေနဲ့ ဖမ်းရပါလိမ့်မယ်"

ရဲတွေက ဦးကိုကို လက်ထိပ်ခတ်လိုက်ကြသည်။ ဒေါ်ပွင့်ခက်က သွေးအလူးလူးဖြစ်နေသော လင်းခက်ဆီကိုပြေးသွားပြီး ထူလိုက်၏။

"အဆင်ပြေလား တူလေး ... အန်တီတို့ နည်းနည်းနောက်ကျသွားတယ်ကွယ်၊ မသေကောင်း မပျောက်ကောင်း အန်တီပွင့်အမှားတွေကြောင့် ဒီလိုဖြစ်ရတာပါ ... အန်တီပွင့်ကို ခွင့်လွှတ်ပါကွယ် ... "

ဟု ပြောနေရာမှ ဦးကိုကိုကိုပါ တစ်ခါတည်း ဆက်ပြောလိုက်သည်။

"ဦးကိုကို ရှင်ဟာ တော်တော်လူစိတ်မရှိတဲ့လူပဲ ... ရှင့်ကိုယုံကြည်ပြီး အခွင့်အရေးပေးခဲ့မိတာက ကျွန်မရဲ့ မဟာအမှားပဲ ... ရှင့်လိုလူက ဒါမျိုးနဲ့ပဲ ထိုက်တန်တယ် ... အပြစ်မဲ့တဲ့ မိန်းကလေးတစ်ယောက်ကို ရှင်မို့လို့ ဒီလို ကြံစည်ရဲတာယ် ... "

သူကတော့ အားယူထပြီး လိပ်ပြာရှိရာ အခန်းထဲသို့ဝင်သွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာက အခန်းထောင့်လေးမှာ အတောင်ပံကလေးကွယ်ပြီး တရှုံ့ရှုံ့ငိုနေ၏။ သူမ ဘယ်လောက်များ ကြောက်လန့်နေလိုက်ပါသလဲ။

"လိပ်ပြာလေး အိုကေရဲ့လား ... အားလုံးပြီးသွားပါပြီကွယ်"

"အဟင့် ... ဟင့် ... "

"မငိုပါနဲ့တော့နော် ... ကိုယ်ရှိနေပြီပဲ ... "

နှစ်ယောက်သား အခန်းကျဉ်းလေးထဲမှာ လွတ်ထွက်သွားမည်ကို စိုးရိမ်နေသည့်အလား တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်ကြသည်။

"ဟင် ... လိပ်ပြာလက်မှာ နေလောင်ရာတွေနဲ့ပါလား။ ကိုယ့်ကားထဲမှာ ဆေးသေတ္တာပါပါတယ်"

"ကိုယ့်ဒဏ်ရာတွေက ပိုများပါတယ် ... လိပ်ပြာက ဘာမှမဖြစ်ပါဘူး"

သူက အခန်းထဲကနေ သက်စိုးဦးကို လှမ်းအော်လိုက်သည်။

"သက်ရေ ... ကားထဲက လိပ်ပြာအတွက်ဝယ်လာတဲ့ ပစ္စည်းတွေ သွားယူခဲ့ပါကွာ ... ဆေးသေတ္တာပါဆွဲခဲ့ဦး"

"အေး ... အေး ... "

သို့မှ အခန်းထဲကို အန်တီပွင့်၊ မေဇင်လင်းနှင့်ရှုလိုင်ဖြိုးတို့ပါ ဝင်လာကြ၏။ နှစ်ယောက်စလုံး၏ ဒဏ်ရာတွေကိုကြည့်ပြီး စိတ်မသက်မသာဖြစ်နေကြရသည်။

အခန်းအပြင်မှာတော့ ဦးကိုကိုက ...

"အဲဒါ လူမဟုတ်ဘူး၊ အတောင်ပံတွေထွက်နေတဲ့ နတ်သမီး" ဟု အော်ပြောနေ၏။ ရဲတွေက ဦးကိုကိုစကားကို အရေးမထားပါ။

အကင်းပါးသည့် လင်းလင်းထိုက်က ...

"လူယုတ်မာ ... ခင်ဗျားဆေးကြောင်ကြောင်ပြီး လျှောက်ပြောမနေနဲ့ ထူကုန်ကူးဖို့ ကြိုတင်နိုးကြားပြီး ခုမှသွေးပျက်မနေနဲ့"

ဒုရဲအုပ်ဖြစ်ဟန်တူသော ...

"ကဲကဲ ... အားလုံးပဲ ပြီးရင် စခန်းကို ခဏလိုက်ခဲ့ကြပါဦးဗျာ"

"ဟုတ်ကဲ့ပါ ... ကျွန်တော်တို့ ဆေးလေးဘာလေး ထည့်ပြီးတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းလိုက်လာခဲ့ပါ့မယ် ... ခုလိုကူညီပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်ဗျာ ... "

"ကိစ္စမရှိပါဘူးဗျာ ... ဒါတွေက ကျွန်တော်တို့ပြည်သူ့ရဲ့တွေရဲ့တာဝန်ပါ ... ကဲ ... အားလုံးပြီးရင် စခန်းကို ပြန်ကြမယ်ဟေ့ ... "

ဦးကိုကိုကံတော့ "ကျွန်တော်ပြောတာကို ယုံပါဗျာ ... လူကုန်ကူးတာ မဟုတ်ပါဘူး နတ်သမီးကို ... "

စသဖြင့် တတွတ်တွတ်ပြောရင်း ပါသွားလေတော့သည်။

အခန်းကျဉ်းလေးထဲမှာတော့ လိပ်ပြာကို အစောကမှဝယ်လာခဲ့သော အဝတ်အထည်တွေကို ဝတ်ပေးလိုက်ပြီး အပြင်ကိုခေါ်ထုတ်လာခဲ့ရသည်။

ရဲတွေ သူမ၏ ဇာတိအမှန်ကို သိမသွား/မြင်မသွားတာကတော့ ဘုရားပေးတဲ့ဆုပင်။ မဟုတ်ရင် ရဲတွေနှင့် အတော်ဖြေရှင်းရဦးမည်။ ကူညီပေးတာမှန်သော်လည်း တစ်ခါတရံမှာ ရဲဆိုတဲ့အမျိုးက အတော်ရစ်တတ်သည်ပဲ။

အခုတော့ အခြေနေက ပြန်လည်အေးချမ်းသွားခဲ့ပြီဖြစ်သည်။ ကြောက်ရွံ့မပြေသေးသည့် သူမကို ဝယ်လာသည့် အင်္ကျီလက်ရှည်ကြီးဖြင့် အတောင်ပံတွေကိုပါ အုပ်ပြီး ဝတ်ပေးထားလိုက်၏။

သူငယ်ချင်းတွေနှင့် ဒေါ်ပွင့်ခက်တို့ကတော့ သူတို့စုံတွဲကိုကြည့်ပြီး အကြည့်ချင်းဆုံမိကြသည်။ သူတို့တွေ ရင်ထဲက အတွေးတစ်ခုတည်းပဲ ဆိုတာကိုတော့ ... ။



www.burmeseclassic.com

www.burmeseclassic.com

## Scene (21)

ပြဿနာတွေ အားလုံးအေးချမ်းသွားပြီး တစ်ရက်မှာ လင်းခက်တို့အိမ်မှာ အားလုံးဆုံမိကြသည်။ လင်းခက်ရော လိပ်ပြာပါ ဒဏ်ရာတွေပျောက်ကင်းသောရက်မှာ တမင်ဆုံတွေ့ကြခြင်းလည်း ဖြစ်၏။

ဆုံတွေ့ရတဲ့အကြောင်းအရင်းကတော့ လိပ်ပြာနှင့်သူ၏ ရှေ့ရေးအတွက် တွေ့ဆုံတိုင်ပင် ဆွေးနွေးပွဲတစ်ခုဟုပင် ဆိုရပေတော့မည်။

"ငါကတော့ မင်းတို့နှစ်ယောက်အတွက် ပြောစရာရှိတာကိုပြောရမှာပဲ … အိမ်ထောင်တစ်ခုမှာ လူမျိုးဘာသာ မတူရင်တောင် ပြဿနာတွေ ဒီလောက်တက်နေတာ … အခုက လိပ်ပြာက နတ်သမီး၊ မင်းက လူသား။ အခြေနေက အတော်ကြီးကို ခြားနားလွန်းနေတယ် … "

"ငါနဲ့လိပ်ပြာ တစ်ယောက်ကိုတစ်ယောက် ဒီလောက်ချစ်ကြတာ။ ဘာပြဿနာ ပါလာမှာလဲ လင်းလင်းထိုက်ရာ … "

"မဟုတ်သေး သူငယ်ချင်း … "

သက်စိုးဦးကပါ ဝင်ပြော၏။

"လူဆိုတာက ပတ်ဝန်းကျင်၊ အသိုင်းအဝိုင်း၊ အဖွဲ့အစည်း စတာတွေနဲ့ ရှင်သန်နေကြရတာလေ … မင်း ရိုးရိုးလေးပဲတွေးစမ်း၊ လိပ်ပြာကို မင်းတစ်သက်လုံး အိမ်ထဲမှာပဲ နေနိုင်းမှာလား၊ ပြီးတော့ … လိပ်ပြာအကြောင်းကို ဘယ်လောက်ကြာအောင် လူတွေမသိအောင် ဖုံးထားနိုင်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ ... သူမကို ငေးကြည့်နေသည်။ သူမကလည်း ထို့အတူ။ အန်တီပွင့်ကတော့ စိတ်မကောင်းဟန်ဖြင့် ခေါင်းကို ငုံ့ထားသည်။

ရှုလိုင်ဖြိုးက ...

"ဦးကိုကိုကတော့ ထောင်ကျသွားပြီထား၊ ကျန်ခဲ့တဲ့ သူ့တပည့်တွေကရော နောက်တစ်ကြိမ် ထပ်ကြိုးစားမလာနိုင်ဘူးလား။ ပြီးတော့ ဒီနိုင်ငံမှာ ဦးကိုကိုလို လူမျိုးတွေ ဘယ်လောက်ရှိမယ်လို့ နင်ပြောနိုင်သလား လင်းခက်"

"ရှုလိုင်ပြောတာမှန်တယ် ... နောက်တစ်ခါဆိုရင် လိပ်ပြာအတွက် အသက်အန္တရာယ်ပါ ရှိလာနိုင်တယ်၊ အခုဟာက အချိန်မီသွားလို့သာပေါ့ သဘော်ပေါ်သာ ပါသွားကြည့်စမ်း ... ငါတို့ဘာတတ်နိုင်မှာလဲ"

သူနှင့်သူမတို့မှာ ပြောစရာစကားမရှိ၊ ပြောသမျှတွေအားလုံးက အမှန်တွေပဲမို့ ရင်ထဲမှာ တစ်စုံတစ်ခုအတွက် ငိုကြွေးပြီး တေမိလုပ်နေကြရသည်။

"ဟုတ်ပါတယ် တူလေးရယ် ... အန်တီတို့လည်း လိပ်ပြာကိုသံယောဇဉ်ရှိတာ မှန်ပေမယ့်လည်း ဒီမှာနေပြီး အချစ်တစ်ခုတည်းအတွက်နဲ့ သက်သက်ဒုက္ခခံမနေစေချင်ပါဘူး၊ ဒီတော့ လင်းခက် ... လိပ်ပြာကောင်းကျိုးအတွက် လာမယ့်တန်ဆောင်မုန်းလပြည့်ညမှာ လိပ်ပြာလေးကို ပန်းကမ္ဘာကိုသာ ပြန်ပို့လိုက်ပါတော့ကွယ် ... "

ပြောပြီး အန်တီပွင့်က ငိုသည်။ သူ့မျက်ဝန်းမှာလည်း အရည်ကြည်တွေ သူမမှာရော ... ။ အားလုံးလည်း စိတ်မကောင်းကြ။

လိပ်ပြာ ဒီကမ္ဘာမှာနေတာ အန္တရာယ်များမှန်း သူကိုယ်တိုင်လည်းသိပါသည်။ လူတွေ၏ အတ္တ၊ လောဘတွေက ကြောက်မက်ဖွယ်ရာအတိ။

သို့သော်လည်း ရင်ထဲက ဆန္ဒက နှလုံးသားတစ်ခုလုံးကို မီးလောင်တိုက်သွင်းနေ၏။

"လိပ်ပြာ အနားမှာပဲ အရိပ်လိုနေပြီး မင်းစောင့်ရှောက်သွားမယ်လို့ထားပါဦး ... မင်းဘဝတစ်ခုလုံးကို ဒီအိမ်လေးထဲမှာပဲ ရှင်သန်ခွင့်ပြုနေရတော့မှာ ... မင်းဘဝရှေ့ရေးအတွက် မင်းဘာမှလုပ်ခွင့်မရနိုင်တော့ဘူး၊ လိပ်ပြာကရော မင်းကို အဲလိုဖြစ်စေချင်မှာတဲ့လား"

" "

...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် လင်းခက် ... အချစ်ဆိုတာ အတူတကွနေထိုင်ပေါင်းသင်းခြင်း တစ်မျိုးကို အဓိပ္ပာယ်ထွက်နေတာမဟုတ်ဘူး၊ ချစ်သူရှေ့ရေးအတွက် ရင်အကွဲခံပြီး စွန့်လွှတ်ပေးဆပ်လိုက်ရတာတွေလည်း ရှိတယ် ... လိုအပ်ရင် အသက်တောင် ပေးနိုင်ရတယ် ... ချစ်တယ် ချစ်တယ်ဆိုတဲ့ ဆန္ဒတစ်ခုလေးအတွက်နဲ့ လိပ်ပြာဘဝကို မနစ်မွန်းစေပါနဲ့ကွာ ... "

အဆုံးမှာတော့ အားလုံး၏ဆန္ဒက သူမကို ပန်းကမ္ဘာကို ပြန်ပို့စေချင်ကြသည်။ တွေးကြည့်တော့လည်း နှစ်ယောက်စလုံးအတွက် ဒါဟာအကောင်းဆုံးနည်းလမ်းတစ်ခုပင် ဖြစ်နေ၏။

"ဟုတ်ပါတယ် ကိုလင်းခက်ရယ် ... လိပ်ပြာလည်း ဒီမှာနေရတာ ပင်ပန်းလှပါတယ် ... ပြီးတော့ လိပ်ပြာအတွက်နဲ့ ကိုလင်းခက် ဒုက္ခခံနေရတာကိုလည်း မကြည့်ရက်တော့ပါဘူး၊ တကယ်တော့ လိပ်ပြာက အားလုံးအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုပါပဲ ... လိပ်ပြာကို ပန်းကမ္ဘာကို ပြန်ခွင့်ပြုပါနော်" ဟု သူမက ငိုရင်းပြော၏။

"မဟုတ်တာ လိပ်ပြာရယ် ... ကိုယ့်ဘဝအတွက် လိပ်ပြာဟာ ဘယ်တော့မှ ဝန်ထုပ်ဝန်ပိုးတစ်ခု မဟုတ်ဘူး။ ကိုယ့်ချစ်သူ အချင်းချင်း ဒီလိုစကားတွေ မပြောပါနဲ့ လိပ်ပြာရယ် ... "

"လိပ်ပြာလည်း ကိုယ့်ကိုအရမ်းချစ်ပါတယ် ... ဒါပေမဲ့ လိပ်ပြာရဲ့ ဖေဖေ မေမေတို့ဆီကိုပဲ ပြန်နေပါရစေ ... ဒါဟာ အကောင်းဆုံးနည်းလမ်းပါပဲ ကိုယ်ရယ် ... အဟင့် ... "

အားလုံးက စိတ်မကောင်းဖြစ်နေကြ၏။ ချစ်လျှက်နှင့်ခွဲခွာရမယ့် ချစ်သူနှစ်ယောက်အဖြစ်ကိုလည်း ထိုင်ကြည့်နေလို့ အင်အားမရှိတော့သည် ကြောင့် အားလုံးအလျှိုလျှို ထွက်သွားကြသည်။

သူနှင့်သူမတို့နှစ်ယောက်သာ တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက် ငိုညည်းရင်း ...



www.burmeseclassic.com

www.burmeseclassic.com



တန့်ဆောင်မုန်းလပြည့်ည ...

ဆေးပေါင်းခတဲ့ည ...

ကြယ်တာရာ နက္ခတ်တွေ စုံတဲ့ည ...

သူတို့အတွက်တော့ ...

အဲဒီညက

ငရဲခန်းည၊

ရှင်တဲ့ည ...

ဒါမှမဟုတ်ရင်တော့ ...

သူတို့နှစ်ယောက်အတွက်တော့

သေမိန့်ကျတဲ့ ညတစ်ညပါပဲ ...



www.burmeseclassic.com

www.burmeseclassic.com

## Scene (22)

ည ...

တန်ဆောင်မုန်းလပြည့်ည၏ အခင်းအကျင်းသည် သာမန်ညတွေနှင့် မတူညီဘဲ တစ်မျိုးတစ်ဖုံ လင်းလက်လှပနေပြီး ထူးခြားသော ညတစ်ညဟု သူသတ်မှတ်ခဲ့ဖူးတာ မှန်သော်ငြားလည်း သူ မခံစားနိုင်တော့ပါ။

ကြယ်ရံများစွာနှင့် လှပစွာ ဝင်းလဲ့နေသော ဖိုးရွှေလမင်းကြီးကလည်း သူ့ကို သရော်သလိုကြည့်နေလေ၏။ လမ်းမဘက်က ပျံ့လွင့်လာသော ကားတွန်းသံများနှင့် လူငယ်အချို့၏ အသံမျိုးစုံတို့ကိုလည်း သူမကြားနိုင်တော့။ သူ့ရင်ထဲမှာ ခံစားချက်တွေ အလဲလဲအပြိုပြို။

သူမလည်း မည်သို့ရှိမည်နည်း။ မျက်ရည်စကိုသာ အဖော်ပြုပြီး တစ်ယောက်ကိုတစ်ယောက် ဆွေးရိပ်ငေးကြည့်နေကြသည်။

သည်လိုညမျိုးမှာ သူတို့ ဘယ်လိုပျော်ရွှင်နိုင်ပါ့မလဲ။ ဒီညဟာ သူတို့ နှစ်ယောက် ခွဲခွာရတော့မယ့်ည။ သူတို့အတွက် နောက်ဆုံးည။

တစ်ယောက်လက်ကိုတစ်ယောက် လက်ချင်းခိုင်ခိုင်တွဲထားကြသည်။ ခံစားချက်အရှိန်ကြောင့် စကားလုံးတွေ ပျောက်ဆုံးနေကြသည်။ ဝမ်းနည်းလွန်းလို့ ငိုကြွေးရသည်ကြောင့် သူမ မျက်လုံးတွေပင် နီရဲအစ်နေလေပြီ။

ဘယ်ဘဝက ဝဋ်ကြွေးများလဲ။ ချစ်လျက်နဲ့ ဝေးကွာရတဲ့အဖြစ်က ရင်ဝကို မီးစနှင့်ထိုးစွနေခဲ့သလို။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါင် ... ဒေါင် ... "

နံရံကပ်နာရီ၏ ညဆယ်နှစ်နာရီထိုးသံ ထွက်ပေါ်လာ၏။ ဒီအသံက သူတို့နှစ်ယောက်အတွက် တခွေခေါင်းလောင်းသံမှန်း နှစ်ယောက်စလုံး သိ ကြပါ၏။

အဘယ်ကြောင့်ဆိုသော် နက္ခတ်လွဲမှားပြီး လူ့ပြည်ကိုရောက်ရှိလာ သော လိပ်ပြာနတ်သမီးလေးကို ဒီလိုည ဒီလိုအချိန်မျိုးမှာပဲ ရာသီခွင် နက္ခတ် တွေနဲ့ ကက်ကင်းရိုက်ပြီး ပြန်ပို့ပေးရမည် မဟုတ်ပါလား။

လိပ်ပြာရောက်လာစဉ်က ပန်းကမ္ဘာမှာ ပန်းဝတ်ရည်တွေ လိုက်စု နေစဉ်မှာ ဖြုန်းခနဲပျောက်ပြီး လူ့ပြည်ကို ရောက်လာခဲ့သလိုမျိုး၊ ခုလည်း သူမ က ပန်းတစ်ပွင့်ကို ပန်းဝတ်ရည် စုပ်သလို ဟန်လုပ်နေရသည်။

ထို့အတူ လင်းခက်ကလည်း ထိုညက အပြုအမူအတိုင်း Angle Magzine ကို ဖတ်နေရပေမည်။ သို့မှ အချိန်အခါရောက်သည်နှင့် လွဲမှား သော နက္ခတ်တို့သည် တစ်ပတ်ပြန်လည်ကာ နေရာမှန် လူမှန်ကို ပြန်ရောက် ပြီး လွဲမှားထားသော တစ်နှစ်တာနက္ခတ်တို့ ပြန်လည်အသားတကျ ဖြစ်သွား မည်ဖြစ်သည်။

"လိပ်ပြာလေး ... "

"ကိုယ် ... "

"လိပ်ပြာကို ကို အရမ်းချစ်တယ်"

"အတူတူပါပဲ ကိုရယ် ... "

မျက်ရည်စတွေက နှစ်ဦးစလုံး၏ မျက်ဝန်းအိမ်မှာ မိုးပုလဲသီးလုံး လေးတွေကို တွဲလွဲခိုနေကြဆဲ။ တဖြည်းဖြည်းနှင့် နှစ်ယောက်စလုံး၏ အခြင်း အာရုံတွေ ဝေဝါးလာခဲ့၏။ ဒါကို သူတို့ သတိပြုမိချိန်မှာတော့ အချိန်အခါ သိပ်နောက်ကျသွားခဲ့ချေပြီ။

မျက်ဝန်းတွေ လေးလံ ...

အာရုံတွေ နောက်ကျို ...

သူ ... အားယူပြီး လိပ်ပြာနာမည်ကို အော်ခေါ်လိုက်သည်။

"လိပ်ပြာ ... "

---



www.burmeseclassic.com

www.burmeseclassic.com



အသံက ထွက်မလာ။

"လိပ်ပြာ ... "

သူ ရေငတ်နေသလို ခံစားနေရပြီး အာခေါင်တွေ သွေ့ခြောက်စေးထန်းနေခဲ့၏။ သူကိုယ်ကလည်း လေထုထဲမှာ မျောလွင့်နေသလို ...

လိပ်ပြာက တဖြည်းဖြည်းမြင့် အခိုးအငွေ့တွေလို ဝေဝါးလှုပ်ခတ်၍ တစ်စစနှင့် မှုန်ပျံဝေးသီ၍သွား၏။ သူ့ရင်ထဲမှာ ကလီစာတွေကို အစိမ်းလိုက်ဆွဲထုတ်ခံလိုက်ရသလို နာကျင်လှစ်ဟသွားသည်။ သည်ခံစားရမှု၏ ရသက အတော်ဆိုးဝါးလွန်းပါ၏။

သူ ... ရှိသမျှအားကို စုစည်းပြီး သူမနာမည်ကို နောက်တစ်ကြိမ် အော်ခေါ်ကြည့်လိုက်သည်။

"လိပ်ပြာ ... "

သည်တစ်ခါတော့ သူ့အသံ အမှန်တကယ်ထွက်သွားခဲ့ပြီဖြစ်သည်။ အခန်းထဲမှာ ပွဲတင်သံပင် ထပ်သွား၏။ အမြင်အာရုံတွေ အတွေးစတွေလည်း အားလုံးကြည်လင် လင်းချင်းနေ၏။

သူ စားပွဲပေါ်ကို အကြည့်ရောက်သွားသည်။

"ဟင်! ... ဒါဘာယ်လိုဖြစ်တာလဲ ... "

အတောင်ပံတပ် ဝတ်စုံလေးနှင့်လှပနေသော မော်ဒန်ကောင်မလေးတစ်ယောက်က Angel Magzine Cover အထက်မှာ အခန့်သား။

အချိုပီဆုံး အပြုံးနှင့် သူ့ကို ပြုံးပြနေသယောင်။

"လိပ်ပြာ ... "

"ဒုန်းဒုန်း! ဒုန်း ... " (တံခါးထုသံ)

"ဟဲ့ လင်းခက် ... စောစောစီးစီး ဘာတွေထအော်နေတာလဲ၊ နိုးရင်လည်း ထတော့ ... အောက်မှာ ငါ့တူကြိုက်တဲ့ မုန့်ဟင်းခါးလုပ်ထားတယ် အန်တီကတော့ ဆိုင်ကို ဒီနေ့စောစောသွားရမှာ ... ထတော့နော်"

"ဩော် ... ဟုတ် ... ဟုတ်ကဲ့ အန်တီပွင့် ... "

ပြီးမှ သူ့တစ်ကိုယ်တည်း ပြုံးလိုက်မိသည်။

"ဟူး! လိပ်ပြာလေး ပြန်သွားမှာကိုစိတ်စွဲပြီး ငါအိပ်မက် မက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ပါလား" ဟု တီးတိုးရွတ်ဆိုကာ ကိုယ်လက်သန့်စင်၍ အိပ်ယာထက်မှ ထလိုက်သည်။

သွားတိုက်နေစဉ်မှာလည်း သူမကို သူသွားတိုက်ဖို့ သင်ပေးစဉ်က အာလုပ်ကျင်းပြီး ထွေးထုတ်ရမည့်အရေတွေကို မျိုချလိုက်တဲ့အကြောင်း သတိရမိသွားကာ သူ ပြုံးလိုက်မိပါသေးသည်။

အားလုံးပြီးတော့ အောက်ထက်က ထမင်းစားစားပွဲမှာဝင်ထိုင်ပြီး အုပ်ဆောင်းကို လှပ်လိုက်၏။ အငွေ့တထောင်းထောင်းထနေသော မုန့်ဟင်းခါးပွဲက သူ့ကို ဆီးကြိုနေ၏။

ထိုအချိန်မှာပဲ ဒေါ်ပွင့်ခက်တစ်ယောက် ဆိုင်သွားရန် အသင့်အနေအထားဖြင့် ရောက်လာပြီး ...

"ကဲ အန်တီ ... ဆိုင်ကိုသွားတော့မယ်၊ ဒီနေ့ည FM ရုံးကို သွားမှာမဟုတ်လား၊ သွားရင် တံခါးတွေကို သေချာပိတ်ခဲ့ဦးနော် ... ဟိုတစ်ခါကလည်း မြို့ကို ဒီအတိုင်းကြီးထားပစ်ခဲ့တယ် ... တော်သေးတာပေါ့ သူခိုးတွေဘာတွေ ဝင်မခိုးလို့ ..."

"ဟုတ်ပါပြီ အန်တီပွင့်ရယ် ... ဒါနဲ့ လိပ်ပြာတစ်ယောက်လည်း မမြင်ပါလား"

"ဘာ ... ဘာရယ်!"

အန်တီပွင့်က သူ့ကို ပြူးပြဲကြည့်ပြီး ပြန်မေးလာသည့် သူလည်း မြန်မြန် ပြောလိုက်ရ၏။

"လိပ်ပြာလေ အန်တီရဲ့ ..."

"ဘယ်က လိပ်ပြာတွေ ပလူတွေက ပါလာရပြန်တာလဲ"

"နတ်သမီးလေ အန်တီပွင့်ရဲ့ ... လိပ်ပြာ နတ်သမီး"

ဒေါ်ပွင့်ခက်က သူ့ကို 'ဒီတစ်ခါတော့ မရတော့ဘူး သနားသေးတယ်' ဆိုတဲ့ အကြည့်နှင့် စိုက်ကြည့်လိုက်ပြီး ...

"လင်းခက် ... တော်ရုံသင့်ရုံပဲ ကောင်းတယ်နော် ... နေ့နေ့ညည ဒီပုံပြင်တွေနဲ့ လူကို အရူးလာလုပ်မနေနဲ့တော့"

"မဟုတ်ဘူးလေ အန်တီပွင့်ရဲ့ လိပ်ပြာနတ်သမီး ..."



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... တော်ပြီ ... ပြောချင်ရင်လည်း ငါပြန်လာမှသာပြောတော့ ခု ငါဆိုင်သွားဖို့ နောက်ကျနေပြီ၊ စောစောရောက်ချင်ပါတယ်ဆိုမှ ဒီပုံပြင် အရှုံးကတစ်မျိုး"

ဒေါ်ပွင့်ခက်က ဖြတ်ပြောပြီး ထွက်သွားတော့ Breakfast စားပွဲမှာ သူတစ်ယောက်တည်း ကြောင်စီစီနှင့်ကျန်နေခဲ့ရ၏။ ငါပဲ အစွဲအလမ်းကြီးလွန်း တာလား။ အန်တီပွင့်က တကယ်ပဲ လိပ်ပြာကို မသိတာလား။ သူ့ကိုယ်သူ လည်း ဇဝေဇဝါ။

ဒါဆို ... ငါ အိပ်မက် မက်နေခဲ့တာပေါ့ ... မဟုတ်သေးပါဘူး ငါနဲ့ တကယ်ချစ်သူတွေ ဖြစ်ခဲ့တာပဲ။

"လိပ်ပြာရေ ... လိပ်ပြာ ... "

တုန့်ပြန်သံ မကြားရ။

"အင်း ... ငါအိပ်မက်ကို တကယ်စိတ်စွဲနေတာပဲနေမှာပါလေ" ဟု တစ်ကိုယ်တည်းတွေးပြီးမှ ဇနီးဇနောင့်ဖြစ်နေသည်ကြောင့် နောက်တစ်ကြိမ် အော်ခေါ်ကြည့်လိုက်မိသေးသည်။

"လိပ်ပြာ ... "

" ... "

သည်အချိန်သာ ဒေါ်ပွင့်ခက်ရှိလို့ကတော့ ဆူခံထိလိုက်မည့်အမျိုး။

နောက်တော့ ... သူဝေခွဲရခက်အနေအထားနှင့်ပင် FM ရုံးကို ထွက် လာခဲ့လိုက်သည်။ ကားကို ဂရုစိုက်မောင်းရင်းမှ တစ်နေရာအရောက်တွင် လူတွေဝိုင်းအုံကြည့်နေသည်ကို တွေ့သဖြင့် သူကားအရှိန်ကို လျှော့ချလိုက် သည်။

"ဟင် ... "

လူတွေကြားထဲမှ အတောင်ပံတဖျတ်ဖျတ်ကို သူ ရုတ်တရက် မြင် လိုက်ရသည်ကြောင့် ကားကို ချက်ချင်းရပ်ကာ အပြေးအလွှား သွားကြည့် လိုက်မိသည်။

"လိပ်ပြာ ... "

လူတွေကို တိုးဝှေ့နေရာမှ နီးစပ်ရာတစ်ယောက်ကို သူမေးကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ဒီမှာ ဘာတွေဖြစ်နေကြတာလဲဗျ ... "

"ဘာမှမဖြစ်ပါဘူး ကြော်ငြာရိုက်ကွင်းလေ ... ခေါင်းလျှော်ရည်ကြော်ငြာဆိုလားပဲ"

"ဩော် ... "

သို့မှ သူသဘောပေါက်သွားပြီး သေချာရှေ့တိုးကြည့်လိုက်မိသည်။ ရိုက်ကွင်းတစ်ခု၏ သမားရိုးကျ အခင်းအကျင်းကို မြင်ရသည်။

"ကဒ်!"

ဒါရိုက်တာအသံအဆုံးမှာ အတောင်ပံဝတ်စုံလေးနှင့် ခေါင်းလျှော်ရည်ဗူးလေးတစ်ဗူးကို ကိုင်ပြီး သရုပ်ဆောင်နေသော ကောင်မလေးက ...

"ဆရာ ... သမီး အဆင်ပြေရဲ့လား"

"အိုကေတယ်သမီး ... ကဲ စက်အဖွဲ့တွေ နေရာရွှေ့မယ်ဟေ့၊ အချိန်လေးရှိတုန်း နောက်တစ်ကဒ်လောက် ဆွဲလိုက်ရအောင်"

ဒါရိုက်တာစကားအဆုံးမှာ စက်အဖွဲ့သားတွေ လာကြည့်နေသူတွေနှင့် သရုပ်ဆောင်ကောင်မလေးပါ လှုပ်လှုပ်ရှရှဖြစ်သွားကြ၏။

သရုပ်ဆောင်ကောင်မလေးက လက်ကလေးတစ်ဖက်ပြကာ ပရိသတ်ကို နှုတ်ဆက်နေရာမှ သူ့ကိုတွေ့သွား၏။ သူကလည်း "ဟင် ... လိပ်ပြာနဲ့တူလိုက်တာ" ဟု တိုးတိုးရွတ်ဆိုမိသွားသည်။

သရုပ်ဆောင်ကောင်မလေးကလည်း သူ့မစိတ်ထဲမှာ ရင်းရင်းနှီးနှီး သိသလို မသိသလို ဒွိဟခံစားရင်း ငေးခနဲ ဖြစ်သွားသည်။

"ကဲ အဆင်သင့်ဖြစ်ရင် သွားကြမယ်ဟေ့" ဆိုသည့် ဒါရိုက်တာ၏ အသံကြောင့် ထိုအခိုက်အတန့်လေးက ပျက်သုန်းသွားသည်။

ရင်ထဲမှာ ဘာရယ်မသိ ဟာဆင်းသွား၏။

ပရိသတ်တစ်ဦး၏ စကားသံကလည်း သူ့ရင်ကို လှုပ်ရှားသွားစေခဲ့သည်။

"လိပ်ပြာလေးက ချစ်စရာကောင်းလိုက်တာ ... ခုနောက်ပိုင်း တော်တော်နာမည်တက်လာတာပဲ ... ချော့လိုက်လှလိုက်တာကလည်း နတ်သမီး



www.burmeseclassic.com

www.burmeseclassic.com



လေးအတိုင်းပဲ”

တိုက်ဆိုင်မှုတွေလား … နာမည်ကလည်း ‘လိပ်ပြာ’ ပဲတဲ့လားကွယ်။

အချိန်တွေ မည်မျှကြာသွားသည်မသိ။ သူတစ်ယောက်တည်းသာ တွေဝေငေးမောနေရင်း ကျန်ခဲ့တော့သည်။ အတော်ကြီးကြာမှ ဒီကနေ့ FM ကနေ နတ်သမီးပုံပြင် အသစ်လွှင့်ရမည်ကို သတိရမိသွားပြီး အမြန်ထွက်လာခဲ့လိုက်သည်။

ရုံးကိုရောက်တော့ …

“နောက်ကျလိုက်တာ လင်းခက်ရာ … ခဏနေ မင်းရဲ့နတ်သမီးပုံပြင် အသစ်လွှင့်ရတော့မှာ”

ဟု လင်းလင်းထိုက်က စီးပြောသည်။

“ဒါနဲ့ … မင်းတို့တွေ လိပ်ပြာကို သိကြလား”

ရုံးက သူငယ်ချင်းအားလုံးက သူ့ကို မမြင်ဘူးသူတစ်ယောက်လို ပြန်ငေးကြည့်နေကြသည်။ သူကလည်း မမေးဘူးဟု တင်းထားသည့်ကြားမှ မေးဖြစ်အောင် မေးလိုက်ပါသည်။

“လိပ်ပြာနတ်သမီးလေကွာ … ”

“ဘာလဲ … အခုလွှင့်မယ့် ပုံပြင်အသစ်နာမည်လား”

သေချာပြီ။ အားလုံးက လိပ်ပြာကို မသိကြ။ သို့ကြောင့် … သူလည်း ဆက်မမေးနေတော့ဘဲ ချော်လဲရောထိုင်သာ လုပ်နေလိုက်တော့၏။

“အေး … ဟုတ်တယ် … ပုံပြင်အသစ်ရဲ့နာမည် … ”

သူပြောပြီး စတီရီရို အခန်းထဲကိုသာ ဝင်ခဲ့လေတော့၏။

ရင်ထဲမှာတော့ … ။



www.burmeseclassic.com

www.burmeseclassic.com

## Scene (23)

အအေးဆိုင် တစ်ဆိုင်ထဲတွင် ဖြစ်သည်။

လူငယ်သုံးယောက် ရှိနေကြသည်။

'မေသူ' အမည်ပေါက် ကောင်မလေးတစ်ယောက် ဟန်းဆက်တစ်လုံးကို စားပွဲပေါ်သို့ တင်ထား၏။

ကောင်လေးနှစ်ယောက်ကလည်း ငြိမ်သက်နေ၏။ တစ်ယောက်က ငြိမ်နေရာမှ ...

"မေသူ ... နင့် FM ရဲ့ Story FM ဆိုတာက ခုထိမလာသေးဘူးလား"

"နင်ပဲကြော်ငြာပြီးရင်လာမှာဆို ... နင် အညွှန်းကောင်းလွန်းလို့ နတ်သမီးပုံပြင်လေး နားထောင်ကြည့်မလို့ဟာကို ... " ဟု နောက်တစ်ယောက်ကပါ ဝင်ပြော၏။

"ဟုတ်ပါ့ ... ဒီနေ့မှ နောက်ကျနေရတယ်လို့ ငါကြားထားလို့လားမသိဘူး၊ ဒါပေမဲ့ ... လာမှာပါ ... ခဏစောင့်၊ အဲအဲ ... လာပြီ လာပြီ သေချာနားထောင်ကြတော့ ... "

ပြောပြီး သုံးယောက်သား ငြိမ်သက်စွာ နားထောင်နေကြတော့သည်။

" ... အားလုံးပဲ မင်္ဂလာပါခင်ဗျာ ... ကျွန်တော်တို့ Angel FM ရဲ့ Story FM ကဏ္ဍလေးကို ရောက်ရှိလို့လာပါပြီ ... ဒီကနေ့ ပြောပြမယ့် နတ်သမီးပုံပြင်အသစ်ကလေးကတော့ ပန်းကမ္ဘာလေးထဲကနေ နတ်မှာပြီး



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတဲ့ နတ်သမီးလေးတစ်ပါးနဲ့ လူသားကောင်လေးတစ်ယောက်တို့ရဲ့ သိမ်မွေ့နက်နဲသော ချစ်မေတ္တာဘွဲ့ ပုံပြင်လေးပဲဖြစ်ပါတယ် ... ပုံပြင်လေးရဲ့ နာမည်ကတော့ 'လိပ်ပြာနတ်သမီး'တဲ့ ... ကဲ အားလုံးပဲ နားသောတဆင်ကြပါစို့ဗျာ ... ... ..."

လူငယ်လေး သုံးယောက်တို့သည် FM လိုင်းတစ်ခု၏ သိမ်းသွင်းမှုအောက်တွင် ပီရိသေသပ်စွာ စီးမျောသွားကြပြီ ဖြစ်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## (Ending.....)

FM တစ်ခု၏ Studeio ခန်းတစ်ခန်းထဲတွင် လူငယ်တစ်ယောက်သည် ပုံပြင်တစ်ပုဒ်ကို အသံလွှင့်ပြောပြထုတ်လွှင့်နေရင်း ငိုကြွေးနေသည်ကိုတော့ မည်သူမှ္ သတိမထားမိလိုက်ကြချေ ... ။

**The End ....**

စာတ်လမ်းတစ်ပုဒ် ပြီးဆုံးသွားတဲ့အခါ
နောက်ထပ် ဇာတ်လမ်းတစ်ပုဒ်က အစပျိုးဖို့အတွက်
အဆင်သင့် ဖြစ်နေစမြဲပါပဲ ... ။

လေးစားကြိုးစားလျက်မှ ...

မင်းတခေတ်

(13.10.2013 - 10:10:00AM)

E-mail - mintakhit11@gmail.com
facebook - မင်းတခေတ်
Page - မင်းတခေတ် ဝေဖန်ရေးနှင့် သူ၏ပရိသတ်များ တွေ့ဆုံဆွေးနွေးရာ
Ph - 09 401667545



www.burmeseclassic.com

www.burmeseclassic.com



## မင်းတခေတ် ၏ ထုတ်ဝေပြီး လုံးချင်းစာအုပ်များ

(၁) တက်တူး(TATTOO) (ဒါရိုက်တာကြည်ဖြူသျှင်၊ သရုပ်ဆောင်–ကောင်းပြည့်၊ ချစ်သုဝေ)

(၂) တားရော့(TAROT) (ဒါရိုက်တာ ပြည်ဟိန်းသီဟ၊ သရုပ်ဆောင်–မြင့်မြတ်၊ မိုးဟေကို)

(၃) ဗန်ပိုင်ယာ(VAMPIRE) (ဒါရိုက်တာ ဝိုင်း၊ သရုပ်ဆောင်–စိုင်းစိုင်းခမ်းလှိုင်၊ ဖွေးဖွေး)

(၄) ရိုဘော့(တ်)(ROBOT)

(၅) ပရော်ဖက်ရှင်နယ်(PROFESSIONAL) (ဒါရိုက်တာ ကြည်ဖြူသျှင်၊ သရုပ်ဆောင်–ကောင်းပြည့်၊ ဝိုင်းစုခိုင်သိန်း)

(၆) လပ်(ဗ်)စတိုရီ(LOVESTORY)

(၇) သရီးမိနစ်(THREE MINUTES) (ဒါရိုက်တာ ကြည်ဖြူသျှင်၊ သရုပ်ဆောင်– ကောင်းပြည့်၊ ချစ်သုဝေ)

(၈) *နိုင်းနိုင်းနိုင်း* (*999*) (ဒါရိုက်တာ ကြည်ဖြူသျှင် ဝယ်ယူထားသည်)

(၉) မိုင်း (MIND) (သရုပ်ဆောင်နေမင်း ဝယ်ယူထားသည်)

(၁၀) မာစတာဘရိန်း(MASTER BRAIN) (ဒါရိုက်တာ ကြည်ဖြူသျှင်၊ သရုပ်ဆောင်–ကောင်းပြည့်၊ ဝတ်မှုန်ရွှေရည်)

ယခုလ .....

(၁၁) အိန်ဂျယ်စတိုရီ(ANGEL STORY) (ဒါရိုက်တာ ကြည်ဖြူသျှင်၊ သရုပ်ဆောင်–ကောင်းပြည့်၊ ခင်ဝင့်ဝါ၊ ဖွင့်)

ဆက်လက်၍ .....

(၁၂) အိပ်ဇစ် (EXIT)



www.burmeseclassic.com